# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၅၈]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)

# မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာနှင့် ရေစက်ချအောင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာ သင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အောင်မောဋ္ဌိတောင်ညွန့်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော် ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူငယ်နှင့် လူမှုကွန်ရက်

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဆင်းကတ်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုလာနိုင်ပြီးနောက် မီဒီယာတစ်မျိုးဖြစ်သည့် လူမှုကွန်ရက်အသုံးပြုမှုမှာလည်း လျင်မြန်စွာကျယ်ပြန့်လာလျက်ရှိပါသည်။ မိုဘိုင်းဖုန်းအသုံးပြုသူလူငယ်နှင့်လူလတ်ပိုင်းအများစုသည် Facebook နှင့် viber တို့ကိုအသုံးပြုနေကြပြီဖြစ်ပါသည်။ လူမှုကွန်ရက်သည်အလျင်မြန်ဆုံးသော မီဒီယာဖြစ်ပါသည်။

ဤသို့လူမှုကွန်ရက်မီဒီယာကို အသုံးချလာနိုင်ခြင်းသည်ကောင်းမွန်သော်လည်း အခြားတစ်ဖက်တွင်လည်း မကောင်းသောဆိုးကျိုးရိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မည်သည့်နေရာတွင်မဆို ကောင်းဆိုးနှစ်တန်သည် ဒွန်တွဲလျက်ရှိသည်ဆိုသော်လည်း ကောင်းသည်ကိုယူပြီး မကောင်းသည်ကိုအသိသတိဖြင့် ဆင်ခြင်သုံးသပ်ဖယ်ရှားနိုင်မှသာ ဆိုးကျိုးရိုက်ခတ်မှုအန္တရာယ်များမှ ကျော်လွှားလွတ်မြောက်နိုင်မည် ဖြစ်ပါသည်။

Facebook စာမျက်နှာများတွင် သတင်းအချက်အလက်များကို လျင်မြန်စွာကြားသိခွင့်ရရှိနေပါသည်။ ဗဟုသုတဖြစ်ဖွယ်ရာစာပေအများအပြား ဖတ်ရှုလေ့လာခွင့်ရရှိနေသည်။ စာအုပ်စာစောင်များအစား Facebook ကို ကြည့်ရှုကြသည့်အလေ့အထများတိုးပွားလာလျက်ရှိပါသည်။ လူတို့၏စာဖတ်သည့် ယဉ်ကျေးမှုသည် လမ်းကြောင်းပြောင်းလဲလာသည်ဟုဆိုရမည်ဖြစ်ပါသည်။ လူမှုကွန်ရက်မှ သတင်းအချက်အလက်နှင့်ဗဟုသုတဖြစ်ဖွယ်ရာများ သိရှိလေ့လာနိုင်ခြင်းသည်ကောင်းမွန်သောစရိုက်လက္ခဏာများပင် ဖြစ်ပါသည်။

သို့သော်လူငယ်အချို့သည် လူမှုကွန်ရက်ကိုအသုံးချ၍ ရင်းနှီးမှုကိုရယူကြသည်။ ရင်းနှီးရာမှချစ် ကြိုက်ကြသူများလည်းအများအပြားရှိသည်ကို ကြားသိနေရသည်။ ဤသို့ရင်းနှီးချစ်ခင်မှုကို အခွင့်ကောင်းယူ၍ ကာမဂုဏ်အမြတ်ထုတ်မှုများ၊ လိမ်ညာလှည့်ဖြားမှုများ၊ ပစ္စည်းလုယက်မှုများမကြာခဏပေါ်ပေါက်လျက်ရှိသည်။ အထူးသဖြင့် Facebook နှင့် viber အသုံးပြုများသောအမျိုးသမီး ငယ်ရွယ်သူအချို့တွင် ထိုကဲ့သို့ဖြစ်စဉ်များတွေ့ရလေ့ရှိပါသည်။ ကောင်းမွန်သောလူမှုကွန်ရက်ကို တလွဲအသုံးချမှုများ များပြားလာလျက်ရှိသည်။ အမျိုးသမီးငယ်အချို့သည် လူမှုကွန်ရက်မှတစ်ဆင့် လိမ်ညာလှည့်ဖြားမှုများနှင့်ရင်ဆိုင်နေကြရသည်။ ဤသို့မဖြစ်သင့်၊ မဖြစ်ထိုက်သောဖြစ်ရပ်များဖြစ်ပေါ်နေခြင်းသည် အုပ်ထိန်းသူမိဘများတွင်အများဆုံးတာဝန်ရှိသည်။ "သားသမီးမကောင်း မိဘခေါင်း" ဟုဆိုသည့်အတိုင်း မိဘများတွင် အဓိကတာဝန်ရှိသည်။

အချို့သောမိဘများသည် မူလတန်းအရွယ်ကလေးများကိုပင် တန်ဖိုးကြီးသောမိုဘိုင်းဖုန်းများကို ဂုဏ်တုဂုဏ်ပြိုင်ပေးကိုင်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။ ဤသည်မှာ မိဘများကသားသမီးများကို "ချစ်ရာမရောက်ဘဲ နှစ်ရာရောက်"သည်ကို သတိပြုသင့်ပေသည်။ မိုဘိုင်းဖုန်းများမှ ရရှိနိုင်သောဗဟုသုတထက် ဆိုးရွားသော စရိုက်အမူအကျင့်များ ကလေးများတွင် ရရှိသွားနိုင်သည်။ သို့ဖြစ်၍ လူမှုကွန်ရက်ကို အသုံးပြုနေကြသော လူငယ်လူရွယ်များအနေဖြင့် အသိသတိရှိစွာအသုံးပြုသင့်သလို မိဘအုပ်ထိန်းကြသူများအနေဖြင့်လည်း မိမိတို့သားသမီးများ လူတော်လူကောင်းများဖြစ်စေရန် တလွဲဆံပင်ကောင်း မလုပ်မိကြစေရန် သတိပြုသင့်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်းသို့ မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်များဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခွင့်ပြုကျွန်းစုများသို့ စက်တပ်ရွက်လှေများဖြင့် လည်းကောင်း သွားရောက်လည်ပတ်လျက်ရှိသည်။

Mysterious Myanmar Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩစတြေးလျနိုင်ငံခြားသားဧည့်သည် ၁၃ ဦးတို့သည် နိုဝင်ဘာ ၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာပြီး ရန်ကုန်၊ ပဲခူး၊ ကျိုက်ထီးရိုး၊ ဘားအံ၊ ရေး၊ ထားဝယ် ခရီးစဉ်များကို ပြည်တွင်းမှ မော်တော်ဆိုင်ကယ်များဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် ထားဝယ်မြို့မှ မြိတ်မြို့သို့လည်းကောင်း၊ မြိတ်မြို့မှ ကော့သောင်းမြို့သို့ ရှပ်ပြေးအမြန်ရေယာဉ်ဖြင့် လည်းကောင်း သွားရောက်လည်ပတ်ခဲ့ကြပြီး ကော့သောင်းမြို့မှတစ်ဆင့် မြိတ်ကျွန်းစုများသို့ MV.Sea World (၁)မှစက်လှေဖြင့် လည်ပတ်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၈ ရက်တွင် ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ထို့အပြင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ကော့သောင်းရုံးခွဲ၏စီစဉ်မှု၊ ထိုင်းနိုင်ငံသားပိုင်နှင့်မြန်မာနိုင်ငံသားပိုင် ခရီးသွားကုမ္ပဏီများ၏စီစဉ်ဆောင်ရွက်မှုဖြင့် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ စက်တပ်ရွက်လှေများဖြင့် ကော့သောင်းခရိုင်အတွင်းရှိ ကော့သောင်း၊ အောက်ကျွန်းနီကျွန်း၊ မြန်မာဘန့်၊ မြောက်တော်ဝင်ကျွန်း၊ ၁၁၅ကျွန်း၊ ညောင်ဝီးကျွန်း၊ လန်ပိကျွန်း၊ ဝအလယ်ကျွန်း၊ ကျွန်းဖီလာကျွန်း၊ ခရင်းခွကျွန်း၊ နာနတ်သီးကျွန်း၊ ငမန်းကျွန်း၊ ကိုဖော့ကျွန်း၊ လိုဏ်ဂူကျွန်း၊ ခေါင်ညိုကြီးကျွန်း၊ စေတန်ကျွန်းများသို့ ဩစတြေးလျနှစ်ဦး၊ ဩစတြီးယားခြောက်ဦး၊ ဘယ်လ်ဂျီယံတစ်ဦး၊ ဗြိတိန် ၁၉ ဦး၊ ကနေဒါခြောက်ဦး၊ တရုတ် ၂၉ ဦး၊ ဒတ်ချ်လေးဦး၊ ဖင်လန်တစ်ဦး၊ ဂျာမနီ ၁၃ဦး၊ အီတလီတစ်ဦး၊ ဂျပန်တစ်ဦး၊ မလေးရှား ၁၀ ဦး၊ နယူးဇီလန်တစ်ဦး၊ ရုရှားခုနစ်ဦး၊ စင်ကာပူတစ်ဦး၊ စပိန်တစ်ဦး၊ ဆွစ်ဇာလန်တစ်ဦး၊ ထိုင်း ၁၁ဦး၊ အမေရိကန်နှစ်ဦးတို့ လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၆**

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)က ကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပရာ ကျောင်းတိုက်ပဓာနနာယကဆရာတော် သာသနဓဇ သီရိပဝရဓမ္မာစရိယအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသက ဩဝါဒစကား မိန့်ကြားတော်မူသည်။

ထို့နောက် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်းဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များကို ရှောင်ရှားနိုင်ရန် ဟောပြောပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံ မူးယစ်ကြီးကြပ်ရေးမှူး ဦးမြင့်အေး(ရူပဗေဒ)က မူးယစ်ဆေးဝါးဆိုးကျိုးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ်အကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန(ရန်ကုန်) ပြန်လည်ထူထောင်ရေးစခန်းမန်နေဂျာ ဒေါ်အေးအေးလွင်က မူးယစ်ဆေးစွဲဖြတ်ထားသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသွားခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




# သာကေတမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက်က သာကေတမြို့နယ် မြင်တော်သာလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**အောင်အောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

# သာမညဖလအခါတော်နေ့ (တန်ဆောင်မုန်းလပြည့်) နေပြည်တော်တစ်ဝန်း၌ ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့သည် သာမညဖလ အခါတော်နေ့ (တန်ဆောင်မုန်းလပြည့်နေ့) ဖြစ်သည်နှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင်၌ ညနေ ၆ နာရီမှစ၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် ဝတ်ရွတ် ပူဇော်ပွဲများကျင်းပရာ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။**(ယာပုံ)**

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဓာတုဇယ ဓာတ်ပေါင်းစုစေတီ၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိဏမာန်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားများနှင့် လယ်ဝေးမြို့နယ် ဖောင်တောင်ချက်မ၊ ရန်အောင်မြင်ရွှေလက်လှဘုရားနှင့် တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာဘုရားတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် ရေပူစမ်းတို့တွင်လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်အတွင်းရှိ ရပ်ကွက်များနှင့် မြို့နယ်များတွင် နောင်သံသရာခရီးတွင် အထောက်အပံ့ဖြစ်စေရန် နိဗ္ဗာန်ဈေးပွဲတော်များကို ညနေပိုင်းမှစတင်၍ ကုသိုလ်ပြုလှူဒါန်းသံများဖြင့် စည်ကားလျက်ရှိသည်။

နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပရခြင်းသည် မြတ်စွာဘုရား၏ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော စကားတော်ကိုလည်းကောင်း၊ မြတ်စွာဘုရား၏ ကိုယ်စားတော်ဖြစ်ကုန်သော ဥဒ္ဒိဿစေတီ၊ ဓာတုစေတီတို့သည်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ သုံးဆောင်တော်မူရာ ဖြစ်သောသပိတ်၊ သင်္ကန်းစသော ပရိဘောဂစေတီတို့သည်လည်းကောင်း၊ သံဃာရတနာသည်လည်းကောင်း ကုန်မျိုးစုံရောင်းသော ဈေးရုံမည်၏။

ကုန်မျိုးစုံရောင်းသော ဈေးရုံ၌ မြတ်စွာဘုရား ဟောကြားတော်မူသည့် နိဗ္ဗာန်ချမ်းသာနှင့် ပြည့်စုံမှု 'နိဗ္ဗာနသမ္ပတ္တိ' ဟူသော ကုန်ကို ဖြန့်ခင်းအပ်၏ ဟူသည့် တရားတော်အတိုင်း နိဗ္ဗာန်ဈေးပွဲတော်များကို နှစ်စဉ်မပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် စေတီပုထိုးများတွင် တန်ဆောင်မုန်းလပြည့်နေ့ ဘုရားဖူးသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့ပေါ်၌ ယနေ့ နံနက် အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီး အထင်ကရ ဘုရားပုထိုးစေတီတော်များနှင့် ဓမ္မာရုံများတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် မသိုးသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာဌာနအသီးသီးတွင် ကုသိုလ်ဒါနပြုခြင်းများ၊ ဆီမီးထွန်းပူဇော်ပွဲများကို အစဉ်လာမပျက် ကျင်းပလျက်ရှိပြီး အထူးစည်ကားလျက်ရှိသည်။





ရှေးဦးစွာ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ထွန်းညှိခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်၍ တရားဘာဝနာအားထုတ်ကြသူများနှင့် ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နံနက် ၅ နာရီခွဲတွင် မန္တလေးမဟာမုနိဂေါပကအဖွဲ့က ကြီးမှူး၍ မဟာမုနိ ရုပ်ရှင်တော်မြတ်အား (၂၆) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ အလှူရှင်များနှင့် တက်ရောက်ကြည်ညိုကြသည်။

မဟာမုနိဘုရားကြီး ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တဘက်တော်ကို လည်းကောင်း၊ သင်းပိုင်သင်္ကန်းတော်ကို ဝန်ကြီးချုပ်၏ ဇနီးနှင့်တာဝန်ရှိသူများကလည်းကောင်း၊ ဧကသီသင်္ကန်းတော်ကို မဟာမုနိဂေါပကအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းနှင့် စက်ချုပ်ပညာရှင်များ၊ မဟာမုနိဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဓမ္မစကြာဝတ်အသင်းများက ကိုင်ဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်၍ သင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။

ညပိုင်းတွင် စွယ်တော်မြတ်စေတီတော်၊ မန္တလေးကျောက်တော်ကြီး ကုသိုလ်တော်၊ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ မဟာလောကရန်နိုင်အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းရ ဆုတောင်းပြည့် ဘုရား၊ ဘုရားနီဘုရားနှင့် တန်ခိုးကြီးဘုရား စေတီတော်တို့အပြင် မန္တလေး-ရန်ကုန် အမြန်ကားလမ်းမကြီး မိုင်တိုင် ၃၆၁ အနောက်ဘက်ရှိ မြန်မာနိုင်ငံ၏ ကမ္ဘာ့ပထမဦးဆုံးဖြစ်သည့် အဖိုးတန်ကျောက်စိမ်းများဖြင့် တည်ထားသော ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၌လည်း ဘုရားဖူးလာသူများဖြင့် ကြိတ်ကြိတ်တိုးအထူးစည်ကားလျက်ရှိပြီး ဘုရားဖူးလာပြည်သူများ၊ တရားဘာဝနာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ သာမညဖလအခါတော်နေ့ ဒါနပြုသူများဖြင့် စည်ကား

**ရန်ကုန် နိုဝင်ဘာ ၂၆**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင် မီးထွန်းညှိပူဇော်ပွဲကျင်းပသည့် လ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲများကျင်းပသည့်လ ဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ည၌ မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီးအမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုရသော အကျိုးပြသည့် သာမညဖလသုတ်တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလအခါတော်နေ့ဖြစ်သည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၁) ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲမှရရှိသော မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့် အရုဏ်တက်ချိန်၌ စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူ၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် စုစုပေါင်း ရုပ်ပွားတော် ကိုးဆူအား ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး နံနက် ၅ နာရီတွင် စေတီရင်ပြင်တော် တောင်ဘက်ဧည့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်းတော်ကြီး တင်လှူဆက်ကပ်ပူဇော်ကြသည်။ **(ယာပုံ)**

ထို့အပြင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ မသိုးရွှေကြာသင်္ကန်းကပ်လှူခြင်း၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ မသိုးရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ရွှေဘုန်းပွင့်စေတီတော်မြတ်၌ မသိုးရွှေကြာသင်္ကန်းကပ်လှူသည့်အခမ်းအနားများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီး ဘုရားပုထိုးစေတီကျောင်းကန်အသီးသီး၌ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းကြသူများ၊ ဘုံကထိန်ပဒေသာပင် လှည့်လည်သူများ၊ သာမညဖလအခါတော်နေ့ ကျင်းပကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်းသီလခံယူဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးများပြားခဲ့ကြပြီး ဥယျာဉ်ပန်းခြံများ၌လည်း အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဌာနဆိုင်ရာရုံးများ၊ နေအိမ်တိုက်တာများ၌ ဗုဒ္ဓမြတ်စွာဘုရားအားရည်မှန်းကာ ရောင်စုံမီးထွန်းညှိပူဇော်ခြင်း၊ မြို့ရွာ၊ ရပ်ကွက်၊ လမ်းအသီးသီးတို့၌ မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်ဈေး အလှူတော်ပွဲများ၊ စတုဒိသာကျွေးမွေးဧည့်ခံလှူဒါန်းမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကာတွန်းပြပွဲများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# ရုရှားကဆီးရီးယားသို့ လေကြောင်းကာကွယ်ရေးစနစ်ပေးပို့၊ လေယာဉ်ပစ်ချခဲ့ခြင်းအပေါ် တူရကီတောင်းပန်မည်မဟုတ်ဟုဆို

**မော်စကို နိုဝင်ဘာ ၂၆**

တူရကီက ရုရှားစစ်ဘက်လေယာဉ်တစ်စင်းကို ဝေဟင်ပိုင်နက်ကျူးကျော်မှုဖြင့် ပစ်ချလိုက်ပြီးနောက် ရုရှားကဗုဒ္ဓဟူးနေ့တွင် တူရကီဝေဟင်ပိုင်နက်အနီး လေကြောင်းပျံသန်းမှုပြုလုပ်နေသော ၎င်းတို့၏လေယာဉ်များကို ကာကွယ်ပေးရန် ဆီးရီးယားသို့ ဒုံးပျံကာကွယ်ရေးစနစ်တစ်ခု ပေးပို့လိုက်သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားတို့က တူရကီနယ်စပ်အနီးလေကြောင်းပျံသန်းမှုများ ဆက်လက်ပြုလုပ်သွား မည်ဟုဆိုသည်။ ရုရှားလေတပ်က ဗုဒ္ဓဟူးနေ့က လာတာကီးယားဒေသကို ဗုံးကြဲချမှုများပြုလုပ်နေစဉ် ပစ်ချခံရခြင်းဖြစ်ကြောင်း သူပုန်အဖွဲ့က ပြောသည်။

အမေရိကန်နှင့်အီးယူတို့က ရုရှားနိုင်ငံခြားရေးဝန်ကြီး လာဗ်ရော့ဗ်ထံ ငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းလိုက်ပြီး စစ်အေးခေတ်ရန်သူဟောင်းများအကြား တင်းမာမှုများမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။ အင်္ဂါနေ့ကပစ်ချခံရသော အဆိုပါဖြစ်စဉ်သည် ရာစုနှစ်ဝက်အတွင်း နေတိုးအဖွဲ့ဝင်နှင့်ရုရှားတို့အကြား တင်းမာမှုများ အရှိန်မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

တူရကီသမ္မတအာဒိုဂန်က အဆိုပါဖြစ်စဉ်အတွက် တောင်းပန်မှုပြုလုပ်မည်မဟုတ်ကြောင်း၊ တူရကီနိုင်ငံ၏လုံခြုံရေးကို ရိုးသားစွာကာကွယ်နိုင်ခွင့်ရှိကြောင်း၊ ရှင်းလင်းသည့် တူရကီနိုင်ငံ၏မူဝါဒကို ပြောင်းလဲမည်မဟုတ်ကြောင်း အာဒိုဂန်က ပြောသည်။ **(ရိုက်တာ)**



# အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် မာကယ်နှင့်ဟော်လန်း သဘောတူ



**ပါရီ နိုဝင်ဘာ ၂၆**

ဧည့်သည်တော် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းတို့သည် နိုဝင်ဘာ ၂၅ ရက်က အကြမ်းဖက်မှုများအတူတကွတိုက်ဖျက်နှိမ်နင်းရန် သဘောတူဆုံးဖြတ်ချက်ချခဲ့ကြသည်။

မိမိတို့ ပြည်သူပြည်သားများနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန် လိုအပ်သောလုပ်ဆောင်မှုများအားလုံးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မည်သည့်နိုင်ငံမှ လုံခြုံမှုမရှိတော့ကြောင်း ပြင်သစ်သမ္မတဟော်လန်းက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောဆိုလိုက်သည်။

စစ်သွေးကြွများကို အမြစ်ဖြုတ်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရှိရန် ဆီးရီးယားနှင့်အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် ဆိုရှယ်လစ်ခေါင်းဆောင်က ဂျာမနီကို တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

"အကယ်၍ ဂျာမနီက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်လာလျှင် အလွန်ကိုကောင်းမွန်သော အကြမ်းဖက်နှိမ်နင်းရေး အချက်ပြမှုပင်ဖြစ်ကြောင်း" ၎င်းက ပြောကြားလိုက်သည်။

မာကယ်က ဂျာမနီစစ်သား ၆၅၀ ကို ပြင်သစ်ဦးဆောင်သော ငြိမ်းချမ်းရေးတပ်ဖွဲ့ကိုကူညီရန် မာလီသို့ စေလွှတ်လိုက်ကြောင်း ပြောကြားလိုက်သည်။

အိုင်အက်စ်စစ်သွေးကြွများကို အပြောနှင့်မဟုတ်ဘဲ လက်တွေ့တိုက်ခိုက်ရန်လိုအပ်ကြောင်း၊ သို့သော်လည်း ဆီးရီးယားကို နိုင်ငံရေးနည်းလမ်းဖြင့် တည်ငြိမ်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ အဆိုးရွားဆုံးတိုက်ခိုက်ခံရမှုကြောင့် ပြင်သစ်သမ္မတဟော်လန်းသည် အဓိကနိုင်ငံခေါင်းဆောင်များနှင့် အဆက်မပြတ်တိုင်ပင် နှီးနှောမှုများပြုလုပ်ပြီး အိုင်အက်စ်တို့ကိုတိုက်ခိုက်ရန် အင်အားကြီးမားသည့် နိုင်ငံတကာပေါင်းစုအားကိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ **(ဆင်ဟွာ)**

# အာဖဂန်ဆေးရုံကို မှားယွင်းလေကြောင်းတိုက်ခိုက်မှု လူ့အမှားကြောင့်ဟု အမေရိကန်စစ်သေနာပတိပြော

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

လွန်ခဲ့သောလက အာဖဂန်ဆေးရုံကို အမေရိကန်တို့ လေကြောင်းတိုက်ခိုက်မှုပြုခြင်းသည် လူ့အမှားကြောင့်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်များဆိုင်ရာ စစ်သေနာပတိ ဂျွန်ကမ့်ဘဲလ်က နိုဝင်ဘာ ၂၅ ရက်က ပြောခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်အချို့သည် စေ့စပ်ညှိနှိုင်းသဘောတူညီမှုကို မလိုက်နာကြောင်း ၎င်းကပြောကြားလိုက်သည်။ အမေရိကန်စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များက ဆေးရုံအဆောက်အအုံကိုအဝေးမှကြည့်လျှင် စစ်မြေပြင်ရှိ တခြားအဆောက်အအုံများနှင့်တူသောကြောင့် မှားယွင်းတိုက်ခိုက်ခြင်းဖြစ်ကြောင်း ကမ့်ဘဲလ်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ရုရှားတွင် ရဟတ်ယာဉ်ပျက်ကျ လူ ၁၅ ဦးသေဆုံး



**မော်စကို နိုဝင်ဘာ ၂၆**

Mi-8 ရဟတ်ယာဉ်တစ်စင်းသည် ရုရှားနိုင်ငံ ကာရက်စ်နိုရာ့စ်ဒေသတွင် နိုဝင်ဘာ ၂၆ ရက်က ပျက်ကျခဲ့ရာ ယာဉ်ပေါ်ပါ လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားအရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီးဌာနက ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းသုံးဦးနှင့် ခရီးသည် ၂၂ ဦး အပါအဝင် စုစုပေါင်း ၂၅ ဦးရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက်ရှင်ကျန်ရစ်သော လူ ၁၀ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီ၏ ဖော်ပြချက်ကိုကိုးကား၍ ပို့ဆောင်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အော့စ်ဆာနာဂေါ်ဘူနိုဗာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ ကာရက်စ်နိုရာ့စ်ဒေသ ရေနံနယ်မြေသို့ပျံသန်းစဉ် အစ်ဂါကာလေဆိပ်အနီးတွင်ပျက်ကျခဲ့ခြင်းဖြစ်ပြီး ရေနီဆေးမြစ်၏ တောင်ဘက်မြစ်ကမ်းပါးပေါ်တွင် အပျက်အစီးအပိုင်းအစများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားလေ့လာစုံစမ်းရေးကော်မတီ၏ ဖော်ပြချက်တွင် ဖော်ပြပါရှိသည်။

လေယာဉ်မည်သည့်အကြောင်းကြောင့် ပျက်ကျခဲ့သည်ကို မသိရသေးပေ။ နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဖြစ်နိုင်ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြသည်။ **(ဆင်ဟွာ)**

# ၂၀၁၅ ခုနှစ် ကမ္ဘာကြီးပူနွေးမှု စံချိန်သစ်တင်ဖွယ်ရှိ

**ကုလသမဂ္ဂ နိုဝင်ဘာ ၂၆**

ယခုနှစ် ၂၀၁၅ ခုနှစ်သည် စံချိန်သစ်တင် ပူနွေးသည့်နှစ်တစ်နှစ်ဖြစ်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂမိုးလေဝသအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြသည်။

ထိုအတောအတွင်း ၂၀၁၅ ခုနှစ် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် စက်မှုခေတ်မတိုင်မီကထက် တစ်ဒီဂရီဆဲလ်စီးရပ် ပိုမြင့်နိုင်ကြောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့(ဒဗလျူအမ်အို)က ငါးနှစ်တစ်ကြိမ်သုံးသပ်ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းကဲ့သို့ ကမ္ဘာကြီးစံချိန်တင်ပူနွေးလာရခြင်းသည် အယ်လ်နီညိုရာသီဥတု အားကောင်းလာမှုနှင့် လူ့ပယောဂကြောင့်၊ ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့၏ထုတ်ပြန်မှုအပေါ် ကုလသမဂ္ဂဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ကုလသမဂ္ဂကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

အဆိုပါ အစီရင်ခံစာအရ ၂၀၁၁-၂၀၁၅ ငါးနှစ်တာကာလအတွင်း အပူနွေးဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။ ရာသီဥတုဆိုင်ရာညှိနှိုင်းရေးမှူးများလာမည့် တနင်္လာနေ့တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုညီလာခံအတွက် စုရုံးစည်းဝေးရန် ပါရီသို့ရောက်ရှိလာချိန် အဆိုပါအစီရင်ခံစာထွက်ပေါ်လာခြင်းဖြစ်သည်။

"၂၀၁၅ ခုနှစ်ရဲ့ ကမ္ဘာ့ရာသီဥတုဟာ စံချိန်သစ်တင်မယ့် အကြောင်းတရားတွေများစွာရှိနေပါတယ်" ဟု ဒဗလျူအမ်အို အတွင်းရေးမှူးချုပ် မိုက်ကယ်ဂျာရွတ်က ပြောသည်။ **(ဆင်ဟွာ)**



# ဘဏ္ဍာရေး၏စတုတ္ထမဏ္ဍိုင် ငွေအရင်းအနှီးဈေးကွက်အတွက် စတော့အိတ်ချိန်းရှယ်ယာရောင်းချမှု ၂၀၁၆ နှစ်ဆန်းတွင် စတင်မည်

**"မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ဟာ မြန်မာနိုင်ငံထက် ၁၅ နှစ်စောတဲ့ ဗီယက်နမ်စတော့ဈေးကွက်ကို သုံးနှစ်လောက်နဲ့ မီမယ်လို့ ပညာရှင်တစ်ယောက်က ခန့်မှန်းထားပါတယ်"**

**"၂၀၁၁ ခုနှစ် မတိုင်မီအထိ ပြည်ပကြွေးမြီအမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိတယ်။ ကြွေးမြီတွေကို အတိုးတွေလျှော်ပစ်ဖို့ ကြွေးမြီအသစ် ပြန်လုပ်တာကို အတိုးသက်သာဖို့ လုပ်ဆောင်ခဲ့တာကြောင့် ၁၁ ဘီလီယံကနေ ခြောက်ဘီလီယံလောက်အထိ နည်းသွားခဲ့ပါတယ်။"**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**

**ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့သည့် ငွေကြေးကဏ္ဍ၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကဏ္ဍ၊ ငွေကြေးဈေးကွက်ကဏ္ဍ၊ ငွေအရင်းအနှီးဈေးကွက်ကဏ္ဍ၊ ဘဏ္ဍာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းကဏ္ဍများနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်အဖွဲ့က ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**မေး ။ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကို အကျဉ်းချုပ် ရှင်းပြပေးပါ။**

ဖြေ ။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ စုစုပေါင်း ၃၈ ခုလောက်လုပ်ပါတယ်။ ၃၈ ခုထဲမှာ ဥပဒေ ၁၂ ခုလောက်ပါတယ်။ ဥပဒေကို ပြင်တာတွေ၊ ဖျက်တာတွေ၊ အသစ်ရေးတာတွေ ပေါင်းလိုက်ရင် ၁၂ ခုလောက်ရှိပါတယ်။ စုစုပေါင်း ၃၈ ခု လုပ်တယ်။ ၃၈ ခုကိုလုပ်တဲ့အခါမှာ မဏ္ဍိုင်ကြီးငါးတိုင်ကိုချထားတယ်။ မဏ္ဍိုင်ကြီးငါးတိုင်ဆိုတာ ဘာတွေလဲဆိုရင် ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့မဏ္ဍိုင်၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုမဏ္ဍိုင်၊ ငွေရေးကြေးရေးဈေးကွက်တွေနဲ့ပတ်သက်တဲ့မဏ္ဍိုင်၊ ငွေအရင်းအနှီးဈေးကွက်တွေနဲ့ ပတ်သက်တဲ့မဏ္ဍိုင်၊ ဘဏ္ဍာရေးစနစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုမယ့် အဖွဲ့အစည်းတွေ ဖွဲ့စည်းခြင်းဆိုတဲ့ မဏ္ဍိုင်ကြီး ငါးတိုင်ရှိပါတယ်။

**မေး ။ အဲဒီထဲက ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဘယ်လိုလုပ်ဆောင်ခဲ့သလဲဆိုတဲ့ အခြေခံမှုကို ရှင်းပြပေးပါ။**

ဖြေ ။ ပထမမဏ္ဍိုင်ဖြစ်တဲ့ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့မဏ္ဍိုင်မှာ နံပါတ်တစ်အရေးကြီးဆုံးလုပ်တာကတော့ နိုင်ငံခြားငွေလဲလှယ်နှုန်းကို တစ်ညီတစ်ညွတ်တည်း ဖြစ်အောင်လုပ်တာ။ အဲဒီမတိုင်ခင်တုန်းက အားလုံးသိတဲ့အတိုင်း တစ်ဒေါ်လာကို ခြောက်ကျပ်နှုန်းနဲ့ တရားဝင်ငွေလဲတယ်။ မှောင်ခိုဈေးကွက်ရှိနေတယ်။

အဲဒီအချက်က နိုင်ငံရဲ့စီးပွားတိုးတက်မှုမှာ အများကြီး အဟန့်အတားဖြစ်တယ်။ နောက်တစ်ခါ နိုင်ငံတကာကို မြန်မာနိုင်ငံအနေနဲ့ ပြန်ပြီးဝင်တဲ့အခါမှာလည်းပဲ အဟန့်အတားဖြစ်တဲ့အတွက် အဲဒီငွေလဲနှုန်းနှစ်မျိုး၊ သုံးမျိုးဖြစ်နေတာတွေကို ပျောက်သွားပြီး ငွေလဲနှုန်းတစ်မျိုးတည်း ဖြစ်အောင်လုပ်ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အခါမှာ ဘာကိုအဓိကထားလုပ်လဲဆိုတော့ ငွေလဲနှုန်းကို မျှောလိုက်တယ်။ ဈေးကွက်ရဲ့ နှုန်းထားအတိုင်း အတက်အကျတွေရှိမယ်။ ဝင်ပြီးတော့ချုပ်ကိုင်တာမျိုး မလုပ်တော့ဘူး။ နံပါတ်တစ် လုပ်တာပါ။ နံပါတ်နှစ်လုပ်တာကတော့ ၂၀၁၂ မတိုင်ခင်တုန်းက မြန်မာနိုင်ငံမှာ FEC ဆိုတဲ့ ငွေကြေးတစ်မျိုးရှိနေတယ်။ နိုင်ငံတကာဈေးကွက်နဲ့ နိုင်ငံတကာမိသားစုဆီကို ဝင်တဲ့အခါမှာ ဒါတွေက အဟန့်အတားဖြစ်တဲ့အတွက် အဲဒီ FEC ကို လုံးဝဖျောက်ပစ်လိုက်တယ်။

နောက်တစ်ခါ ငွေကြေးကိစ္စတွေမှာ ပြေလည်အောင်ဆိုပြီးတော့ နိုင်ငံတကာမှာကတော့ ပလတ်စတစ်ကတ်လို့ခေါ်တဲ့ ကတ်ပြားတွေသုံးကြပြီးတော့ ငွေပေးငွေယူကိစ္စတွေလုပ်ကြတယ်။ မြန်မာနိုင်ငံမှာလည်း အဲဒီလိုလုပ်နိုင်အောင် MPU ခေါ်တဲ့ Myanmar Payment Union ဆိုတာကိုထူထောင်တယ်။ ဒါကြောင့်မို့ အခုဆိုရင် ပင်စင်ထုတ်ရင်လည်း ပင်စင်ကတ်နဲ့ ထုတ်လို့ရတယ်။ ATM တွေမှာလည်း ပလတ်စတစ်ကတ်တွေနဲ့ ငွေထုတ်လို့ရတယ်ဆိုတဲ့ကိစ္စတွေဟာ အဲ့ဒီကို အခြေခံပြီးတော့ လုပ်လိုက်တာပါ။

**မေး ။ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေအတွက် ငွေကြေးဈေးကွက်ဖော်ဆောင်မှုအခြေအနေကို သိပါရစေ။**

ဖြေ ။ တတိယမဏ္ဍိုင်ဖြစ်တဲ့ ငွေရေးကြေးရေးဈေးကွက်တွေကို ပြောရမယ်ဆိုရင် အရင်တုန်းက ငွေရေးကြေးရေးဈေးကွက်ဆိုတာမရှိခဲ့ပါဘူး။ နိုင်ငံခြားငွေဈေးကွက်ကို ဖန်တီးပေးလိုက်ပါတယ်။ နိုင်ငံခြားငွေတရားဝင်ဈေးကွက်လည်း ပေါ်လာပြီး Foreign Exchanger တွေနဲ့ လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။



ဒေါက်တာ မောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေး ဝန်ကြီးဌာန)

နောက်ဈေးကွက်တစ်ခုက အာမခံဈေးကွက်ကို ဖန်တီးပေးတယ်။ ၂၀၁၂ ခုနှစ် မတိုင်ခင်က အာမခံလုပ်ငန်းက နိုင်ငံတော်က ပိုင်တဲ့ အာမခံကုမ္ပဏီတစ်ခုတည်းပဲရှိပါတယ်။ Market Economic ကို ပြောင်းပြီး ကျင့်သုံးလာတဲ့အချိန်မှာ အာမခံကုမ္ပဏီများများ လိုအပ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ အာမခံမရှိလို့ရှိရင် စီးပွားရေးလုပ်ငန်းတွေ မဖွံ့ဖြိုး မတိုးတက်နိုင်ပါဘူး။ ရေကြီးတယ်၊ မီးလောင်တယ်ဆိုရင် ဒါတွေကို လျော်ကြေးပေးတဲ့လုပ်ငန်းက ရှိကိုရှိမှ ရမှာဖြစ်ပါတယ်။

အဲဒီလို အာမခံလုပ်ငန်းရဲ့ လိုအပ်ချက်ကဏ္ဍက ကြီးမားလာတဲ့အတွက်ကြောင့် အာမခံကုမ္ပဏီတွေ များများပေါ်လာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ပေါ်ထွက်လာအောင် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာမူတွေနဲ့ စနစ်တကျဆောင်ရွက်လိုက်တဲ့အခါမှာ အာမခံဈေးကွက်ဆိုပြီး ပေါ်လာပြီဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ ရှိနေတဲ့ အာမခံဈေးကွက်မှာ အာမခံကုမ္ပဏီပေါင်း ၁၂ ခုရှိပါတယ်။ အဲဒီ ၁၂ ခုမှာ နိုင်ငံပိုင်က တစ်ခုဖြစ်ပြီး ကျန် ၁၁ ခုက ပုဂ္ဂလိကပိုင်တွေဖြစ်ပါတယ်။

ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ နောက်ဈေးကွက်တစ်ခုက Microfinance အသေးစားချေးငွေလုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံမှာ စနစ်ကျနတဲ့ Microfinance ဈေးကွက်က မရှိသေးပါဘူး။ အသေးစားချေးငွေဆိုတာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးမှာ အင်မတန်ထိရောက်ပါတယ်။ ဆင်းရဲမွဲတေမှု လျော့နည်းသွားအောင် ဆောင်ရွက်တဲ့အခါမှာ အသေးစားချေးငွေက အင်မတန်ထိရောက်တဲ့ လက်နက်ကြီးတစ်ခုပါပဲ။

အဲဒီတော့ အသေးစားချေးငွေကိုလည်း ဈေးကွက်ကြီးတစ်ခုအဖြစ် ဖန်တီးပေးဖို့လိုတဲ့အတွက်ကြောင့် လိုအပ်တဲ့ဥပဒေတွေ ရေးဆွဲတယ်။ အဖွဲ့အစည်းတွေဖွဲ့တယ်။ ပြီးတော့ အသေးစားချေးငွေလိုင်စင်တွေကို ပုဂ္ဂလိကတွေကို ထုတ်ပေးလိုက်ပါတယ်။ အခုဆိုရင် လိုင်စင်ပေါင်း ၂၀၀ ကျော်သွားပါပြီ။ ဒီ ၂၀၀ ကျော်တဲ့ Microfinance အသေးစားချေးငွေအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံရဲ့ တစ်နံတစ်လျားမှာ အသေးစားချေးငွေတွေနဲ့ လက်လုပ်လက်စားလုပ်ကိုင်သူတွေရဲ့ ဘဝမြှင့်တင်ရေးအတွက် သူတို့လုပ်ဆောင်ပေးနေပါပြီ။ အခုဆို နိုင်ငံခြားငွေဈေးကွက်၊ အာမခံဈေးကွက်၊ အသေးစား ချေးငွေဈေးကွက်တွေ ပေါ်လာပြီဆိုတော့ ဒါဟာ အင်မတန်ကောင်းတဲ့ အနေအထားဖြစ်ပါတယ်။

**မေး ။ စတော့အိတ်ချိန်းနဲ့ပတ်သက်လို့ လူတွေစိတ်ဝင်စားမှု အလွန်များနေပါတယ်။ စတော့အိတ်ချိန်းဈေးကွက်ဖော်ဆောင်မှုအခြေအနေ ဘယ်လောက်အထိ ရောက်နေပြီလဲဆိုတာ သိပါရစေ။**

ဖြေ ။ စတုတ္ထမဏ္ဍိုင်ကတော့ (Capital Market) ငွေအရင်းအနှီးဈေးကွက်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ငွေအရင်းအနှီးဈေးကွက်ကို ဖန်တီးခဲ့ပါတယ်။ ငွေအရင်းအနှီးဈေးကွက်ထဲမှာ အဓိကကျတာ စတော့အိတ်ချိန်းပါ။ ကုမ္ပဏီတွေအနေနဲ့ ငွေလိုတဲ့အခါ ဘဏ်ကနေငွေသွားချေးရတဲ့အခါ စရိတ်ကြီးပြီး အတိုးတွေပေးရပါတယ်။ လိုအပ်တဲ့ငွေကို ရှယ်ယာတွေထုတ်ရောင်းခြင်းနဲ့ ငွေဖော်လိုက်နိုင်ရင် ဈေးသက်သာမှာဖြစ်ပါတယ်။ ငွေပို ငွေလျှံတွေကို အရင်းအနှီးလုပ်ချင်တဲ့သူတွေအနေနဲ့ ရင်းနှီးလို့ရတဲ့နေရာလည်း ပေါ်လာမှာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်ကနေပြီး စတော့အိတ်ချိန်းထူထောင်ဖို့ စတင်ကြိုးပမ်းခဲ့ပါတယ်။ လိုအပ်တဲ့ ဥပဒေရေးဆွဲတယ်။ အဖွဲ့တွေဖွဲ့တယ်။ စတော့အိတ်ချိန်းထူထောင်မယ့်နေရာရွေးချယ်ပြီး ရုပ်ပိုင်းဆိုင်ရာပြုပြင်မွမ်းမံမှုတွေ လုပ်ထားပြီးပါပြီ။ ရှေ့လ ဒီဇင်ဘာ ၉ ရက်မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးစတော့အိတ်ချိန်းကို ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါတယ်။

ဖွင့်မယ့်နေ့မှာ ရှယ်ယာထုတ်ရောင်းခွင့်ရမယ့် ကုမ္ပဏီတွေရဲ့စာရင်းကိုကြေညာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အကောင်းဆုံးသောကုမ္ပဏီတွေကို ရွေးချယ်ထားတဲ့ ကုမ္ပဏီစာရင်းက လောလောဆယ်ကတော့ ငါးခုရှိပါတယ်။ နောက်ထပ်တိုးဖို့လည်း ရှိနိုင်ပါတယ်။ ဒီကုမ္ပဏီတွေအားလုံးက တစ်ပြိုင်နက်တည်းရှယ်ယာတွေကို ထုတ်ရောင်းဖို့တော့ မဖြစ်နိုင်ပါဘူး။ ကုမ္ပဏီအားလုံးက ရှယ်ယာတွေထုတ်ရောင်းလိုက်ရင် ဝယ်သူတွေက ဇဝေဇဝါဖြစ်သွားနိုင်ပါတယ်။

ကမ္ဘာပေါ်မှာအကြီးဆုံးဖြစ်တဲ့ နယူးယောက်အိတ်ချိန်းမှာဆိုရင် ရှယ်ယာထုတ်ရောင်းတာကို တစ်ချိန်မှာကုမ္ပဏီတစ်ခုကိုပဲ ခွင့်ပြုပါတယ်။ ဥပမာ ကုမ္ပဏီငါးခုကို ရွေးထားတယ်ဆိုပေမယ့်လည်း အားလုံးကို တစ်ခါတည်း ရှယ်ယာထုတ်ရောင်းခွင့်ပြုလိုက်မယ်ဆိုရင် ဈေးကွက်က ရှုပ်ယှက်ခတ်သွားမယ့်အနေအထားရှိလို့ သူတို့ရှယ်ယာထုတ်ရောင်းမယ်နေ့တွေကိုပါ တစ်ခါတည်းကြေညာလိုက်မှာဖြစ်ပါတယ်။ ကုမ္ပဏီ A က ဇန်နဝါရီမှာ ထုတ်ရောင်းမယ်ဆိုရင်၊ ကုမ္ပဏီ B က ဖေဖော်ဝါရီမှာ ထုတ်ရောင်းမယ်ဆိုပြီး အချိန်ဇယားပါ တစ်ခါတည်းကြေညာပေးလိုက်မှာဖြစ်ပါတယ်။ ကုမ္ပဏီတွေကို ရွေးချယ်တဲ့အခါမှာလည်း သူတို့ရဲ့နောက်ခံအခြေအနေကို သေချာကြည့်ပြီး ရွေးချယ်တယ်။ ပြီးတော့ လုပ်ငန်းမျိုးစုံပါဝင်အောင် အတတ်နိုင်ဆုံး ရွေးထားပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာနဲ့ ချိန်ဆတွက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်ဟာ ပညာရှင်တစ်ယောက်ရဲ့ ခန့်မှန်းချက်အရဆိုလျှင် မြန်မာနိုင်ငံထက် ၁၅ နှစ်စောတဲ့ ဗီယက်နမ်စတော့ဈေးကွက်ကို သုံးနှစ်လောက်နဲ့မီမယ်လို့ ပြောပါတယ်။ စတော့အိတ်ချိန်းတစ်ခု ကမ္ဘာမှာကြီးထွားလာဖို့ဆိုတာ နှစ်ရာနဲ့ချီ ကြာတတ်ပါတယ်။ ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးဆိုတဲ့ နယူးယောက်စတော့အိတ်ချိန်းဟာ နှစ် ၂၀၀ ကျော်ရှိသွားပြီဖြစ်ပါတယ်။ မျိုးဆက်တစ်ခုနဲ့တစ်ခု ဆက်လက်လုပ်ဆောင်သွားရမယ့်အပိုင်းတွေပါ။

ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်တာနဲ့ ပတ်သက်ပြီး ပြည်တွင်းမှာဖြစ်နေတဲ့ ဒေါ်လာဈေးအတက်အကျက သိပ်ပြီးတော့ ဆက်စပ်မှုမရှိလောက်ပါဘူး။ စဖွင့်ဖွင့်ချင်းမှာ မြန်မာငွေနဲ့ပဲလုပ်မှာဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကို ရင်းနှီးမြှုပ်နှံမှုမပေးသေးဘူးဆိုတော့ မြန်မာနိုင်ငံကို ဒေါ်လာတွေဝင်လာတာတွေ၊ ဒေါ်လာတွေ ပြန်ထွက်သွားတာတွေ၊ စီးဝင်မှုတွေ၊ စီးထွက်မှုတွေ လောလောဆယ်တော့ မရှိနိုင်သေးပါဘူး။

စတော့အိတ်ချိန်းမှာ ရှယ်ယာတွေထုတ်ရောင်းတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကိုတော့ ၂၀၁၆ နှစ်ဆန်းပိုင်းလောက်ကျရင် လုပ်နိုင်သွားပါပြီ။ ငွေချေးစာချုပ်တွေ ဈေးကွက်ကို အခုထက်ချဲ့ထွင်ဖို့ လုပ်နေပါပြီ။ နောက်ပိုင်းမှာတော့ စတော့အိတ်ချိန်းမှာ ဒီလက်မှတ်တွေကို ရောင်းတာဝယ်တာတွေ တဖြည်းဖြည်းလုပ်ဆောင်သွားမယ့် အနေအထားရှိပါတယ်။

**မေး ။ စတော့အိတ်ချိန်းမှာ ဝင်ပါဖို့ဆိုပြီး အရင်းထည့်ခိုင်းတယ်။ နောက်တော့ ထွက်ပြေးသွားတဲ့ ဖြစ်စဉ်တွေလည်း ကြားနေရပါတယ်။ ဒီတော့ တရားမဝင် စတော့အိတ်ချိန်းရှယ်ယာအရောင်းအဝယ်တွေကို ဘယ်လို တားဆီးနိုင်မလဲဆိုတာ သိပါရစေ။**

ဖြေ ။ တရားမဝင် စတော့အိတ်ချိန်းသင်တန်းတွေ ရန်ကုန်နဲ့ မန္တလေးမှာ ဖွင့်နေကြတယ်ကြားတယ်။ အဲဒါတွေက ကျွန်တော်တို့ အသိအမှတ်ပြုပြီးဖွင့်တာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာတော့ ခွင့်ပြုဖို့အလားအလာရှိပါတယ်။ များသောအားဖြင့်က နိုင်ငံခြားပြန် မြန်မာတွေနဲ့နိုင်ငံခြားကုမ္ပဏီတွေပေါင်းပြီးတော့ သင်တန်းဖွင့်ကြတာ ဖြစ်ပါတယ်။ ပြီးတော့မှ နိုင်ငံခြားမှာ စတော့အိတ်ချိန်း ရှယ်ယာဝင်တာကို ကူညီမယ်၊ ရွှေဈေးကွက်မှာ ကစားနိုင်အောင် ကူညီမယ်၊ ရေနံဈေးကွက်မှာ ကစားနိုင်အောင် ကူညီမယ်ဆိုပြီး အကောင့်ဖွင့်ပါဆိုတဲ့ဟာတွေ လုပ်နေကြတယ်။ သူတို့က အခု ဖေ့စ်ဘွတ်ခ်မှာဆို အုပ်စုလေးတစ်စုတောင် ဖွဲ့ထားတယ်။ ဒီကနေ စတင်လှုံ့ဆော်တာတွေရှိတယ်။ ဒါတွေက အင်မတန်အန္တရာယ်ကြီးပါတယ်။ သွားပြီးတော့ မစမ်းကြဖို့လိုတယ်။ သူတို့သင်ပေးမယ့် ပညာဆိုတာ ကျွန်တော်တို့ရဲ့ ဆန်းစစ်ချက်ကို မခံနိုင်ဘူး။ ဥပမာလွန်ခဲ့တဲ့လက ကြော်ငြာတစ်ခုတွေ့တယ်။ မန္တလေး၊ ရန်ကုန်မြို့ကြီးတွေမှာ အဲဒီစတော့အိတ်ချိန်းနဲ့ ပတ်သက်တဲ့ သင်တန်းပေးမယ်ဆိုပြီး ကြော်ငြာတယ်။ ကျွန်တော်တို့က လူကိုယ်တိုင်ရော၊ စာနဲ့ပါ အဲဒီက သင်တန်းတာဝန်ခံကိုလာခဲ့ပါ၊ မေးကြည့်ချင်လို့ပါဆိုပြီး တော့ပြောတယ်။ တစ်ခါတည်း ခေါ်လို့မရတော့ဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် ယုံကြည်မှုမရှိနိုင်ဘူးဆိုတာပေါ်လွင်နေတယ်။ ကျွန်တော်တို့က ရိုးရိုးတန်းတန်းသိချင်တာ။ ဘာကြောင့်လဲဆိုတော့ ပညာသင်တယ်ဆိုတာ တတ်ယောင်ကားတွေ သွားသင်ရင် အသင်ခံရတဲ့သူပါ အဆိပ်သင့်သွားနိုင်တယ်။ ဦးနှောက်ပါအဆိပ်သင့်သွားနိုင်တဲ့အတွက်ကြောင့်ပါ။ ကျွန်တော်တို့က စနစ်တကျကျွမ်းကျင်တဲ့သူတွေနဲ့ပဲ သင်စေချင်တာ။ နောက်ပိုင်းတော့ အမှန်တကယ်သင်မယ့်သူတွေစာရင်းကို စိစစ်နေပါတယ်။ မကြာခင်ထုတ်ပြန်ပေးမှာပါ။ သို့သော်လည်း ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက သိပ်ပြီးတော့မလောကြဖို့မှာချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အလိမ်ခံရမယ့် အန္တရာယ်ရှိပါတယ်။

ပြည်သူတွေအနေနဲ့ ကိုယ်မသိတဲ့လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင်၊ အထူးသဖြင့် စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးတော့ အယုံမလွယ်ဖို့လိုတယ်။ တကယ်လို့ သံသယရှိတယ်ဆိုရင် ကျွန်တော်တို့ စတော့အိတ်ချိန်းကြီးကြပ်ရေးအဖွဲ့ (SECM) ကိုဖြစ်ဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးဌာနကိုဖြစ်ဖြစ် နီးစပ်ရာကို တိုင်ပင်ပါ။ စတော့အိတ်ချိန်းနဲ့ပတ်သက်လို့ SECM ကို အချိန်မရွေးမေးလို့ရပါတယ်။ ကျွန်တော်တို့ကတော့ အဓိကအကြံပေးတာ၊ Consulting လုပ်ပေးတာပါ။

**မေး ။ မြန်မာနိုင်ငံရဲ့ ပြည်ပကြွေးမြီအခြေအနေနဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ ။ ပြည်ပကြွေးမြီနဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ် မတိုင်မီအထိ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိတယ်။ နိုင်ငံတကာမိသားစု စီးပွားရေးအသိုင်းအဝိုင်းထဲကို ဝင်လာတဲ့အခါမှာ ကြွေးမြီတွေကို အတိုးတွေလျှော်ပစ်ဖို့၊ ကြွေးမြီအသစ် ပြန်လုပ်တာတွေလို အတိုးသက်သာဖို့ သက်ဆိုင်ရာ Paris Club လို အဖွဲ့တွေနဲ့ ဆွေးနွေးတာတွေ လုပ်ခဲ့ကြပါတယ်။ ၁၁ ဘီလီယံကနေ ၆ ဘီလီယံလောက်အထိ နည်းသွားခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗန်ကောက်မြို့ရှိ Command and General Staff College(CGSC) သို့ သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အာဆီယံကြည်းတပ်ဦးစီးချုပ်များသည် နိုဝင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဗန်ကောက်မြို့ရှိ Command and General Staff College (CGSC)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံကြည်းတပ်ဦးစီးချုပ်များကို CGSC ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြပြီး တာဝန်ရှိသူတစ်ဦးက CGSC Hall တွင် CGSC ၏ နောက်ခံသမိုင်းကြောင်း၊ သင်ကြားလေ့ကျင့်မှုများ၊ ပြည်ပနိုင်ငံများမှ သင်တန်းသားများအား သင်ကြားပြသပေးနေမှုများ၊ စစ်နည်းဗျူဟာ သင်ကြားပေးမှုများအား ဗီဒီယိုဖိုင်ဖြင့် ရှင်းလင်းတင်ပြပြီး သင်တန်းသားများ၏ စာသင်ခန်းများအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် HADR (Humanitarian Assistance and Disaster Relief) လေ့ကျင့်နေမှုများအား ရှင်းလင်းပြသပြီး ယာဉ်များ၊ ဆက်စပ်ပစ္စည်းကိရိယာများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

● *ကျောဖုံးမှ*

တလမွန်ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၄ ခုနှစ် ဧပြီလတွင် လုပ်ငန်းစတင်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် The Death Railway Museum နှစ်ထပ်အဆောက်အအုံမှာ ပြီးစီးနေပြီး ပြတိုက်အတွင်းပိုင်း၌ ထားရှိပြသသွားမည့် ဂျပန်စစ်သားရုပ်များနှင့် စစ်သုံ့ပန်း ချွေးတပ်သားများ၏ ရုပ်တုများပြကွက်ကို ထုလုပ်ပြင်ဆင်လျက်ရှိကာ ဗိသုကာလုပ်ငန်းများဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် သေမင်းတမန်မီးရထားလမ်းပိုင်း၌ ပထမဆုံးစတင်ပြေးဆွဲခဲ့သော ရေနွေးငွေ့စွမ်းအင်သုံး C-0522 မီးရထားစက်ခေါင်း၊ မြန်မာ-ယိုးဒယား သေမင်းတမန်မီးရထားလမ်းပိုင်းစတင်ရာ အထိမ်းအမှတ်နေရာ၊ ဆောက်လုပ်ဆဲမီးရထားပြတိုက် စသည်တို့ကို လှည့်လည်လေ့လာကြည့်ရှုလျက်ရှိကြသည်ကို တွေ့မြင်ရသည်။ ထို့ပြင် မီးရထားပြတိုက်နှင့် သမိုင်းဆက်စပ်နေသော သံဖြူဇရပ်မြို့ပေါ်ရှိ ဓနသဟာယ စစ်သင်္ချိုင်းသို့လည်း နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာကြကြောင်း ပြတိုက်တည်ဆောက်ရေး စီမံကိန်းရုံးမှ သိရသည်။

သေမင်းတမန် မီးရထားလမ်းပိုင်း ပြတိုက် တည်ဆောက်ရေး စီမံကိန်းပြီးစီးပါက လေ့လာသူများအနေဖြင့် သမိုင်းဝင်မီးရထားလမ်းနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စစ်သုံ့ပန်းတို့၏ ပုံရိပ်များအား ပန်းချီ၊ ပန်းပုနှင့် သုံးဖက်မြင်ဒီဇိုင်းပုံစံများဖြင့် ကြည့်ရှုခွင့်ရရှိကြမည်ဖြစ်သည်။ ထို့အပြင် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ရေကူးကန်များ၊ ဟိုတယ်များနှင့် အပန်းဖြေကစားကွင်းများ ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။



**သေမင်းတမန်မီးရထားလမ်းပိုင်းစတင်ရာနေရာအား နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လေ့လာနေသည်ကို တွေ့ရစဉ်။**
ဓာတ်ပုံ - တင်လှမောင်

ပြတိုက်တွင်ထားရှိမည့် သမိုင်းမှတ်တမ်းပစ္စည်းများ စုဆောင်းရေးအဖွဲ့မှ ဝါရင့်အဖွဲ့ဝင်တစ်ဦးက "ဂျပန်တွေဟာ ၁၉၄၂ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ ယိုးဒယားနိုင်ငံကို ဆက်သွယ်နိုင်စေဖို့အတွက် ၁၇၅ မိုင် ရှည်လျားတဲ့ မီးရထားလမ်းကို ဖောက်လုပ်ပြီး အာရှစစ်မျက်နှာပြင် ဖွင့်ခဲ့ပါတယ်။ အဲဒီ မီးရထားလမ်းကြီး ဖောက်လုပ်ဖို့အတွက် ဂျပန်တွေရဲ့စစ်ရှုံးနိုင်ငံများ၊ မဟာမိတ်နိုင်ငံတွေနဲ့ အရှေ့တောင်အာရှနိုင်ငံ အသီးသီးက ချွေးတပ်ဖွဲ့ဝင် ဦးရေ ၁၂၀၀၀၀ ကျော်ဟာ မီးရထားလမ်းဖောက်ရင်းနဲ့ ညှဉ်းပန်းနှိပ်စက်တာ၊ သားရဲတိရစ္ဆာန်တွေအန္တရာယ်နဲ့ ရင်ဆိုင်ရတာ၊ အစာရေစာငတ်ပြတ်တာနဲ့ ရောဂါဝေဒနာဖိစီးတာခံစားခဲ့ကြရပါတယ်။ ရထားလမ်းပိုင်းမှာရှိနေတဲ့ ဇလီဖားတုံးတွေအရေအတွက်နဲ့အမျှ အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရတဲ့ ရထားလမ်းပိုင်းတစ်ခုလည်း ဖြစ်ပါတယ်။ သေဆုံးခဲ့ကြရတဲ့ နိုင်ငံခြားသားစစ်သုံ့ပန်းတွေကို ဓနသဟာယ စစ်သင်္ချိုင်းမှာ မြှုပ်နှံထားခဲ့ပါတယ်" ဟု ပြောကြားသည်။

ဂျပန်ဘုရင့်တပ်မတော် စစ်ဝန်ကြီး ဂျန်နရယ်တိုဂျိုက ယိုးဒယား-မြန်မာမီးရထားလမ်း ဖောက်လုပ်ရန်အတွက် ၁၉၄၂ ခုနှစ်တွင် စီမံကိန်းရေးဆွဲကာ လုပ်ငန်းစတင်ခဲ့ကြောင်း ယိုးဒယား(ထိုင်း)နိုင်ငံရှိ ဖန်ဗလား၊ ကန်ချနပူရီနှင့် ဆန်ပေါ်ဘူတာမှစတင်၍ ကွေးမြစ်အားဖြတ်သန်းကာ မွန်ပြည်နယ် သံဖြူဇရပ်မြို့အထိ ရထားလမ်းအရှည် ၁၇၅ မိုင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 16 th ASEAN Chiefs of Army Multilateral Meeting(ACAMM-16)နှင့် (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet(25th AARM)ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အာဆီယံ-ဂျပန်လူငယ်များ ချစ်ကြည်ရေးသင်္ဘော ဆိုက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဂျပန်အစိုးရ၏စီစဉ်မှုဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များ လှည့်လည်လေ့လာသော သင်္ဘောခရီးစဉ်သည် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။

အဆိုပါခရီးစဉ်တွင် အာဆီယံနှင့် ဂျပန်လူငယ်စုစုပေါင်း ၃၂၃ ဦးပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသည် အဆိုပါခရီးစဉ် သင်္ဘောစတုတ္ထမြောက်ရပ်နားသော နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံမှ နိုဝင်ဘာ ၅ ရက်က စတင်ထွက်ခွာလာခဲ့သည်။ ခရီးစဉ်တွင် ရက်ပေါင်း ၅၁ ရက် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ လူငယ် ၂၈ ဦး ပါဝင်သည်။

အဆိုပါ သင်္ဘောခရီးစဉ်၏ ရည်ရွယ်ချက်မှာ လူငယ်အချင်းချင်းအပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်နိုင်သော ခေါင်းဆောင်စွမ်းရည်ရရှိစေရန်ရည်ရွယ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ခရီးစဉ်ပါလူငယ်များအား Port of Call Country နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်ပေးခြင်း၊ Homestay အဖြစ် မြန်မာမိသားစုနေအိမ်များ၌ တစ်ညတာ တည်းခိုနေထိုင်ရန် စီစဉ်ထားခြင်း၊ ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများ၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်များသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံစကားပြောခြင်း အစီအစဉ်များကို ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

အာဆီယံ-ဂျပန်လူငယ်များ ချစ်ကြည်ရေးခရီးစဉ်သည် ၁၉၇၄ ခုနှစ်မှ စတင်၍ အာဆီယံငါးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာပြီးနောက် ၁၉၉၈ ခုနှစ်တွင် ချစ်ကြည်ရေးသင်္ဘောခရီးစဉ်စတင်ခဲ့ကြောင်း သိရသည်။



နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိကာ ခရီးစဉ်ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မဟာသကျရံသီမှ ပီတိသံများ

စည်တီးသည့်အသံကို သုံးဂါဝုတ်အကွာအဝေးမှ ကြားနိုင်ပြီး မိုးခြိမ်းသံကို သုံးယူဇနာ အကွာအဝေးက ကြားနိုင်သည်။ ထို့အတူ သီလစောင့်ထိန်းသည့်အသံကို ဖြပ္ပာဘုံ နှစ်ဆယ်ထိတိုင် ကြားသိနိုင်သကဲ့သို့ အလှူဒါနပြုလုပ်သည့်အသံကို နတ်ပြည်ကပင် တစ်မုဟုတ်ချင်း ကြားသိနိုင်ကြောင်း လေ့လာမှတ်သားရသည်။

မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြု၍ ယနေ့(တန်ဆောင်မုန်းလပြည့်နေ့) အခါသမယတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးစောင်းတောင်ရှိ အောင်မောဠိတောင်ညွန့်၌ ကျင်းပခဲ့သည်။ ထိုကောင်းမှုကုသိုလ် အလှူဒါနတို့၏ အသံသည်ကား လူ့ပြည်၊ နတ်ပြည်၊ ဖြပ္ပာပြည်သာမက စကြဝဠာတိုက်အသီးသီးသို့ပင် ကြားသိနိုင်ပြီဖြစ်သည်။

ထိုကောင်းမှုကုသိုလ်ပြုလုပ်သည့် အသံများကြောင့် မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ဘုရားဖူးလာပြည်သူများ၏ ဖူးမြော်ကြည်ညိုရသည့် ဝမ်းသာပီတိသံများနှင့် ပါဝင်ကုသိုလ်ပြုသူတို့၏ ပီတိသံများကို ပြန်လည်ရေးသားဖော်ပြလိုက်ရပါသည်။



ဒေါ်ဇာဇာသဲဦး



ဒေါ်သိန်းသိန်း



ဒေါ်ချိုချို



ဦးခင်မောင်သိန်း



ဦးခင်ဇော်



ဦးစိုးသန်း

**ဦးခင်မောင်သိန်း**
**အုပ်ချုပ်ရေးမှူး MORC CNC**

CNC ဆိုတာ ကျောက်ဆစ်သားတွေကို ကွန်ပျူတာနဲ့ ထုလုပ်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သကျရံသီ ရုပ်ပွားတော်မြတ်ကြီးကို ပုဂံအာနန္ဒာဘုရားရဲ့ တောင်ဘက်မုခ်မှာရှိတဲ့ ကဿပဘုရားရှင် ရုပ်ပွားတော်အတိုင်း ပုံစံတူ ထုဆစ်ထားတာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးမူလက်ရာအတိုင်း အနီးကြည့်ရင် တည်ကြည်ဟန်၊ အလယ်ကကြည့်ရင် ပြုံးတော်မူဟန်၊ အဝေးကကြည့်ရင် ကြည်လင်ဝင်းပ ပြုံးနေဟန်တွေနဲ့ ထုဆစ်ထားတာဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ ကွန်ပျူတာနဲ့ ထုဆစ်ထားတဲ့ ရုပ်ပွားတော်ကြီးတွေမှာ သကျရံသီရုပ်ပွားတော်ကြီးဟာ ဒုတိယဖြစ်ပါတယ်။ ပထမကတော့ နေပြည်တော် ဗုဒ္ဓဂယာမှာ အိန္ဒိယက ရှေးမူလက်ရာအတိုင်း ထုဆစ်ထားတဲ့ ရုပ်ပွားတော် တစ်ဆူရှိပါတယ်။ ဓမ္မကိစ္စရပ်တွေမှာ ရွှေသုဝဏ်ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရုပ်ပွားတော် ထုဆစ်ချိန်ရေချိန်ကိုက် အချိုးအလိုက် အကြမ်းထည်ရဖို့အတွက် ထုဆစ်ပေးရပါတယ်။ မျက်နှာတော်ပိုင်းကိုတော့ ပုဂံက အာနန္ဒာဘုရားက ရုပ်ပွားတော်အတိုင်း CNC နဲ့ လုပ်ပါတယ်။ အကြမ်းထည်ကတော့ နေ့ရော၊ ညပါ သုံးလလောက် လုပ်လိုက်ရတယ်။ စကျင်ကျောက်တုံးကြီး နေပြည်တော်ရောက်ပြီးတော့ CNC နဲ့ လုပ်ပြီးတဲ့အခါ ကျွန်တော်တို့ ပြန်အချောကိုင်တာ နှစ်လနီးပါးကြာပါတယ်။ ရုပ်ပွားတော်ကြီးကို ပုဂံအာနန္ဒာဘုရားက ကဿပဘုရားရှင်ရဲ့ ပုံတူအတိုင်း ဉာဏ်တော်အတိုင်း ထုဆစ်ခဲ့ကြတာဖြစ်တယ်။ ဘုရားဖူးပြည်သူတွေ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်ဇာဇာသဲဦး (Zar and Diamonds, Gems and Jewellery)**
**ဥဏ္ဏာလုံမွေရှင်တော် အလှူရှင်**

ရွှေသုဝဏ်ဆရာတော် ဘုရားကြီးကနေ ဥဏ္ဏာလုံမွေရှင်တော်ကို လာရောက် ပြုလုပ်ခိုင်းပါတယ်။ အဲဒီလို လာရောက်ပြုလုပ်ခိုင်းတဲ့အချိန်မှာ ကျွန်မရင်ထဲမှာ သဒ္ဓါတရားတွေ ဖြစ်ပေါ်လာတဲ့အတွက် ဒီမွေရှင်တော်ကို ကျွန်မတို့မိသားစုလေးလနီးပါး ကြာမြင့်ခဲ့ပါတယ်။ အခုပြီးစီးသွားတော့ ပြည်သူတွေအတွက် အမျိုးဘာသာ၊ သာသနာအတွက် အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ ပြည်သူတွေအနေနဲ့ နေပြည်တော်ရောက်ခဲ့ရင် တစ်ခါတစ်ခေါက်တော့ လာရောက် ဖူးမြော်ကြည်ညိုစေချင်ပါတယ်။

**ဦးခင်ဇော်**
**ပန်းတော်မူကျောက်ဆစ်၊ မန္တလေးမြို့**

ကျွန်တော်က စကျင်ကျောက်တုံးကနေ ရုပ်ပွားတော်ထုဆစ်ဖို့လှူဒါန်းဖြစ်သွားခဲ့တာပါ။ အလှူရှင်တစ်ဦးအနေနဲ့ အခုလို အောင်အောင်မြင်မြင်နဲ့ လှူဒါန်းနိုင်ခဲ့လို့ အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ရဲ့ အတော်ဆုံးပန်းတိမ်ဆရာတွေက ဒီရုပ်ပွားတော်ကြီးမှာ ကပ်လှူပူဇော်ဖို့ သေသေချာချာတိုင်းတာပြီးမှ ပြုလုပ်ခဲ့ကြတာပါ။ အဲဒီလို ပြုလုပ်နေစဉ်အတွင်းမှာလည်းပဲ ဝမ်းသာပီတိဖြစ်ခဲ့ရတယ်။ ကိုယ်လှူခဲ့တဲ့ အလှူဒါနကို အခုလိုမျက်မြင်ဖူးတွေ့လိုက်ရတော့ အနှိုင်းအဆမရှိ ကျေနပ်ပီတိတွေ ဖြစ်ရပါတယ်။

**ဒေါ်ချိုချို ရန်ကုန်မြို့**
**ဘုရားဖူးလာ ပြည်သူတစ်ဦး**

ဘုရားကို ဖူးလိုက်ရတော့ ရင်ထဲမှာ အေးချမ်းသွားပါတယ်။ တောင်ပေါ်မှာ တည်ထားတဲ့အတွက် နေပြည်တော်ပတ်ဝန်းကျင်က ရှုခင်းတွေကိုလည်း မြင်တွေ့ရပါတယ်။ ကျွန်မကတော့ အခုလိုဖူးခွင့်ရပြီးပြီဆိုတော့ ကျန်တဲ့သူတွေကိုလည်း လာရောက်ဖူးမြော်စေချင်ပါတယ်။

**ဒေါ်သိန်းသိန်း ရွှေကျင်မြို့**
**ဘုရားဖူးလာပြည်သူတစ်ဦး**

မြန်မာ့အလင်းသတင်းစာထဲမှာ ဒီသကျရံသီ ရုပ်ပွားတော်ကြီးအကြောင်းကို ဖတ်ရတယ်။ ဒါကြောင့် ဒီရုပ်ပွားတော်မြတ်ကြီးကို အခုလို လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ဒီဘုရားကို လာရောက်ဖူးမြော်ရတော့ ကျွန်မ ဖူးမြော်ရတာ ဝမ်းသာပီတိဖြစ်ရတယ်။ ဒီဘုရားတောင်ပေါ်ကနေ သဘာဝရှုခင်းတွေကို မြင်တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။

**ဦးစိုးသန်း သစ်ဝင်တိုင်းကျေးရွာ**
**နေပြည်တော် ပုဗ္ဗသီရိမြို့နယ်**
**ဘုရားဖူးလာပြည်သူတစ်ဦး**

ကျွန်တော် ဒီဘုရားကို ဖူးမြော်ချင်လွန်းလို့ ကျွန်တော့်သားသမီးတွေနဲ့ ကျွန်တော့်ရွာကနေ ခြေကျင်လျှောက်ပြီး လာရောက်ဖူးမြော်တာပါ။ ဒီဘုရားကြီးဟာ တန်ခိုးကြီးတယ်။ သပ္ပာယ်တယ်လို့ ကျွန်တော်တို့ ရွာထဲမှာ ပြောနေကြတယ်။ အဲဒီလို ပြောသံတွေကြောင့် ဒီလိုလာပြီး ဖူးမြော်ဖြစ်တာပါ။ ဘုရားကို ဖူးမြော်လိုက်ရခြင်းမှာပဲ ကျွန်တော်ရဲ့ ခြေကျင်လျှောက်ခဲ့ရတဲ့ အမောတွေ ပြေပျောက်သွားတယ်။

**မောင်ဖိုးဇော်၊ ရှင်မင်း**
**စုစည်းသည်။**

❑ *ကျောဖုံးမှ*

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နာမည်ကျော်အနုပညာရှင်များနှင့် တောင်ငူမြို့ဒေသခံများပူးပေါင်း၍ တောင်ငူမြို့တည် ဘုရင်မင်းကြီးညို၏ မင်းလုပ်အုပ်ချုပ်မှု သရုပ်ဖော်ပြကွက်များ ပြသဖျော်ဖြေခြင်း၊ မင်းကြီးညိုလက်ထက် စစ်အောင်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ကေတုမတီမုခ်ဦးဗဟိုမဏ္ဍပ်မှ တော်ဝင်ကေတုမတီဟိုတယ်သို့ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးအတိုင်း ရာဇဝင်ခင်းသဘင်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပရိသတ်များက လမ်းလုံးပြည့် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် တော်ဝင်ကေတုမတီဟိုတယ်၊ ဘုရင့်နောင်ခန်းမ၌ မြို့တည်နန်းတည် ၅၀၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် သရုပ်ဆောင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ခတ်ပုံပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ မိုက်ခရိုမာရသွန်ပြိုင်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓဝင်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများကို ဆုများချီးမြှင့်ခဲ့ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ယာဉ်များ ယှဉ်ပြိုင်ပွဲတွင် ဆုရရှိသည့် ပထမဆု ရပ်ကွက်(၃)၊ ဒုတိယဆု ရပ်ကွက်(၁၇)၊ တတိယဆု ရပ်ကွက်(၁၁)နှင့် နှစ်သိမ့်ဆုရရှိသည့် ရပ်ကွက်အသီးသီးတို့ကို ဆုများချီးမြှင့်ခဲ့သည်။ ညပိုင်းတွင် တောင်ငူမြို့ရှိ လေးကျွန်းကန်တော်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ အထိမ်းအမှတ်အဖြစ် မီးကြာခွက်တစ်ထောင်ကို ရေမျှောပူဇော်ခြင်း နိုင်ငံကျော်သရုပ်ဆောင်များနှင့်တေးသံရှင်များက သီဆိုဖျော်ဖြေခဲ့သည်။

ယခုအခါတွင် တောင်ငူမြို့သူ မြို့သားများက ကေတုမတီတည်ထောင်ခဲ့သည့် ၅၀၀ ပြည့်နှစ် ကျရောက်သည့် ၂၀၀၀ ပြည့်နှစ်မှစ၍ မြို့တည်နန်းတည်အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုပြုလုပ်သည့် အခမ်းအနားသည် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

❖ *ကျောဖုံးမှ*

၇၈ မိနစ်တွင် အိမ်ရှင် ရှက်တာဒိုးနက် ပယ်နယ်တီကန်ခွင့်ရကာ တိုင်ဇီရာက ချေပဂိုး ဦးဆောင်သွင်းယူခဲ့သည်။ ရှက်တာအတွက် ဒုတိယချေပဂိုးကို ၈၃ မိနစ်တွင် ဒန်တင်ဟိုက သွင်းယူခဲ့ပြီး ၈၉ မိနစ်တွင် တိုင်ဇီရာက တတိယမြောက် ချေပဂိုး ထပ်မံသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ရှက်တာအသင်း လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၅)အပြီးတွင် ရီးရဲအသင်း ရမှတ် ၁၃ မှတ်ရရှိကာ ဇယားထိပ်တွင် ဦးဆောင်နေပြီး ရှက်တာအသင်းမှာ ရမှတ် သုံးမှတ်သာ ရရှိထားသည်။ စီရော်နယ်ဒိုမှာ ယခုနှစ်ရာသီ ချန်ပီယံလိဂ်ဂိုးသွင်းဂိုး ခုနစ်ဂိုး အများဆုံးသွင်းယူထားပြီး ဘာစီလိုနာမှ ဆွာရက်ဇ် ငါးဂိုး၊ ဘိုင်ယန်မြူးနစ်မှ လီဝမ်ဒေါစကီးနှင့် မူလာ ငါးဂိုး၊ ဇင်းနစ်မှ အက်တန်ဒီဇူဘာ ငါးဂိုးတို့ဖြစ်သည်။

အုပ်စု(A) မှ တခြားပွဲစဉ်အဖြစ် မယ်လ်မိုနှင့် ပီအက်စ်ဂျီပွဲတွင် အဝေးကွင်း၌ ပီအက်စ်ဂျီအသင်း ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပီအက်စ်ဂျီမှာ ရမှတ် ၁၀ ရရှိထားပြီး မယ်လ်မိုက ရမှတ် သုံးမှတ်သာ ရရှိထားသည်။

အုပ်စု(B) တွင် ဝုဖ်ဘတ်က နှစ်ဂိုး-ဂိုး မရှိဖြင့် CSKA မော်စကိုကို အနိုင်ရပြီး မန်ယူနှင့် PSV မှာ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အုပ်စု(ခ)တွင် အက်စ်တာနာနှင့် ဘင်ဖီကာတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျပြီး အက်သလက်တီကိုက ဂါလာတာစာရေးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(D) တွင် ဂျူဗင်တပ်စ်က မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိ ဖြင့် နိုင်ပြီး မိုချန်ဂလာဘတ်က လေးဂိုး-နှစ်ဂိုးဖြင့် ဆီဗီလာကို အနိုင်ရခဲ့သည်။

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် နိုဝင်ဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၁၁-၂၀၁၅ ရက်အထိ ၄၉ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၀၁၅၃၁ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ငွေကျပ် ၆၉၄၃၇၅ ဒသမ ၀၃ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ငွေကျပ် ၆၂၀၇၂၄ ဒသမ၂၁ သန်း စုစုပေါင်းငွေကျပ် ၁၃၁၅၀၉၉ ဒသမ ၂၄ သန်း ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၂၁၃ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၁၂၂၅၆ စီး၊ သဘော်သားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး၂၅၁၁၇၀ တို့ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်**

## မြန်မာ ယူ-၂၁ အသင်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ၌ အဆင့်(၆)သာရရှိ

**ဟိုချီမင်း နိုဝင်ဘာ ၂၆**

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ အဆင့် (၅)နေရာလုပွဲကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းမှာ ထိုင်း ယူ-၂၁ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ မြန်မာ ယူ-၂၁ အသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပွဲထွက်ခဲ့သော်လည်း မိနစ်၂၀ တွင် ဦးဆောင်ဂိုး ပေးလိုက်ရသည်။ ၅၃ မိနစ်တွင် ညာနောက်ခံလူ နန်းဝေမင်း၏ ဖန်တီးပေးမှုမှ တစ်ဆင့် ရှိုင်းသူရက မြန်မာအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်မံရရှိနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ထိုင်းယူ-၂၁ အသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးတွင် သွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းမှာ ရှုံးပွဲကြောင့် အဆင့်(၅)နေရာနှင့် လွဲချော်ခဲ့ရသည်။

**ဖိုးသော်ဇင်**

# ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်

* *ရွှေဖုံးမှ*

ရွှေဦးစွာ ဌာပနာတော်သွင်း အခမ်းအနားကိုကျင်းပရာ မင်္ဂလာ အချိန်ကျရောက်သည်နှင့် နိုင်ငံတော် သမ္မတက မဟာသကျရံသီရုပ်ရှင်တော် မြတ်ကြီး၏ ဌာပနာတော်တိုက် အတွင်းသို့ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိသစေတီ စသည့် စေတီလေးမျိုးပါဝင်သည့် ဌာပနာ တော်များကိုသွင်းလှူပြီး ကျောက်မျက် ရတနာများ ထည့်သွင်းခင်းကျင်းကာ ပရိတ်အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း ပူဇော်သည်။

ယင်းနောက် ဗန်းမော်ဆရာတော် ဘုရားကြီးအမှူးပြုသော ဆရာတော် အရှင်သူမြတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယ မင်္ဂလာအောင်ဂါထာကို ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း တို့က မဟာသကျရံသီရုပ်ရှင်တော် မြတ်ကြီးအား ရွှေကြာသက်နန်းတော်၊ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန် နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာသကျရံသီ ရုပ်ရှင်တော် မြတ်ကြီး ဌာပနာတော်တိုက်အတွင်း သို့ ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရံသီ ရုပ်ရှင်တော်မြတ် ကြီးတည် မဟာမင်္ဂလာကမ္ပည်း မော်ကွန်း ကျောက်စာတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း ပေးစဉ်။ (သတင်းစဉ်)



မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ဌာပနာတော်တိုက်အတွင်းသို့ ထည့်သွင်းပူဇော်ထားသည့် ဌာပနာတော်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗုဒ္ဓါဘိသေကအနေ ကဇာတင်မဟာမင်္ဂလာအခမ်းအနား ကို ဆက်လက်ကျင်းပရာ ဗန်းမော် ကျောင်းတိုက်ဆရာတော် အမှူးပြု သော ဆရာတော်အရှင်သူမြတ်များ က ဥဒါန်းပါဠိတော်လာနည်းအတိုင်း မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ကို ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်ဇနီးတို့က မဟာသကျရံသီရုပ်ရှင် တော်မြတ်ကြီးတည် မဟာမင်္ဂလာ ကမ္ပည်းမော်ကွန်း ကျောက်စာတော် ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေး ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးတို့က ကမ္ပည်း မော်ကွန်းကျောက်စာကို အမွှေး နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြ သည်။

ယင်းနောက် ရုပ်ရှင်တော်မြတ် ကြီး၏ ရေစက်ချအောင်ပွဲမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပ ရာ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဗန်းမော် ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါး သီလခံယူဆောက်တည်ကြပြီး သံဃာ တော်အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တ သုတ်တော်၊ ရတနာသုံးပါးဂုဏ်တော် နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော် များကို နာယူကြသည်။

*စာမျက်နှာ ၉ သို့*



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဇန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးပုံတော်နှင့် လှူဖွယ်ပစ္စည်းများကို ဇန်းမော်ကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့်ဇနီးများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်က မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးကို တည်ဆောက်ခဲ့ကြသည့် ဗိသုကာအင်ဂျင်နီယာများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ACE ကုမ္ပဏီမှ ဦးဇော်မိုးဝင်းက တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သော ရုပ်ရှင်တော်မြတ်ကြီးအား မူလဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီဆင်မင်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ပုံတော်နှင့် လှူဖွယ်ပစ္စည်းများကို ဇန်းမော်ကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၈။)**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်နှင့် ယင်းခန္ဓာကိုယ်ဖွဲ့စည်းမှုတွင် ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။

(ခ) **သေဆုံးသူ**ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ ဦးနှောက် လုပ်ငန်းများအားလုံးလုံးဝရပ်စဲသွား၍သော်လည်း ကောင်း၊ သွေးလည်ပတ်မှုလုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍ သော်လည်းကောင်း သက်ဆိုင်ရာဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကိုဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ** ဆိုရာတွင် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဆန္ဒအလျောက် အခမဲ့ခွင့်ပြုလှူဒါန်း သည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အခြားသူ တစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်တွင် အစားထိုးအသုံး ပြုနိုင်ရေးအတွက် ထုတ်ယူရန် ခွင့်ပြုသော အသက် (၁၈) နှစ်ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှားရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုနိုင်ရေး အတွက် သက်ရှိထင်ရှားရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြု ထားသူ၊

(၃) ပုဒ်မခွဲငယ်(၂)အရ ကြိုတင်ဆန္ဒပြုထားခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ ၍ လိုအပ်သလို အသုံးပြုရန်ခွင့်ပြုသည့် ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမများ၊ ယင်း တို့ တစ်ဦးတစ်ယောက်မျှမရှိ၍ ယင်းတို့၏ကိုယ်စား ခွင့်ပြုသော ဆွေမျိုးသားချင်းတစ်ဦးဦး။

(ဃ) **အရည်အသွေးစစ်ဆေးခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အစားထိုးကုသခြင်း ပြုနိုင်သည့် အရည်အသွေးရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(င) **လက်ခံရေးဌာန** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်း သူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ အရည်အသွေးစစ်ဆေး၍ လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုသည့်ဌာနကို ဆိုသည်။

(စ) **သိုလှောင်ခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်း သူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ယူပြီး အစားထိုးကုသ ရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသန ပြုရန်ဖြစ်စေ လိုအပ်သည့်အချိန်တွင် အသင့်ရှိစေရေးအတွက် သတ်မှတ် ချက်များနှင့်အညီ လက်ခံရေးဌာနက ထိန်းသိမ်းထားခြင်းကို ဆိုသည်။

(ဆ) **ထုတ်ပေးခြင်း** ဆိုသည်မှာ သိုလှောင်ထားသောကိုယ်အင်္ဂါအစိတ် အပိုင်းကို အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လက်ခံရေး ဌာနက ထုတ်ပေးခြင်းကို ဆိုသည်။

(ဇ) **အစားထိုးကုသခြင်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုပျက်စီးဆုံးရှုံးရသူ၏ ပျက်စီး ဆုံးရှုံးသွားသောကိုယ်အင်္ဂါအစိတ်အပိုင်းကိုလှူဒါန်းသူ၏ ကိုယ် အင်္ဂါအစိတ်အပိုင်းဖြင့် အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော် လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ကုသခြင်းကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်း သူအား လက်ခံရေးဌာနက ထုတ်ပေးသည့် ကိုယ်အင်္ဂါအစိတ် အပိုင်းလှူဒါန်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ည) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ** ဆိုသည်မှာ ကိုယ် အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်း ကိုထုတ်ယူရန် ကျန်းမာရေးဝန်ကြီးဌာန၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူကို ဆိုသည်။

(ဋ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(ဌ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့်ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှု ခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်း၍ မသန်မစွမ်းဖြစ်သူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသပေးနိုင်ခြင်းဖြင့် ပြန် လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေး လုပ်ငန်းများနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့်ပညာသင်ကြားရေး လုပ် ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်သူလူထုအတွင်း ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ် များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်း ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအမှူးနှင့် ကိုယ်စားလှယ်(၅) ဦး အဖွဲ့ဝင်

(၃) သင့်လျော်သော ကျွမ်းကျင်သူပညာရှင် (၁၇) ဦး အဖွဲ့ဝင်

(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက် မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်း ရေးမှူးများအဖြစ် သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးတက်များပြားလာ ရေးအတွက် ပညာပေး အစီအစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေး စစ်ဆေးခြင်း၊ ကိုယ် အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့်ထုတ်ပေးခြင်း ပြုရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာ နည်းပညာတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများ မြှင့်တင်နိုင်ရန်နှင့် ခေတ်မီနည်းပညာ များ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များရေးဆွဲခြင်းနှင့် ယင်း စီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန် ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အစားထိုးကုသမှုနှင့် သုတေသနလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အပြည် ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်တွင်း သို့ တင်သွင်းခြင်း ဆိုင်ရာစည်းမျဉ်း၊စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ ပြည်တွင်း ပြည်ပမှအစိုးရအဖွဲ့မဟုတ်သော အဖွဲ့ အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများက ပေးအပ်သော အကူ အညီကိုလည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းတို့ကို လည်းကောင်း လက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းကို ခွင့်ပြုခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန် လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိစစ်ရွေးချယ် ၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာဌာနအား ညွှန်ကြားခြင်း၊

(ည) ဤဥပဒေအရ ဖွဲ့စည်းရန်သတ်မှတ်သော အရည်အသွေးစစ်ဆေး ရေးအဖွဲ့အပြင် အခြားကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ ကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၄)
## ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာန သို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

၇။ သေဆုံးသူသည် ပုဒ်မ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းသူ ဖြစ်ကြောင်းသိရှိလျှင် သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကသော်လည်းကောင်း၊ သေဆုံးသူ၏ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကို မောင်နှမကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတစ်ဦးဦးကသော်လည်းကောင်း အနီးဆုံး လက်ခံရေးဌာန သို့ အမြန်ဆုံးအကြောင်းကြားရမည်။

၈။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ထုတ်ပေးသော အသိ အမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။ ထိုသို့အကြောင်းကြားလာလျှင် ယင်း၏အမည် ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

၉။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လက်ခံခြင်းနှင့် ပတ် သက်၍ သက်ဆိုင်ရာ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)
## ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း

၁၀။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

(ခ) လိုအပ်ပါက မှုခင်းဆရာဝန်ကမှုခင်းဖြစ်ရပ် တစ်ခုခုကြောင့် ရင်ခွဲစစ်ဆေးလျက်ရှိသော သေဆုံးသူထံမှ သတ်မှတ်အရည် အသွေးနှင့်ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူ ရန် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးထံမှ ဦးစားပေး အစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ လက်ခံရေး ဌာနသို့ စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၁။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အောက် ပါအကြောင်းတစ်ရပ်ရပ်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည်-

(က) သေဆုံးသူက ယင်းမသေဆုံးမီ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာဖြင့် ရေးသားထားခဲ့ခြင်း၊

(ခ) မှုခင်းဆိုင်ရာကိစ္စဖြစ်၍ ရင်ခွဲစစ်ဆေးမှု ဆောင်ရွက်နေဆဲ ဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း။

## အခန်း (၆)
## အရည်အသွေး စစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း

၁၂။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေး စစ်ဆေးရေး အဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ပေးရမည်။

၁၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူကပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ထုတ်ယူရရှိ သော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၄။ လက်ခံရေးဌာနသည် သိုလှောင်ရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ရမည်။

၁၅။ အစားထိုးကုသရန် လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ တောင်းခံ လာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ကို စိစစ်၍ ထုတ်ပေးရမည်။

၁၆။ လက်ခံရေးဌာနသည် အစားထိုးကုသခြင်းတွင် အသုံးပြုနိုင်ခြင်းမရှိ သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပညာသင်ကြားရာတွင်ဖြစ်စေ၊ သုတေ သနပြုရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပေးရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၇။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီမှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။

၁၈။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့် သောသဘောဖြင့် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းပြု၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းစေခြင်း မပြုရ။

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းပြုရန် ဆန္ဒမရှိ သူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူ ရန် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာ လွှမ်းမိုးခြင်းမပြုရ။

၂၀။ မည်သူမျှ လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြား ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို လှူဒါန်းသူ၏ သဘောတူညီချက်မရ ရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၁။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုရ။

၂၂။ မည်သူမျှ ပုဒ်မ ၁၇ မှ ပုဒ်မ ၂၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

၂၄။ မည်သူမဆို ပုဒ်မ ၁၈၊ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၅။ မည်သူမဆိုပုဒ်မ ၂၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၇။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော မျက်စိလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်ကို လည်းကောင်း၊ သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၂၈။ ကျန်းမာရေးဝန်ကြီးဌာနသည်-

(က) အစိုးရဝန်ထမ်း မဟုတ်သော ကော်မတီဝင်များအတွက် သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ကော်မတီ၏ အသုံးစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၉ ။)**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပင်စင်အက်ဥပဒေ (The Pensions Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ရှစ်မျက်နှာစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မြို့မဈေးတစ်ပတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၇ နာရီက ကျင်းပရာ မြို့တွင်း ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်သံဃာတော်အပါး ၁၀၈ ပါးနှင့် သီလရှင်ဆရာလေးများ ကြွရောက်အလှူခံယူတော်မူကြစဉ်။** (၀၂၈)

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လုပ်ငန်းရှင်းလင်း

**လားရှိုး နိုဝင်ဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လုပ်ငန်းရှင်းလင်းပွဲကို လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၄ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC )သမိုင်းကြောင်းနှင့် လုပ်ငန်းစဉ်များကို မန္တလေးနှင့် လားရှိုး တာဝန်ခံ Mr. Loren Zo Redalie က ရှင်းလင်းပြောကြားခဲ့သည်။

၄င်းက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် မည်သည့်အဖွဲ့အစည်း၏ ထောက်ပံ့ခံအဖွဲ့အစည်း မဟုတ်ကြောင်း၊ ကြားနေအဖွဲ့ဖြစ်ကြောင်း၊ စစ်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများ၊ စစ်ပွဲအတွင်း အသက်အန္တရာယ်ထိခိုက် အကူအညီလိုအပ်နေသူများ၊ ကွဲကွာနေသော မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေး စသည့်ကိစ္စရပ်များကို လုပ်ဆောင်ပေးခြင်းဖြစ်သည်ဟု ပြောကြားသည်။

ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ICRC ၏ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## သခွားမွှေးစိုက်ပျိုးရန် အဝီစိတွင်းတူးရာမှ မြေအောက်ရေလျှံတွင်း နှစ်တွင်းထွက်ရှိ

**စဉ့်ကိုင် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် အဝီစိတွင်းတူးရာမှ ရေလျှံတွင်းနှစ်တွင်း ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်က တရုတ်လူမျိုးအချို့ စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအုပ်စု ရွာသစ်ကျေးရွာသို့ ရောက်ရှိလာပြီး ဒေသခံတောင်သူများထံမှ မြေများငှားရမ်း၍ သခွားမွှေးများစိုက်ခဲ့ကြကြောင်း၊ အဆိုပါ တရုတ်လူမျိုးများက တစ်နှစ်စာချုပ်ဖြင့်မြေငှား၍ သခွားမွှေးများစိုက်ပျိုးရာ၌ အသုံးပြုရန်စိုက်ခင်း၏တောင်ဘက်တွင် အဝီစိတွင်းနှစ်တွင်းနှင့် မြောက်ဘက်တွင်တစ်တွင်း တူးဖော်ခဲ့ကြရာ မြောက်ဘက်မှတွင်းမှာ ရိုးရိုးအဝီစိတွင်းအဖြစ်သာရရှိခဲ့ကြောင်း၊ တောင်ဘက်မှ အဝီစိတွင်းနှစ်တွင်းမှာ ရေစုပ်စက်အသုံးပြုရန်မလိုဘဲ မြေအောက်ရေများ သဘာဝအတိုင်း ပန်းထွက်လာကြောင်း၊ ယခုအခါ ရေစုပ်စက်နှင့်တွဲ၍ စိုက်ခင်းများအတွင်း အသုံးပြုလျက်ရှိကြောင်း၊ စာချုပ်စေ့၍ စာချုပ်သစ်မချုပ်မီ လက်ရှိပိုင်ရှင် ဒေါ်အမာစိန်က မူလပိုင်ရှင်ထံမှ လွှဲပြောင်းဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့မြေယာများ နိုင်ငံခြားသားများ ပိုင်ဆိုင်မှုမှ ကာကွယ်သည့်အနေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရေလျှံတွင်းနှစ်တွင်းမှ ထွက်သောရေများကို ရေကန် တစ်ခုတူးဖော်၍ စုဆောင်းသိုလှောင်ထားပြီး ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်စီစဉ်ထားကြောင်း၊ အဆိုပါရေလျှံတွင်းမှာ အမေဂျမ်းတောင် သဘာဝရေထွက်နှင့် အရှေ့ဘက် သုံးဖာလုံခန့်အကွာတွင် တည်ရှိကြောင်း၊ အမေဂျမ်းတောင်၏ အနောက်ဘက်မှမြေများမှာ စက်မှုဇုန်တည်ဆောက်ရန်အတွက် သိမ်းထားသော ပလပ်မြေများ၊ နွားစားကျက်များဖြစ်ကြောင်း ဒေသခံတစ်ဦးက ရှင်းလင်းပြောပြ၍ သိရသည်။ **(၁၆၀)**

## လူမှုရေး၊ စီးပွားရေး ကြော်ငြာများကို အနယ်နယ်အရပ်ရပ်ရှိ အောက်ပါလိပ်စာများတွင် ထည့်သွင်းကြော်ငြာနိုင်ပါသည်

- ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၁၈
- နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း) ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) အမှတ်(၇၇) ၊ ၅၂ လမ်း၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂
- မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်) အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) နတ်မောက်လမ်း၊ တပ်မ (၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) အမှတ်(၄၁) ရောရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊ (၁၂) ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း ၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက် (မုံရွာ) နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာဘုန်းတော်ကြီးကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားတွင် နိုဝင်ဘာ ၂၆ ရက်(တန်ဆောင်မုန်းလပြည့်ည)က (၂၅) ကြိမ်မြောက် ဆီမီးအလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်ထားသည်ကို ကြည်ညိုစွာဖူးတွေ့ရစဉ်။

ဓာတ်ပုံ-ဘော်ဂါသွေး





**ညောင်ဦးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့က ပြည်တွင်းပြည်ပမှ ဘုရားဖူးများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** (အဆိုပါ ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ (၉၅၆)ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။)

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# “နိုင်ငံပိုင်မီဒီယာကနေ ပြည်သူ့ဗဟိုပြု မီဒီယာပြောင်းလဲရာမှာလည်း ကျယ်ကျယ်ပြန့်ပြန့်အကူအညီပေးဖို့ ဆောင်ရွက်နေပါတယ်”

**Mr. Peter Limbourg**


**တွေ့ဆုံမေးမြန်း**
**မင်းသစ်၊ မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**


ရန်ကုန်　နိုဝင်ဘာ　၂၆

**လွတ်လပ်၍ အမှီအခိုကင်းသောမီဒီယာများ ပေါ်ထွက်လာစေရန်အတွက် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပခဲ့သည်။**

**ဆွေးနွေးပွဲအပြီးတွင် ရုပ်သံမီဒီယာ၊ အွန်လိုင်းမီဒီယာ၊ ပုံနှိပ်မီဒီယာများမှ တာဝန်ရှိသူတချို့၏ လက်ရှိမြန်မာ့မီဒီယာလောကအပေါ် သဘောထားအမြင်များ၊ အနာဂတ်မြန်မာ့မီဒီယာလောက၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်စုစည်းတင်ပြလိုက်ပါသည်။**



ဦးဝင်းကြည်



Mr. Peter Limbourg



ဦးကျော်မင်းဆွေ



ဦးစိုးမြင့်



ဒေါ်မေသကြိန်ဟိန်

**ဦးဝင်းကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

“မီဒီယာတွေအနေနဲ့ အဓိကရည်ရွယ်ချက်ကတော့ လွတ်လပ်ရမယ်၊ အမှီအခိုကင်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဦးတည်နေကြတာပါ။ တစ်ယောက်နဲ့ တစ်ယောက် လွတ်လပ်မှုကို ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ၊ အမှီအခိုကင်းတာဆိုတာကို ဘယ်လို အဓိပ္ပာယ်သတ်မှတ်မလဲဆိုတာ အသိပညာမျှဝေကြတာဖြစ်ပါတယ်။ DW ကလည်း သူတို့ရဲ့ အတွေ့အကြုံတွေကို မျှဝေတာပါ။ ဒါဆိုရင် အခုလုပ်ဆောင်နေတဲ့ မီဒီယာလုပ်ငန်းတွေကို ကျွမ်းကျင်တဲ့ မီဒီယာစစ်စစ်အနေနဲ့ ပိုပြီးဆောင်ရွက်နိုင်တဲ့ အခြေအနေကောင်းတွေ၊ အကြံဉာဏ်ကောင်းတွေ၊ နည်းလမ်းကောင်းတွေရရှိပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြဖို့ အခွင့်အလမ်းတွေ ရရှိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မီဒီယာတိုင်းဟာ လွတ်လပ်မှုနဲ့ အမှီအခိုကင်းမှု တကယ်ကျွမ်းကျင်တဲ့ မီဒီယာကောင်းတစ်ယောက်ဖြစ်ရေး လုပ်ဆောင်ဖို့လိုပါတယ်။ ဒီလိုပီသဖို့ကလည်း မီဒီယာသမားတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တို့၊ ခံဝန်ချက်တို့၊ ကတိကဝတ်တို့ကို လိုက်နာဖို့လိုပါတယ်။ ဒါတွေကို ခိုင်မာတဲ့ကျင့်ဝတ်စည်းကမ်းတွေ ရေးဆွဲနိုင်ရေး ကျွန်တော်တို့ ကြိုးစားရေးဆွဲရမယ်။ ရေးဆွဲထားတဲ့အတိုင်းလည်း မီဒီယာသမားတွေ လိုက်နာကြမယ်ဆိုရင် မြန်မာပြည်က မီဒီယာသမားတွေအတွက် အနည်းနဲ့အများ လွတ်လပ်မှုနဲ့ အမှီအခိုကင်းမှုတွေကို ရရှိမှာဖြစ်ပါတယ်။

**Mr. Peter Limbourg (International Broadcaster၊ ဂျာမနီနိုင်ငံအခြေစိုက် ရုပ်သံဌာန DW Akademie)**

ကျွန်တော်တို့က ဒီလုပ်ငန်းကို လုပ်ကိုင်တာ နှစ် ၆၀ ကျော်ပါပြီ၊ ဘာသာပေါင်း ၃၀ ကျော်နဲ့ ထုတ်လွှင့်နေပါတယ်။ အထူးသဖြင့် အာရှတိုက်ကို ဦးစားပေးပြီး ထုတ်လွှင့်ပေးနေပါတယ်။ DW Channel ကို ကြည့်ရှုတဲ့ပရိသတ်တွေလည်း များလာပါတယ်။ မြန်မာပြည်က ပရိသတ်တွေက DW က ထုတ်လွှင့်တဲ့အစီအစဉ်တွေကိုကြည့်ပြီး အကျိုးကျေးဇူးတွေ အများကြီးရရှိမယ်လို့ ယုံကြည်ပါတယ်။ DW Akademie ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက ကမ္ဘာတစ်ဝန်းလုံးမှာ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုက အများဆုံးဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့က ဂျာနယ်လစ်တွေကို သင်တန်းတွေပေးခွင့်ရတာ Media regulation အသစ်တွေ အကြံဉာဏ်ပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အထူးသဖြင့် ဒီလိုဆောင်ရွက်ပေးမှုတွေက မြန်မာနိုင်ငံသားတွေအတွက် တန်ဖိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ Media freedom အတွက်လည်း ကျွန်တော်တို့က ဝိုင်းဝန်းဆောင်ရွက်ပေးပါမယ်။ Free Press နဲ့ Good Regulator for Press က လူ့အဖွဲ့အစည်းအတွက် အလွန်တန်ဖိုးရှိတယ်။ နိုင်ငံရေးတည်ငြိမ်မှုအတွက် ရေရှည်မှာ အလွန်ကြီးတယ်။ ကျွန်တော်တို့က Media Relation နဲ့ ပတ်သက်ပြီး ဂျာမနီဟာ ဘာတွေလုပ်နေလဲဆိုတာလည်း အသိပေးပါတယ်။ Technical အပိုင်းတွေ Ethic တွေအကြောင်း State Media ကနေ Public Media အဖြစ် ပြောင်းလဲရာမှာလည်း ကျယ်ကျယ်ပြန့်ပြန့် အကူအညီပေးဖို့ ဆောင်ရွက်နေပါတယ်။ ဒီအစည်းအဝေးမှာ မီဒီယာတွေက Private Media ရော၊ Public Media ပါ ပါဝင်တက်ရောက်ဆွေးနွေးကြတယ်။ အကြောင်းအရာမျိုးစုံ ဆွေးနွေးကြတယ်။ နိုင်ငံရေးတည်ငြိမ်မှုအတွက် မီဒီယာက လူ့အဖွဲ့အစည်းအတွက် အလွန်ကို အရေးကြီးပါတယ်။

**ဦးကျော်မင်းဆွေ (The Voice အယ်ဒီတာချုပ်)**

ဆွေးနွေးပွဲမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရတာဆိုတော့ ကောင်းပါတယ်။ နောက်တက်လာမယ့် အစိုးရသစ်လက်ထက်မှာ ဘယ်လိုစိန်ခေါ်မှုတွေရှိလာမလဲဆိုတာ စောင့်ကြည့်နေတယ်။ ကျွန်တော်တို့ဖြစ်ချင်တာက လွတ်လပ်ပြီး တရားမျှတတယ်ဆိုရင် ပြဿနာမရှိဘူး။ မျှတတယ်ဆိုတာကလည်း ယှဉ်ပြိုင်မှုဈေးကွက်ထဲမှာ မျှမျှတတ ယှဉ်ပြိုင်မှုဖြစ်ဖို့လိုတယ်။ အဲဒါကို မျှော်လင့်တယ်ဟု ပြောသည်။

**ဦးစိုးမြင့် (အယ်ဒီတာချုပ်၊ မဇ္ဈိမမီဒီယာ)**

မြန်မာနိုင်ငံရဲ့ မီဒီယာ ပြုပြင်ပြောင်းလဲမှုက ပြီးခဲ့တဲ့ လေးနှစ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တာတွေအများကြီးပဲ၊ အထူးသဖြင့် လွတ်လပ်တဲ့ မီဒီယာအဖွဲ့အစည်းတွေ ပေါ်လာတယ်။ သတင်းထောက်အဖွဲ့အစည်းတွေ၊ အစည်းအရုံးတွေက ရန်ကုန်တင် မကဘူး၊ နယ်တွေပါ ပေါ်ပေါက်လာတယ်။ ပုဂ္ဂလိကမီဒီယာဘက်မှာ လွတ်လပ်စွာ လုပ်ပိုင်ခွင့်လိုင်စင်တွေချပေးခဲ့တာ၊ စာနယ်ဇင်းကောင်စီလိုဟာမျိုးတွေ ဖြစ်လာတယ်။ ရုပ်သံမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာတွေ နောက်တစ်ဆင့်မှာ ဖြစ်ပေါ်လာမယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်တယ်ဆိုတဲ့ ပုဂ္ဂလိကမီဒီယာတွေက အစိုးရမီဒီယာနဲ့ ယှဉ်လိုက်ရင် သေးသေးလေး၊ လွတ်လပ်စွာ အမှီအခိုကင်းစွာ ရပ်တည်နိုင်ဖို့ စိန်ခေါ်မှုတစ်ခုပေါ့၊ ပြောင်းလဲလာတဲ့ မီဒီယာရဲ့ အနေအထားတွေမှာ မိုဘိုင်းဖုန်းတွေ ရှိလာတယ်။ မိုဘိုင်းဖုန်းတွေကနေ သတင်းတွေကြည့်လာတယ်၊ ဖတ်လာတယ်၊ ကိုယ်က အဲ့ဒီအပြောင်းအလဲမှာ ဘယ်လိုလုပ်မလဲဆိုတဲ့ စိန်ခေါ်မှု၊ နောက်တစ်ခုက ရုပ်သံတွေ ပွင့်လာတဲ့အပေါ် ရုပ်သံရောလုပ်မလား၊ ပြောင်းလဲမှုက မီဒီယာသမားတွေအတွက် ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ အထိ ရင်ဆိုင်ကျော်ဖြတ်ရမယ့် စိန်ခေါ်မှုတွေလို့မြင်တယ်။ ကောင်းလာတာကတော့ ပိုကောင်းလာတယ်။ ဒါပေမယ့် ရုပ်သံမှာ ခုချိန်ထိ လွတ်လပ်မှုမရသေးဘူး။ အတည်ပြုလိုက်တဲ့ဥပဒေတွေနဲ့ နောက်ထွက်ပေါ်လာမယ့်ဥပဒေတွေက ရုပ်သံမီဒီယာမှာလည်း ပိုပြီးလုပ်ပိုင်ခွင့်တွေရလာမယ်လို့ မျှော်လင့်တယ်။ အဲဒါတွေက ကောင်းလာမယ့် ဖြစ်ထွန်းတိုးတက်မှုလို့ မြင်တယ်။

**ဒေါ်မေသကြိန်ဟိန် (CEO မြစ်မခ မီဒီယာ)**

ကျွန်မတို့ မီဒီယာသမားတွေကလည်း စတုတ္ထမဏ္ဍိုင်ဆိုတဲ့ အတိုင်း အစိုးရက ကြိုက်ခြင်း၊ မကြိုက်ခြင်းအပေါ် ခံစားလို့မရဘူး၊ ရေးသင့်ရေးထိုက်တာ၊ ပြောသင့်ပြောထိုက်တာကို မီဒီယာသမားတွေက ပြောရမှာ၊ ပြောတဲ့အခါကျရင် ပြည်သူကြိုက်တဲ့ အစိုးရပေမယ့် မီဒီယာသမားတွေအနေနဲ့ ပြောသင့်ပြောထိုက်တာကို ပြောရမယ်၊ အဲလိုဆိုရင် ပြည်သူနဲ့ မီဒီယာအကြား ပဋိပက္ခရှိလာနိုင်တယ်။ ဒီနေ့ ရုပ်သံလွှင့်မီဒီယာ ဥပဒေနဲ့ပတ်သက်ပြီး နည်းနည်းဆွေးနွေးကြတယ်။ ကျွန်မအနေနဲ့ ပိုစိတ်ဝင်စားတာက ရုပ်သံလွှင့်မီဒီယာဥပဒေကိုလည်း စိတ်ဝင်စားတယ်။ သမ္မတကြီး ဦးသိန်းစိန်အစိုးရသက်တမ်းအတွင်းမှာ ဒါကို အကောင်အထည် ဖော်တယ်။ ဒါပေမယ့် မအောင်မြင်လိုက်ဘူး။ နောက်အစိုးရ သစ်သက်တမ်းမှာ နည်းဥပဒေထုတ်ပြန်နိုင်တဲ့ အနေအထားရှိတယ်။ စိတ်ဝင်စားစရာကောင်းပါတယ်။ မီဒီယာသမားတွေကတော့ မီဒီယာသမားဆိုတဲ့ အတိုင်းပဲ ကြိုက်ခြင်း၊ မကြိုက်ခြင်းအပေါ် မခံစားဘူး။ ပြောသင့်ပြောထိုက်တာကို ပြောရမယ်။ လက်ရှိအနေအထားထိ မြန်မာနိုင်ငံမှာ လွတ်လပ်စွာသတင်းရယူပိုင်ခွင့်မရှိသေးဘူး။ Media Law လို့ပြောရင် လွတ်လပ်စွာ သတင်းရယူပိုင်ခွင့် ဘယ်လောက်အတိုင်းအတာအထိ လိုသလဲ၊ အမြဲတမ်း ထည့်သွင်းစဉ်းစားသင့်တယ်။

# နိုင်ငံတော်အစိုးရ အင္ဂမအကြိမ် မဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သာသနာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပပြုလုပ်သော အင္ဂမအကြိမ် မဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားအား ကျင်းပသည်။** (ယာပုံ)




အခမ်းအနားသို့ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒ အမှူးပြုသော မဇ္ဈိမဒေသတွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်ကြီး အပါး ၃၀၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး၊ မြန်မာစစ်သံမှူးကြီး၊ ကောင်စစ်ဝန်ချုပ်၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသော အလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုဝင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရာမညဘူမိဗုဒ္ဓဝိဟာရ(မွန်)ကျောင်းဆရာတော် ဘဒ္ဒန္တနာရဒသီရိ၊ မဟာအောင်မြေ(ရခိုင်) ကျောင်းဆရာတော် ဘဒ္ဒန္တသုပိယနှင့် ကမ္ဘောဇ(ရှမ်း) ကျောင်းဆရာတော် ဘဒ္ဒန္တကေလာနန္ဒတို့အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီသို့ သွားရောက်၍ စေတီတော်အတွင်းရှိ ပါလခေတ် ဗုဒ္ဓရုပ်ပွားတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၁ ရက်တွင် ဗာရာဏသီမြို့ရှိ ဆေးဝက်ပါကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တမဏ္ဍလနှင့် ဆန်းစ်ခရစ်တက္ကသိုလ်၊ B.H.U တက္ကသိုလ်တို့တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအား လည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ဗုဒ္ဓဂယာရှိ မြန်မာဗုဒ္ဓဘာသာပညာရေးဗိမာန်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒနှင့် မာဂဓတက္ကသိုလ်တွင် ပညာသင်ယူနေကြသော မြန်မာရဟန်းတော်များအား လည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ရာဇဂြိုဟ်မြို့ရှိ နာလန္ဒာ တရုတ်မြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရနှင့် နာလန္ဒာတက္ကသိုလ်တွင် ပညာသင်ယူနေသော မြန်မာရဟန်းတော်များအားလည်းကောင်း အသီးသီးဖူးမြော်၍ ပညာသင်နဝကမ္မအလှူငွေများ လှူဒါန်းကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။ **(သတင်းစဉ်)**

# လူထုဒေါ်အမာ နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး နိုဝင်ဘာ ၂၆**

ပြည်သူချစ်သော သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက (၈၄)လမ်းနှင့် (၃၁) လမ်းထောင့်ရှိ ဓမ္မသာလခန်းမ၌ ကျင်းပခဲ့သည်။






အခမ်းအနားတွင် ဆရာမောင်သင့်နော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ဆရာကိုလေး(အင်းဝဂုဏ်ရည်)နှင့် ဆရာ ညီပုလေးတို့က အမှတ်တရစကားများပြောကြားခဲ့ကြပြီး ကျောက်ဆည်မြို့ အောင်ဆန်းဇာနည်ဆင်အကအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသည့် ဆရာမကြီး လူထုဒေါ်အမာ၏ ကိုယ်ရေးအတ္ထုပတ္တိမှတ်တမ်းဓာတ်ပုံများ၊ လက်ရေးမူများအား လေ့လာကြည့်ရှုကြပြီး အမှတ်တရစာအုပ်များနှင့် လွယ်အိတ်များကို အားပေးခဲ့ကြသည်။

ထို့အပြင် ည ၇ နာရီတွင် ဆရာမကြီး လူထုဒေါ်အမာ၏ ထင်ရှားကျော်ကြားခဲ့သည့် ပြည်သူချစ်သော အနုပညာသည်များ စာအုပ်ကိုဂုဏ်ပြုသောအားဖြင့် ပြည်သူချစ်သောလူထုဒေါ်အမာနှင့် အနုပညာသည်များ ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို မြို့မ ကိုရွှန်းမြိုင်ရေးသားပြီး မြို့မ မောင်မယ်များသီဆိုထားသည့် မိခင်သို့ နှစ်တစ်ရာပြည့်လွမ်းခြင်းဖြင့် အဖွင့်သီချင်းသီဆိုဖွင့်လှစ်ပြီး ပြည်သူချစ်သော အနုပညာရှင်များစာအုပ်မှ ပညာရှင်ကြီးများဖြစ်ကြသော မထွေးလေး၊ ရုပ်သေးမင်းသမီးဆရာပုကြီး၊ မြခြေကျင်းမငွေမြိုင်၊ ကောလိပ်စိန်၊ စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ မြို့မငြိမ်းတို့၏ အနုပညာရပ်များကို ဆရာဆူးငှက်က ဟောပြောကာ ငါးမည်ရတင်သိန်း၊ အကပညာရှင် ဒေါ်ခင်ဝင်းနွယ်၊ ပန်တျာငွေငွေမြင့်၊ မင်းသားအောင်၊ တွယ်တာတုံတို့က သီချင်းများဖြင့် သီဆိုသရုပ်ဖော် ကပြဖျော်ဖြေခဲ့ကြရာ မြို့မတူရိယာအသင်း၊ ရွာစားစိန်တင့်လွင်၊ တက္ကသိုလ်ခင်မြလွင်တို့ကလည်း ပူးပေါင်းပါဝင်တင်ဆက်ခဲ့ကြကြောင်း သိရသည်။


## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးများ (ပဲခူး/ပြည်/တောင်ငူ)၊ ခုတင် (၁၀၀)ဆေးရုံ၊ ခုတင် (၅၀)ဆေးရုံ၊ (၂၅) ခုတင်ဆံ့ဆေးရုံ၊ (၁၆) ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
(၂) ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးများ (ပဲခူး/ပြည်/တောင်ငူ)အတွက် တင်သွင်းလိုသည့်လျှောက်လွှာများကို သက်ဆိုင်ရာဆေးရုံကြီးများတွင် လျှောက်ထားရန်ဖြစ်ပြီး ကျန်ဆေးရုံများအတွက် တင်သွင်းလိုသည့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးတွင် လျှောက်ထားရန်ဖြစ်ပါသည်။
(၃) **တင်ဒါပုံစံရောင်းချမည့်ရက်-** ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်-** ၂၄-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီ
(၄) တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊**

| | |
|---|---|
| **ပဲခူးမြို့** | **ဖုန်း-၀၅၂-၂၂၂၁၅၁၁၊ ၂၂၂၀၂၈** |
| **ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီး** | **၀၅၂-၂၂၂၃၂၀၁၊ ၂၂၂၀၂၈** |
| **ပြည်မြို့၊ ပြည်သူ့ဆေးရုံကြီး** | **၀၅၃-၂၇၃၅၁** |
| **တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး** | **၀၅၄-၂၅၉၀၆** |



**မာန်အောင်မြို့နယ်လုံးဆိုင်ရာ**
**ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့တည်းခိုဆောင်(ရန်ကုန်)၏**
**လေးနှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသို့ ဖိတ်ကြားခြင်း**

မာန်အောင်မြို့နယ်လုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့တည်းခိုဆောင်(ရန်ကုန်)၏ လေးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို အောင်သပြေတောရကျောင်းတိုက်၊ ရှခင်းသာလမ်းမကြီး၊ (၁၃)ရပ်ကွက်၊ သာကေတမြို့နယ် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်) ၂၉-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသောကြောင့် မာန်အောင်မြို့နယ်သူ မြို့နယ်သားများအား (ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ) ယင်းအခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်များ**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
<u>အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြေညာခြင်း</u>

၁။ မြန်မာ့မီးရထားမှပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (၁) | ၅/၂၀၁၅-၂၀၁၆/မမ | -တောင်ငူစက်ရုံရှိချောဆီပျက် | (၄၅၁)ဂါလံ |
| | | -ပျဉ်းမနားစက်ရုံရှိချောဆီပျက် | (၄၃၈၈.၅)ဂါလံ |
| (၂) | ၆/၂၀၁၅-၂၀၁၆/မမ | -မလွကုန်းဒီဇယ်စက်ရုံရှိချောဆီပျက် | (၇၃၂၈)ဂါလံ |
| | | -အင်းစိန်ဒီဇယ်စက်ရုံရှိချောဆီပျက် | (၄၈၀၃)ဂါလံ |

တင်ဒါပိတ်ရက်/အချိန် - ၉.၁၂.၂၀၁၅ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၇.၁၁.၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၂၉၁၉၉၁၊ ၂၉၁၉၉၄



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၃၃ နေ ဦးနိုင်ထွန်း ၁၀/ကထန(နိုင်)၀၉၀၀၀၁ နှင့် ဒေါ်ဥမ္မာသန်း ၁၀/မလမ(နိုင်)၁၂၈၄၆၄ တို့၏သား မောင်ဝင်းနိုင်ထွန်းသည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးနိုင်ထွန်း-ဒေါ်ဥမ္မာသန်း**



## ဖခင်အမှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၁)၊ နမ္မတူလမ်း၊ အမှတ် ၂၄ နေ ကျွန်မ ဒေါ်နန်းစိန်ညွန့် ၁၃/လရန(နိုင်)၁၄၅၈၅၉ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစိန်ထွန်းဖြစ်ပါသည်။



## မွေးသက္ကရာဇ်အမှန်

ချောက်မြို့၊ စလေရဲစခန်းဝင်းနေ ဦးဝင်းမောင်၏သမီး စလေ အထကကျောင်း၊ သတ္တမတန်း(A) မှ မဟန်သီဝင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၅-၂၀၀၃ ဖြစ်ပါကြောင်း။



## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးမြင့် ၁၀/သဖရ(နိုင်)၀၇၀၄၅၇ ၏ Passport No မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၇၀၇၁၀**



## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးပိုင် ၁၀/မလမ(နိုင်)၂၃၇၃၄၂ ၏ Passport No မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ပီတောက်လမ်း၊ အမှတ်(၁၃၉)၊ ၂၅ ပေ × ၅၀ ပေ မြေပိုပါနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဂရံအမည်ပေါက်ပိုင်ရှင် ဦးမောင်အေး(ခ) ဦးဆာမိ HGU ၈၈၀၄၁၀ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တော်မှ စရံငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

ဦးသန့်စင်ထွန်း (၁၂/တမန(နိုင်)၀၅၇၈၃၀)
၀၁-၂၉၂၂၄၁၊ ၀၉-၇၉၈၄၀၇၃၁၃၊ ၀၉-၄၂၀၂၅၇၈၆၀
(ရုံးချိန် ၉:၀၀ မှ ၅:၀၀ အတွင်း တနင်္ဂနွေနေ့မှအပ)



## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးထွန်း ၁၀/ပမန(နိုင်)၁၅၁၄၇၆ ၏ Passport No မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**



## ပျောက်ဆုံးကြောင်း

ကျွန်မ ဇာခြည်ဝင်း ၁/ဝမန(နိုင်)၀၆၁၁၇၈ PPNo-251704 ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၄၀၄၉၉၁**

# ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၃၅၀၀ ကျော် စာရင်းပေးသွင်းထား

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၁၆ နှစ်ဆန်းပိုင်းတွင် ကျင်းပမည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသူဦးရေသည် နိုဝင်ဘာ ၂၃ ရက်တွင် ၃၅၀၀ ကျော်အထိရှိနေပြီဖြစ်ရာ စာရင်းပိတ်မည့် ဒီဇင်ဘာ ၁၈ ရက်တွင် ပြိုင်ပွဲဝင်ဦးရေ ငါးထောင်ခန့်အထိ ရှိလာနိုင်ကြောင်းနှင့် ကျင်းပခဲ့ပြီးသည့် ပြိုင်ပွဲများအနက် အကြီးဆုံး ပြိုင်ပွဲကြီး ဖြစ်လာနိုင်ကြောင်း သိရသည်။

"YYIM ၂၀၁၆ ပြိုင်ပွဲနီးလာတာနဲ့အမျှ ပြိုင်ပွဲဝင်ဖို့ စာရင်းပေးတဲ့ လူဦးရေဟာလည်း ပိုများလာပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ပြိုင်ပွဲဝင်ဟောင်းတွေရော ဒီနှစ်မှာမှ စပြိုင်မယ့် ပြိုင်ပွဲဝင်သစ်တွေရော အားတက်သရောနဲ့ တက်တက်ကြွကြွ ပါဝင်လာကြပါတယ်။ ပြိုင်ပွဲဝင်အပြေးသမားတွေအတွက် ကျွန်တော်တို့ရဲ့ လူမှုအကူအညီအထောက်အပံ့တွေနဲ့ ဖျော်ဖြေမှုတွေအပါအဝင် အပြေးလမ်းကြောင်းတွေကို တစ်နှစ်ထက်တစ်နှစ် ပိုပြီးကောင်းမွန်လာအောင် အားထုတ်ထားပါတယ်"ဟု Yoma Strategic Holdings လီမိတက်မှ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ ပရောဂျက်မန်နေဂျာ ဦးဉာဏ်မင်းစိုးက ပြောသည်။

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲတွင် အသက် ၁၆ နှစ်နှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ၄၂ ကီလိုမီတာနှင့် ၂၁ ကီလိုမီတာပြိုင်ပွဲများ၊ အသက် ၁၂ နှစ်အထက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲနှင့် အသက်ကန့်သတ်ချက်မရှိသော ၅ ကီလိုမီတာ၊ ၃ ကီလိုမီတာ အပျော်တမ်းအပြေးနှင့် လမ်းလျှောက်ပြိုင်ပွဲများ ပါဝင်ပြီး ဝင်ကြေးများမှာ နိုင်ငံသားတစ်ဦးလျှင် ကျပ်ရှစ်ထောင်ဖြစ်ကာ နိုင်ငံခြားသားများအနေဖြင့် ၄၂ ကီလိုမီတာပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ ၆၀၊ ၂၁ ကီလိုမီတာပြိုင်ပွဲအတွက် ၅၀၊ ၁၀ ကီလိုမီတာပြိုင်ပွဲအတွက် ၄၀ နှင့် ၅ ကီလိုမီတာနှင့် ၃ ကီလိုမီတာပြိုင်ပွဲများအတွက် ဒေါ်လာ ၃၀ ဖြစ်ကြောင်း သိရသည်။




ပြိုင်ပွဲဝင်များအတွက် ပညာပေးအစီအစဉ်ကို လှည်းတန်းစင်တာ၌ ပြုလုပ်ပေးစဉ်။

အပြေးပြိုင်ပွဲအားလုံး၏ စမှတ်နှင့် ဆုံးမှတ်များကို သုဝဏ္ဏ မိုးလုံလေလုံ အားကစားဝင်းအတွင်း ပြုလုပ်ထားမည်ဖြစ်ပြီး မာရသွန်အပြေးလမ်းကြောင်းတွင် ရန်ကုန်မြို့၏ ထင်ရှားကျော်ကြားသော နေရာများဖြစ်သည့် ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံဘုရားနှင့် အင်းလျားကန်များလည်း ပါဝင်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအား ကျန်းမာရေးနှင့် တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်းပြီး အသိပညာပေးအစီအစဉ်ကို ပြိုင်ပွဲစီစဉ်သူများဖြစ်ကြသော Yoma Strategic (YOMA)၊ First Myanmar Investment (FMI) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) တို့က လှည်းတန်းစင်တာ၌ နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မာရသွန်ပြိုင်ပွဲဝင်သူများ ဘေးကင်းလုံခြုံစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် သိသင့်သိထိုက်သော ဗဟုသုတအချက်အလက်များကို မျှဝေဆွေးနွေးပေးခဲ့ကာ စာရင်းသွင်းသူများကိုလည်း အထူးနှုန်းဖြင့် လက်ခံပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ပြီးခဲ့သည့် YYIM ၂၀၁၅ ပြိုင်ပွဲတွင်လည်း ကျန်းမာရေးနှင့် ရှေးဦးသူနာပြု အကူအညီများပေးခဲ့ကာ ယခုပြိုင်ပွဲတွင်လည်း ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် www.yomayangonmarathon.com ဝက်ဘ်ဆိုက်တွင်လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ်ရှိ FMI Centre အခန်းအမှတ် (၆၀၂)တွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ပြီး မြန်မာနိုင်ငံသား ပြိုင်ပွဲဝင်များအနေဖြင့် FMI Centre တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ ရိုးမဘဏ်ခွဲများတွင်လည်းကောင်း စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ယခုနှစ် နှစ်ဆန်းပိုင်းက ကျင်းပခဲ့သော YYIM ၂၀၁၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံတကာမှ ပြိုင်ပွဲဝင် ၄၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အကြီးဆုံး မာရသွန်ပြေးပွဲကြီးအဖြစ် ကျင်းပနိုင်ခဲ့ကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၅၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ပြီးခဲ့သည့် YYIM ၂၀၁၅ ပြိုင်ပွဲမှစ၍ Run for Children ခေါင်းစဉ်ဖြင့် ထောက်ပံ့လှူဒါန်းမှုများကို စတင်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ထားသည့် လူမှုကူညီထောက်ပံ့ရေးအသင်းအဖွဲ့များ၊ ပရဟိတသံတမန်များနှင့် ပြည်သူများ ပူးပေါင်းပြီး ချို့တဲ့နွမ်းပါးသော ကလေးငယ်များအတွက် ရန်ပုံငွေများ ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

## ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်များ ထုတ်ချေး

**ပေါင် နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်က နိုဝင်ဘာ ၂၃ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

စတင်ထုတ်ချေးပေးသည့် နိုဝင်ဘာ ၂၃ ရက်တွင် ပေါင်မြို့နယ် အတွင်းရှိ ဆင်ရွာ၊ ထန်းပင်ချောင်လေးနှင့် ညောင်ကုန်းကြီးကျေးရွာများမှ ဆောင်းသီးထပ်စိုက်ပျိုးသူ တောင်သူများအား စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်းဖြင့် စိုက်စရိတ်ချေးငွေကျပ် ၉၃၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း၊ ကျန်ရှိသော ကျေးရွာများသို့လည်း ချေးငွေများ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဟုတ်သိန်းက ပြောကြားသည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပေါင်မြို့နယ်အတွင်းမှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇၇၂၂ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်တွင်းအလုပ်အကိုင်နေရာ ၅၀၀ ကျော်ကို Pizza Hut Myanmar မှ ဖန်တီးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တွင် ပထမဆုံးဆိုင်ကို စတင်ဖွင့်လှစ်သည့် Pizza Hut Myanmar သည် နိုဝင်ဘာ ၂၄ ရက်က ဆိုင်စတင်ဖွင့်လှစ်ချိန်တွင် အလုပ်အကိုင်နေရာ ၁၀၀ ကျော်ကို ဖန်တီးပေးထားပြီးဖြစ်ကာ သုံးနှစ်အတွင်း နောက်ထပ်အလုပ်အကိုင်နေရာ ၅၀၀ ကျော်ကို ဖန်တီးပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

"၉၇ ရာခိုင်နှုန်းသော ဝန်ထမ်းတွေက ပြည်တွင်းမှဖြစ်တဲ့အပြင် အစားအသောက်ပြုလုပ်ရာမှာပါဝင်တဲ့ ကုန်ကြမ်းပစ္စည်းအများစုကလည်း ပြည်တွင်းမှ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်မီ အလေ့အကျင့်၊ လုပ်ငန်းအဆင့်ဆင့်၊ ဗဟုသုတတွေကို ပြည်တွင်းဝန်ထမ်းတွေအတွက် သေသေချာချာ စနစ်တကျနဲ့ အကျိုးရှိရှိ လွှဲပြောင်းပေးနိုင်ဖို့ အတတ်ပညာပိုင်းဆိုင်ရာလေ့ကျင့်မှုများနဲ့ အသက်မွေးမှုလုပ်ငန်း တိုးတက်မှုတွေအတွက် များစွာရင်းနှီးမြှုပ်နှံထားပါတယ်။ ဒါမှသာ ပြည်တွင်းမှာရှိတဲ့ ဝန်ထမ်းတွေကလည်း Pizza Hut Myanmar နဲ့အတူ တိုးတက်ကြီးပွားလာမှာဖြစ်ပါတယ်။ အခု ဆိုင်ဖွင့်ပွဲဟာ Pizza Hut Myanmar ရဲ့ အစသာဖြစ်ပြီး လာမယ့်ငါးနှစ်မှာ ဆိုင်ခွဲပေါင်း ၁၅ ဆိုင်ကနေ ၂၀ အထိ နိုင်ငံအနှံ့ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်"ဟု Jardine CM Restaurant Group (JCMRG) မှ Mr. Henry Yip ကပြောသည်။

Pizza Hut Myanmar ကို စီးတီးမတ်ကုမ္ပဏီလီမိတက်နှင့် ဗီယက်နမ်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ မကာအိုတို့တွင် Pizza Hut နှင့် KFC ဆိုင်များ ဖွင့်လှစ်ထားသော Jardine Restaurant Group တို့ ပူးပေါင်းထားသည့် ဖက်စပ်လုပ်ငန်း Jardine CM Restaurant Group(JCMRG)က ဖွင့်လှစ်ထားခြင်းဖြစ်သည်။ Pizza Hut သည် နိုင်ငံပေါင်း ၉၀ ကျော်တွင် ပီဇာဆိုင်များဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတွင် ပထမဆုံးဆိုင်ကို ရန်ကုန်မြို့ ဓမ္မစေတီလမ်းနှင့် ရွှေတောင်ကြားလမ်းထောင့်၌ နိုဝင်ဘာ ၂၄ ရက်က စတင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သွန်းဝသန်**

## ကျော့သဲကျေးရွာ၌ နယ်လှည့်စာပေဟောပြော

**ရိခေါဒါရ် နိုဝင်ဘာ ၂၆**

ချင်းပြည်နယ် ရိခေါဒါရ်မြို့နယ် ကျော့သဲကျေးရွာ၌ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖတ်ရှုခြင်း၏ အကျိုးများအကြောင်း နယ်လှည့်စာပေဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များ၊ စာအုပ်စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်းကို ဟောပြောပြီး ဟောပြောပွဲသို့တက်ရောက်လာသည့် ပြည်သူများနှင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း၊ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ ကျော့သဲကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ထောက်ပံ့ရန်ပုံငွေဖြင့် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဆောက်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသပေး

**ပုသိမ်ကြီး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လိမ်ပင်ကျေးရွာရှိ ရွှေဘုံသာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများအား မန္တလေးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်မေကြည်ဦး၊ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးမှူး ဦးသစ်လွင်နှင့် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဦးတို့ ဦးဆောင်သည့်အဖွဲ့က နိုဝင်ဘာ ၁၈ ရက်တွင် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိုးလုပ်နည်းသင်တန်းဖွင့်

**စဉ့်ကိုင် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန်အတွက် အိုးပြုလုပ်နည်း သင်တန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာလေးရွာ၌ ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သင်တန်းများတွင် အိုးပြုလုပ်နည်းအဆင့်ဆင့်ကို စာတွေ့လက်တွေ့ ပို့ချပေးကြောင်း၊ အိုးလုပ်ရာတွင် ဒေသထွက် သဲ၊ စနယ်မြေ၊ ရွှံ့စေးစသော ကုန်ကြမ်းများကိုသာ အဓိကထား အသုံးပြုရသဖြင့် ရင်းနှီးရသော စရိတ်သက်သာပြီး ကျေးလက်နေပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်ပြုလုပ်နိုင်သောလုပ်ငန်းလည်းဖြစ်၍ သင်တန်းတက်ရောက်ပြီးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မာစန်းက ပြောသည်။



ပထမအကြိမ် သင်တန်းကို နန်းနီ(တ)ကျေးရွာနှင့် နန်းနီ(မ)ကျေးရွာတွင်လည်းကောင်း၊ ဒုတိယအကြိမ် သင်တန်းကို အင်းကျေးရွာနှင့် ကုန်းသာကျေးရွာများတွင်လည်းကောင်း၊ တတိယအကြိမ်သင်တန်းကို အုန်းလက်ကောက်ကျေးရွာနှင့် ကသဲကုန်း ကျေးရွာများတွင်လည်းကောင်း၊ စတုတ္ထအကြိမ်သင်တန်းကို သည်းတည်းကျေးရွာ၊ မြေတော်ကျေးရွာနှင့် နေပူကျေးရွာများတွင်လည်းကောင်း သင်တန်းသား ၄၀ စီဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကွန်ရက် အဆင့်မြှင့်တင်မှုတွင် ADB ၏ချေးငွေ အမေရိကန်ဒေါ်လာသုံးသန်းကျော်ကို သုံးစွဲမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားပို့လွှတ်မှု လမ်းကြောင်းစနစ်ကို ၂၃၀ ကီလိုမီတာအားအထိ ပို့လွှတ်နိုင်ရေး အဆင့်မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၃ ဒသမ ၃သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို သုံးနှစ်ခန့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် ဇွန်လတွင်ပြီးစီးရန်ခန့်မှန်းထားကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် ADB က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အဆင့်မြှင့်တင်မှုအစီအစဉ်သည် ရန်ကုန်မြို့ရှိ ဓာတ်အားသုံးစွဲသူတစ်သန်းခန့်ကို အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကွန်ရက် အဆင့်မြှင့်တင်မှုစီမံကိန်းအရ ၆၆ ကီလိုဗို့ ပို့လွှတ်နေသော သီတာ-သာကေတ-ကျိုက္ကဆံဓာတ်အားလိုင်းကို ၂၃၀ ကီလိုဗို့အထိ ပို့လွှတ်နိုင်ရန် အဆင့်မြှင့်တင်ခြင်းနှင့် တောင်ဥက္ကလာနှင့် အနောက်ပိုင်းတက္ကသိုလ်တို့တွင် ဓာတ်အားခွဲရုံသစ်နှစ်ရုံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းသည် အလုံ၊ သာကေတ၊ တောင်ဥက္ကလာ၊ လှော်ကား၊ မြောင်းတကာ၊ အနောက်ပိုင်းတက္ကသိုလ်၊ လှိုင်သာယာနှင့် အလုံမြို့နယ်အနောက်ပိုင်းတို့ကို လွှမ်းခြုံမှုရှိသော အလွန်အရေးပါသည့် ၂၃၀ ကီလိုဗို့အားရှိ ဓာတ်အားပို့လွှတ်ရေးကွန်ရက် ပြီးမြောက်စေမည်ဖြစ်ကာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ဆောင်ရွက်နေသော လျှပ်စစ်ဓာတ်အားပို့လွှတ်မှုဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

"လျှပ်စစ်ဓာတ်အားကို ပြတ်တောက်မှုမရှိပဲ ဖူလုံအောင် ဖြန့်ဖြူးပေးဖို့နဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာရည်မှန်းချက်တွေပြည့်ဝရေး အထောက်အကူပြုဖို့ ဟောင်းနွမ်းပြီး ဝန်နဲ့အားမမျှတဲ့ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုကွန်ရက်ကို အဆင့်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ ရန်ကုန်မြို့ဟာ နိုင်ငံရဲ့ စီးပွားရေးအချက်အချာတစ်ခုဖြစ်တာမို့ အစိုးရအနေနဲ့ ရန်ကုန်မြို့ရဲ့ အနီးပတ်ဝန်းကျင်နေရာတွေကို ယုံကြည်အားထားရတဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုကို အခုအကူအညီက အထောက်အပံ့ဖြစ်စေမှာပါ" ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ စွမ်းအင်ကဏ္ဍဆိုင်ရာ ဘောဂဗေဒပညာရှင် BuiDuyThanh က ပြောသည်။

စီမံကိန်းအတွက် စီမံခန့်ခွဲမှု ကုန်ကျစရိတ်များ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မှုများ၊ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ဝန်ထမ်းအိမ်ရာများနှင့် ချဉ်းကပ်လမ်းများ တည်ဆောက်မှုစသည်တို့အတွက် ဘဏ္ဍာငွေများကို သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။ လာမည့်ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏စီးပွားရေးသည် နှစ်စဉ် ၇ ဒသမ ၈ ရာခိုင်နှုန်းခန့် တိုးတက်နေမည်ဟု ခန့်မှန်းထားပြီး ယင်းနှင့်အတူ ၂၀၃၀ ခုနှစ်အထိ နှစ်စဉ်ဓာတ်အားလိုအပ်ချက် ၉ ရာခိုင်နှုန်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ယင်းမာပင်မြို့နယ်အတွင်း မိုးစပါးများ အထွက်နှုန်းကောင်းမွန်

**မုံရွာ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ရာသီအတွင်း စပါးအပါအဝင် သီးနှံများကို ၉၉ ကန်၊ ဆည်ရေသောက်စနစ်များဖြင့် စိုက်ပျိုးခဲ့ရာ ယခုအခါ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်းနှင့် စပါးများ အောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"ဒီနှစ်က မိုးနှောင်းပိုင်းမှာ မိုးကောင်းတဲ့အတွက် ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးလို့အဆင်ပြေခဲ့တယ်၊ ခါတိုင်းနှစ်တွေမှာက မိုးစပါးလို့သာ ပြောရတာ၊ ရေသွင်းစိုက်ရတာများတယ်၊ အခုနှစ်ကျတော့ မိုးလယ်ပိုင်းလောက်ပဲ ခဏရေသွင်းရတယ်၊ နွေစပါးကိုလည်း အချိန်မီပြန်စိုက်မှာပါ၊ အခု မိုးစပါးနှစ်ဧကကို စပြီးရိတ်နေတာ အထွက်နှုန်းမဆိုးဘူး၊ တစ်ဧကကို ပျမ်းမျှ တင်း ၇၀ နှုန်းလောက်ထွက်တယ်၊ မနှစ်က တင်း ၄၀ လောက်ပဲ ထွက်တယ်"ဟု မိုးစပါးထွက်ရှိမှုအခြေအနေနှင့်ပတ်သက်၍ ယင်းမာပင်မြို့နယ် လယ်ငေါက်ကျေးရွာမှ တောင်သူဦးဖိုးညိုကပြောသည်။



မိုးစပါးကို ရိတ်သိမ်းရာတွင် ရိတ်သိမ်းပြီးသည်နှင့် တလင်းထဲအရောက်ပို့ပြီး လူအားဖြင့်ခြွေရကြောင်း၊ ရိတ်သိမ်းချိန်တွင်လည်း ကောက်ရိုးရချင်သောကြောင့် လူနှင့်သာရိတ်ရကြောင်း၊ စပါးခြွေလှေ့ခအနေဖြင့် အမျိုးသားတစ်ဦး တစ်ရက်လျှင် ၃၀၀၀ ကျပ်ပေးရပြီး တစ်ဧကကို အမျိုးသားငါးဦးခြွေလှေ့ပါက တစ်ရက်နှင့် ပြီးသောကြောင့် တစ်ဧက ခြွေလှေ့ခ ကျပ်တစ်သောင်းခွဲခန့် ကုန်ကျကြောင်း၊ စပါးဈေးအနေဖြင့် လက်ရှိအချိန်တွင် တစ်တောင်းလျှင် ၇၀၀၀ ကျပ် ဈေးနှုန်းပေါက်နေပြီး ယခုနှစ် စပါးဈေးကောင်းနိုင်မည်ဟုထင်ကြောင်း တောင်သူများက ပြောသည်။ ယင်းမာပင်မြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ဧရာမင်း၊ ရွှေဘိုဘေးကြား၊ လုံးသွယ်မွှေးစသည့် စပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး အမြင့်ပိုင်းကျသော မိုးစပါးများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စစ်ကွင်းမြို့ မဟာစည်သာသနာ့ရိပ်သာဝိသုကာရုံကျောင်းတိုက်၌ နိုဝင်ဘာ ၂၀ ရက်က ကလေးများစာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ဆုရရှိသူတစ်ဦးအား (ပြည်သူ့အလင်း နေကြယ်ဦး E-Library စာကြည့်တိုက်) နေကြယ်ဦးကုမ္ပဏီအုပ်စု ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သန်းက ဆုချီးမြှင့်စဉ်။**

တင်မြင့်(နတ်တလင်း)

# မြိုင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုပန္နက်တင်

**မြိုင် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ပြည်သူ့ဆေးရုံးဝင်းအတွင်း၌ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲလေးထပ်အဆောက်အအုံကို ကျန်းမာရေးဦးစီးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောက်လုပ်ရန် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပန္နက်တင်ပွဲကျင်းပသည်။

အဆိုပါအိမ်ရာသည် အလျား ၁၆၄ ဒသမ ၅ ပေ၊ အနံ ပေ ၄၀ ရှိမည်ဖြစ်ပြီး လုပ်ငန်းများသတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဆောက်လုပ်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် တာဝန်ယူဆောက်လုပ်မည့် ရွှေမောင်မြေကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## သတင်းတိုများ

### ပုလဲသွယ်မိုးစပါးစံကွက်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော ၂၀၁၅-၂၀၁၆ ပုလဲသွယ်မိုးစပါး ၁၀ ဧက စံပြကွက်တွင် ဝ ဒသမ ၁ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နိုဝင်ဘာ ၂၁ ရက်က လက်တွေ့သရုပ်ပြ ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်း ၁၅၄ တင်းအထိ ရှိခဲ့ကြောင်း သိရသည်။ အနီးအနားတွင် သမားရိုးကျစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော ဆင်းရွှေဝါစပါးမျိုးစိုက်ကွက်တစ်ခုကိုလည်း ယှဉ်ပြိုင်၍ သရုပ်ပြရိတ်သိမ်းခဲ့ရာတွင် တစ်ဧကအထွက်နှုန်းမှာ ၆၀ ဒသမ ၉၃ တင်းနှုန်းသာ ထွက်ရှိသဖြင့် သိပ္ပံနည်းကျစိုက်ပျိုးခြင်းက သမားရိုးကျစိုက်ပျိုးခြင်းထက် တစ်ဧကအထွက်နှုန်း ၉၃ ဒသမ ဝ၇ တင်းအထိ ပိုမိုထွက်ရှိကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဝက်ဝံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**(၄၃၂)**

### ပန်းဆန်နှင့်တေးကျေးရွာသွားလမ်း၌ ရေကျော်တံတား ဆောက်လုပ်ထား

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်အတွင်းရှိ တေးကျေးရွာနှင့် ပန်းဆန်ကျေးရွာကူးလမ်းရှိ တေးချောင်းရေကျော်တံတားကို စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာလဆန်းပိုင်းက စတင်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာလလယ်ပိုင်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။ ရေကျော်တံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သန်း ၆၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၅၀၊ အနံ ၁၆ ပေရှိတံတားဖြစ်ပြီး တေးရွာမှ ဒေသခံပြည်သူများအနေဖြင့် ပန်းဆန်ရွာ၊ ထိုမှတစ်ဆင့် ကျောက်ထုမြို့နှင့် အနယ်နယ်အရပ်ရပ်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

### ကျေးလက်ရေရရှိရေးလုပ်ငန်းများစတင်ဆောင်ရွက်

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ မဲသရီးကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်တန်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မဲသရီးကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရှားမူလာကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### မသန်စွမ်းသူများနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပိုစတာပြိုင်ပွဲများကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့ရာ ညောင်တုန်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ပိုလီယိုကာကွယ်ဆေးသစ်များ ထည့်သွင်းထိုးနှံခြင်း အသိပညာပေးဟောပြောပွဲပြုလုပ်

**ကောလင်း နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ပိုလီယိုကာကွယ်ဆေး ပုံမှန်ထိုးခြင်းလုပ်ငန်းတွင် ကာကွယ်ဆေးအသစ်များ Inactivated Polio Vaccine(IPV) စတင်ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးအသစ်(IPV)များ စတင်ထည့်သွင်းထားသည့် ပိုလီယိုကာကွယ်ဆေးများကို ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တွင် ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပုံမှန်ငါးမျိုးစပ်ကာကွယ်ဆေးထိုးနေသော ကလေးများထဲမှ ဒုတိယအကြိမ် ထိုးနှံရမည့်ကလေးများအား တစ်ကြိမ်တည်း ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးအသစ်များ ထည့်သွင်းထိုးနှံပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ပိုလီယိုကာကွယ်ဆေးအသစ်များ စတင်ထိုးနှံခြင်းလုပ်ငန်းများအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ မြို့နယ်ဆရာဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကောလင်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**အောင်ကျော်စိုး(ကောလင်း)**

# သည်းခြေကျောက်တည်ခြင်း အပိုင်း(၃)

ပါမောက္ခခင်မောင်ဝင်း
(အသည်း)

ယနေ့ကမ္ဘာပေါ်မှာ သည်းခြေကျောက်တည်တဲ့ရောဂါဟာ တစ်နေ့တခြား များလာနေပါတယ်။ လူနေမှုနဲ့ စားသောက်ပုံစနစ်တွေပြောင်းလဲမှုကြောင့်လို့ ယူဆရပါတယ်။

**သည်းခြေကျောက် အမျိုးအစားတွေ**

သည်းခြေကျောက်ရဲ့ ဖွဲ့စည်းတည်ဆောက်မှုပေါ်မှာမူတည်ပြီးတော့ သည်းခြေကျောက်ကို (၁)ကိုလက်စထရောအဆီကျောက် (၂)အမဲရောင် ရောင်ချယ်ပစ်ဂမင့်ကျောက် (၃)အညိုရောင် ရောင်ချယ်ပစ်ဂမင့်ကျောက်လို့ အမျိုးအစားခွဲထားပါတယ်။ အဲဒီလို သည်းခြေကျောက်အမျိုးအစားတွေထဲမှာ ကိုလက်စထရောအဆီကျောက်တွေဟာ အဖြစ်အများဆုံးအမျိုးအစား ကျောက်တွေဖြစ်ပါတယ်။

**သည်းခြေကျောက်တွေ ဘာလို့ဖြစ်ရတာလဲ**

သည်းခြေကျောက်တွေထဲမှာ အဖြစ်များဆုံးဖြစ်တဲ့ ကိုလက်စထရော အဆီကျောက်တွေ ဘာကြောင့်ဖြစ်တယ်ဆိုတာကို ပြောပြချင်ပါတယ်။

**မျိုးရိုး**–သည်းခြေကျောက်တည်တာဟာ မျိုးရိုးလိုက်တယ်ဆိုတာကို သိပ္ပံနည်းကျ သုတေသနလေ့လာမှုတွေက မှတ်တမ်းတင်ထားပါတယ်။

**လူနေမှုစနစ်**–အစားအသောက်တွေ အလွန်အကျွံစား အဝလွန်တာ၊ လှုပ်ရှားမှုနည်းတာ။ သွေးထဲမှာ အချိုဓာတ်တွေ အဆီဓာတ်တွေ များတာ။


**ဝတာ**–ဝတဲ့လူတွေမှာ သည်းခြေကျောက် ပိုအဖြစ်များပါတယ်။ အထူးသဖြင့် အသက် ၅၀ ကျော်တဲ့ အမျိုးသမီးတွေမှာ အဖြစ်များပါတယ်။ ဝတဲ့သူတွေမှာ သွေးထဲမှာ ကိုလက်စထရောအဆီတွေများတော့ အဆီသည်းခြေကျောက်တွေ ပိုပြီးအဖြစ်များတာပေါ့။

**အစားအသောက်**–အစားတွေ တအားများပြီး ဆန်တွေ၊ ဂျုံတွေ မတန်တဆစားတဲ့သူတွေမှာ သည်းခြေကျောက်ပိုဖြစ်ပါတယ်။

**အသက်**–အသက်ကြီးလာလေလေ သည်းခြေကျောက်ဖြစ်နှုန်းက ပိုများလာလေလေဖြစ်ပါတယ်။ အနောက်နိုင်ငံတွေမှာဆိုရင် အသက် ၇၅နှစ်ကျော်ရင် သည်းခြေကျောက်ဖြစ်နှုန်းဟာ ၂၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ သည်းခြေကျောက်တွေဟာ အသက် ၅၀ နဲ့ ၇၀ ကြားမှာ ဒုက္ခအပေးဆုံးဖြစ်ပါတယ်။

**ကျား/မ**–အမျိုးသမီးတွေမှာ သည်းခြေကျောက်ပိုဖြစ်တတ်ပါတယ်။ အထူးသဖြင့် အသက် ၅၁ ကျော်တဲ့ အမျိုးသမီးတွေမှာ ပိုဖြစ်တတ်ပါတယ်။

**ကလေးမွေးတာ၊ မမွေးတာ**–ကလေးမွေးတဲ့မိခင်တွေမှာ ကလေးမရတဲ့သူတွေထက် သည်းခြေကျောက်ဖြစ်နှုန်းဟာ ပိုများပါတယ်။ ကိုယ်ဝန်ဆောင်တားဆေး နှစ်ရှည်လများသောက်သော အမျိုးသမီးတွေမှာလည်း သည်းခြေကျောက်ဖြစ်နှုန်းဟာ ပိုများပါတယ်။




အဆီကျောက်၊ အမဲရောင်၊ အညိုရောင် ကျောက်တွေ

**သွေးထဲက အဆီတွေ**–သွေးထဲမှာ ကိုလက်စထရောအဆီတွေ များတဲ့သူတွေမှာလည်း သည်းခြေကျောက်ပိုဖြစ်ပါတယ်။

**အသည်းခြောက်**–အသည်းခြောက်တဲ့သူတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ သည်းခြေကျောက်တွေ ဖြစ်တတ်ပါတယ်။ ခြုံပြီးပြောရမယ်ဆိုရင် အသည်းခြောက်တဲ့သူတွေအားလုံးမှာ သည်းခြေကျောက်တွေ ပိုဖြစ်လေ့ရှိပါတယ်။

**ဆီးချိုရောဂါ**–ဆီးချိုရောဂါရှိတဲ့သူတွေမှာ သည်းခြေအိတ်ရဲ့ညှစ်အားနည်းပြီး သည်းခြေရည်တွေအိုင်ပြီးတော့ သည်းခြေကျောက် ပိုဖြစ်လွယ်ပါတယ်။

အသည်းရောင်အသားဝါ စီပိုး-စီရောဂါပိုးရှိတဲ့သူတွေအားလုံး သည်းခြေကျောက် ပိုဖြစ်တတ်ပါတယ်။

**ရောင်ချယ်ပစ်ဂမင့်ကျောက်တွေ**

**အမဲရောင်ကျောက်**–မွေးရာပါ သွေးနီဥပေါက်ကွဲတတ်တဲ့ သာလာဆီးမီးယားရောဂါသည်တွေမှာ ဖြစ်လေ့ရှိပါတယ်။

**အညိုရောင်ကျောက်**–သည်းခြေလမ်းကြောင်းပိတ်တဲ့ရောဂါတွေမှာ အညိုရောင်ကျောက်တွေ ပိုဖြစ်တတ်ပါတယ်။

**သည်းခြေကျောက်တွေရဲ့ ရောဂါလက္ခဏာနဲ့ အကျိုးဆက်တွေ**

သည်းခြေကျောက်တွေအများစုဟာ ဘာရောဂါလက္ခဏာမှမပြဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် တယ်လီဗီးရှင်းဓာတ်မှန်၊ CT စတဲ့ ပုံရိပ်ဖော်ရိုက်တာတွေလုပ်ရင်း တွေ့တာများပါတယ်။ သည်းခြေကျောက်ရှိတဲ့ လူတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်မှာတော့ ရောဂါလက္ခဏာတွေ ပေါ်တတ်ပြီး ငါးရာခိုင်နှုန်းလောက်မှာတော့ ခွဲစိတ်ကုသမှုခံရပါတယ်။ သည်းခြေကျောက်ရှိတဲ့အတွက် သည်းခြေအိတ်ရောင်ပြီး အကြီးအကျယ် ဗိုက်နာအောင့်၊ မျက်လုံးဝါ၊ ဖျားနာပြီး ဆေးရုံဆေးခန်းကို အရေးပေါ်အနေနဲ့ ရောက်လာတတ်ပါတယ်။

တစ်ခါတလေမှာ သည်းခြေကျောက်ဟာ သည်းခြေပြွန်ကိုရွှေ့သွားပြီး

> **သည်းခြေကျောက်တွေအများစုဟာ ဘာရောဂါလက္ခဏာမှမပြဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် တယ်လီဗီးရှင်းဓာတ်မှန်၊ CT စတဲ့ ပုံရိပ်ဖော်ရိုက်တာတွေလုပ်ရင်း တွေ့တာများပါတယ်။ သည်းခြေကျောက်ရှိတဲ့ လူတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်မှာတော့ ရောဂါလက္ခဏာတွေပေါ်တတ်ပြီး ငါးရာခိုင်နှုန်းလောက်မှာတော့ ခွဲစိတ်ကုသမှုခံရပါတယ်. . .**

သည်းခြေလမ်းကြောင်းပိတ်ပြီး အရေးပေါ်အခြေအနေပဲ ဖြစ်တတ်ပါတယ်။ သည်းခြေကျောက်တွေဟာ သည်းခြေအိတ်နဲ့ သည်းခြေကင်ဆာဖြစ်နိုင်ပါတယ်။ ဖြစ်ဖို့တော့ အခွင့်အရေးနည်းပါတယ်။ ဒါပေမယ့် ဖြစ်နိုင်တယ်ဆိုတာတော့ သတိမေ့လို့ မရပါဘူး။ သည်းခြေကျောက်ရဲ့ အကျိုးဆက်တွေထဲက ဆိုးဆိုးရွားရွားဖြစ်နိုင်တဲ့ အကျိုးဆက်တွေကို ပြောပြချင်ပါတယ်။

**ရုတ်တရက်ချက်ချင်း သည်းခြေအိတ်ရောင်တာ**


သည်းခြေကျောက်ဟာ သည်းခြေအိတ်အဝကပြွန်ကို သွားပိတ်လိုက်ရင် ရောဂါပိုးမွှားတွေနဲ့ပျံ့နှံ့ပြီး သည်းခြေအိတ်တစ်ခုလုံးရောင်ပြီး ပိုးတွေပျံ့နှံ့ကုန်တာပေါ့။ အဲလို ပိုးတွေပျံ့နှံ့ပြီး သည်းခြေအိတ်ရောင်တဲ့အခြေအနေဟာ သည်းခြေကျောက်ရှိတဲ့သူ ဘယ်သူမှာမဆို ဖြစ်နိုင်ပါတယ်။

သိပ်ပြီးရောင်သွားတဲ့သူတချို့မှာတော့ သည်းခြေအိတ်ပုပ်သွားတတ်ပါတယ်။

**ရောဂါလက္ခဏာတွေ**

သည်းခြေအိတ် ဘယ်လောက်ရောင်လဲ။ နည်းနည်းလား၊ များများလားဆိုတာအပေါ် မူတည်ပြီး ရောဂါလက္ခဏာ အနု၊ အပြင်းကွာပါတယ်။ ဆိုလိုတာက သည်းခြေအိတ် နည်းနည်းပဲရောင်မယ်ဆိုရင် နည်းနည်းပါးပါးပဲ နာမယ်။ တအားရောင်တယ်ဆိုရင်တော့ အပြင်းအထန်နာပါလိမ့်မယ်။

နာတာဟာ ညမှာ ဒါမှမဟုတ် နံနက်စောစောမှာ ဖြစ်တတ်ပါတယ်။ အထူးသဖြင့် အသက် ၄၀ ကျော်တဲ့ အမျိုးသမီးကြီးတွေမှာ ပိုဖြစ်တတ်ပါတယ်။ ဗိုက်ရဲ့ညာဘက်တစ်ခြမ်းမှာ မခံမရပ်နိုင်အောင်ကိုနာပြီး လူးလိမ့်အောင်နေတဲ့အထိ ဖြစ်နိုင်ပါတယ်။ သည်းခြေအိတ်ဟာ သိပ်ပြီးရောင်တဲ့အခါမှာ အူနံရံနဲ့ ဗိုက်နံရံတွေကိုပါထိပြီး ဗိုက်တစ်ပြင်လုံး အထိမခံနိုင်လောက်အောင်ရောင်ပြီး ဆေးရုံပေါ်ကို တစ်ခါတည်းရောက်သွားပါတယ်။




ကိုလက်စထရော အဆီကျောက်ရဲ့ ဖွဲ့စည်းပုံ

**ဘယ်လိုသိမှာလဲ**

ရုတ်တရက်သည်းခြေအိတ်ရောင်တာကို သိနိုင်တာကတော့ တယ်လီဗီးရှင်းဓာတ်မှန်ရိုက်ကြည့်ရမှာပါ။ အဲလိုရိုက်ကြည့်တဲ့အခါ သည်းခြေအိတ်နံရံတစ်ခုလုံးကထူပြီး သည်းခြေအိတ်ကြီးဟာ ဖောင်းတင်းနေတာ တွေ့ရပါလိမ့်မယ်။ ပြီးတော့ သည်းခြေအိတ်ပတ်ဝန်းကျင်မှာလည်း အရည်တွေနဲ့ အပြည့်ဖြစ်နေတာကို မြင်ရပါလိမ့်မယ်။

**ရောဂါရဲ့ ရှေ့ဖြစ်စဉ်**

ဒီလိုသည်းခြေကျောက် သည်းခြေအိတ်ပြွန်တွေမှာပိတ်လို့ သည်းခြေအိတ်ရောင်တဲ့သူတွေမှာ ၈၅ ရာခိုင်နှုန်းလောက်ဟာ ကျောက်လေးပြန်ပြုတ်ကျသွားပြီး ပြန်ကောင်းသွားတတ်ပါတယ်။ ဒါပေမယ့် ကျန်တဲ့ ၁၅ ရာခိုင်နှုန်းလောက်မှာတော့ ဒီထက်ဆိုးရွားတဲ့ သည်းခြေအိတ်ပြည်တည်တာတွေဖြစ်ပြီး အရေးပေါ် ခွဲစိတ်ရတဲ့အဆင့်ကို ရောက်တတ်ပါတယ်။

**သည်းခြေအိတ်ပြည်တည်တာ**

သည်းခြေကျောက်ဟာ သည်းခြေအိတ်ရဲ့ပြွန်ဝမှာပိတ်တာ သိပ်ကြာသွားရင်တော့ သည်းခြေအိတ်ကြီးတစ်ခုလုံးမှာ ပြည်တွေအပြည့်တည်နေပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့အဆင့်ကို ရောက်သွားမှာပါ။ အချိန်မီ ခွဲစိတ်မကုလိုက်ဘူးဆိုရင်တော့ ပြည်တည်နေတဲ့သည်းခြေအိတ်ကြီး ပေါက်သွားပြီး ဗိုက်တစ်ခုလုံးထဲကို ပြည်တွေပျံ့သွားပြီး အသက်ဆုံးရှုံးတတ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အနေဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းပြီး အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများကို ဖြည့်ဆည်းဖော်ဆောင်ပေးလာစေရန်၊ တာဝန်ယူမှုရှိသောအပြုအမူများ ဖွံ့ဖြိုးလာစေရန်နှင့် စားသုံးသူများအနေဖြင့်လည်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာများရရှိကာ အန္တရာယ်ကင်းသော အစားအသောက်များကို ရွေးချယ်စားသုံးတတ်လာစေရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးနှင့် ပခုက္ကူခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆိပ်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ကုန်သည်ပွဲစားများ၊ စားသုံးသူပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကာ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အုပ်စုငါးစုဖွဲ့၍ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးဗီဇနှင့် အပင်ပိုးမွှားများကြောင့် စားသုံးသူပြည်သူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း၊ အစားအသောက်ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများမှ စားသုံးသူပြည်သူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း၊ စံချိန်မမီသည့် လူသုံးကုန်၊ အိမ်သုံးကုန်၊ စက်မှုသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများကြောင့် စားသုံးသူပြည်သူများကို ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်း စသောအကြောင်းအရာများကို ဆွေးနွေးခဲ့ကြကာ ရရှိလာသည့်ဆွေးနွေးချက်များကို အဖွဲ့လိုက် ထပ်မံဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (iprd)**



# အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရေး နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် ရေးမြို့ သာသနာ ၂၅၀၀ စေတီ ရေလယ်ဘုရား ဓမ္မဗိမာန်တော်ကြီး၌ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အသိပညာပေး ရက်တိုသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ၂၅ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါရက်တိုသင်တန်းဖြစ်မြောက်ရန်အတွက် ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး သုံးရက်ကြာသင်တန်းတွင် စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း (Capacility Building Initiative- CBI)မှ တာဝန်ရှိသူများဖြစ်သော ဦးမိုးဇော်သူရ၊ ဦးထွန်းအောင်တို့က ဦးဆောင်ဆွေးနွေးခဲ့သည်။

တာဝန်ခံယူမှုစက်ဝန်း၊ တာဝန်ခံယူမှု၏ အခြေခံသဘောတရားများ၊ တာဝန်ရှိမှု တာဝန်ခံမှုနှင့် ပက်သက်ဆက်နွယ်နေမှုများ၊ အဖွဲ့အစည်းများနှင့် ဝန်ထမ်းများ၏ ကျင့်ဝတ်အရည်အသွေးနှင့် အရည်အသွေးအာမခံနိုင်မှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံချိန်စံနှုန်း၊ အကျင့်ပျက်ခြစားမှုဆိုတာ ဘာလဲ၊ အကျင့်ပျက်ခြစားမှု အမျိုးအစားများ၊ အကျင့်ပျက်ခြစားမှုဆိုင်ရာ အန္တရာယ်များအား စီမံခန့်ခွဲခြင်းစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချခဲ့သည်။ သင်တန်းသို့ ရေးမြို့နယ်အတွင်းရှိ ဖိတ်ကြားထားသည့် နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး အပြန်အလှန်ဝိုင်းဝန်းဆွေးနွေးကြသည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများကို လေ့လာသင်ယူစေခြင်းဖြင့် မိမိအဖွဲ့အစည်းတွင် အကျင့်ပျက်ခြစားမှုများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း CBI မှ တာဝန်ရှိသူ ဦးမိုးဇော်သူရက ပြောသည်။

သင်တန်းကို မွန်ပြည်နယ်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်အခြေခံပြီး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ဒေသအတွင်းတွင်ရှိနေသည့် အဖွဲ့အစည်းများအား အမြင်ဖွင့်ပေးနိုင်ရန်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**နေမျိုးထွဋ်(ရေး)**

# ကနီမြို့ သမိုင်းဝင် ရွှေမြင်းဖြူစေတီဘုရားပွဲတော်ကို စည်ကားစွာကျင်းပမည်

**ကနီ နိုဝင်ဘာ ၂၆**

ကနီမြို့၌ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နှင့် ၅ရက်နေ့များတွင် ကျင်းပလေ့ရှိသော သမိုင်းဝင် ရွှေမြင်းဖြူဘုရားပွဲတော်ကို ယခုနှစ်တွင်လည်း အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမြင်းဖြူဘုရားနှင့် နတ်ကွန်းကို ပုဂံမှ မဏိစည်သူမင်းလက်ထက်ကပင် စတင်တည်ထားခဲ့၍ ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်ကြောင်း၊ ရွှေမြင်းဖြူဘုရားပွဲတော်ကို ၁၈၈၄ ခုနှစ် ကနီမြို့ဝန်ဦးဒွေးလက်ထက်မှစတင်၍ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း၊ ကနီမြို့သူမြို့သားများသည် မင်္ဂလာပွဲကျင်းပပြုလုပ်ပြီးတိုင်း ရွှေမြင်းဖြူဘုရားနှင့် ရွှေမြင်းဖြူဘိုးမင်းကြီးကို ကန်တော့ပွဲများနှင့် ပူဇော်လေ့ရှိကြသလို ရွှေမြင်းဖြူဘုရားပွဲတော်ကိုလည်း အဝေးရောက် ကနီမြို့သူ မြို့သားများ အနေဖြင့် တစ်နှစ်တစ်ခေါက် သို့မဟုတ် သုံးနှစ် တစ်ခေါက် လာရောက်ပူဇော်ကြသော အစဉ်အလာများ ရှိနေသဖြင့် ဘုရားပွဲတော်ရက်တွင် နှစ်စဉ် စည်ကားလေ့ရှိကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**




# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် သမဝါယမချေးငွေထုတ်ပေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြောင်းဆုံငယ်ကျေးရွာအုပ်စု မြောင်းဆုံငယ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သမဝါယမချေးငွေ ကျပ်သိန်း ၁၅၀ ကို စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာနက နိုဝင်ဘာ ၂၄ ရက်က ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

မြောင်းဆုံငယ်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျပ်သိန်း ၄၁၀ ကုန်ကျမည်ဖြစ်ကြောင်း၊ အိမ်ထောင်စု ၈၂ စုမှ ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၆၀ ရရှိသဖြင့် လိုအပ်လျက်ရှိသော ကျပ်သိန်း ၁၅၀ ကို စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာနက ထုတ်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဝင်းဆွေနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလွန်နှင့် ဘဏ္ဍာရေးမှူးဦးမြင့်အောင်တို့အား စနစ်တကျထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ချေးငွေရရှိသဖြင့် မြောင်းဆုံငယ်ကျေးရွာတွင် မကြာမီအချိန်အတွင်း ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ကုန်းကြီးကျေးရွာ၌ အများသုံးမြေသားရေလှောင်ကန်တူးဖော်

**ခင်ဦး နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကုန်းကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အများသုံးမြေသားရေလှောင်ကန်ကို နိုဝင်ဘာ ၁၉ ရက်မှ စတင်တူးဖော်လျက်ရှိကြောင်းသိရသည်။

အဆိုပါရေကန်ကို ငွေကျပ် ၃ ဒသမ ၇၅ သန်းဖြင့် တူးဖော်နေခြင်းဖြစ်ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၁၀၀၊ အနက် ၇ ပေရှိကြောင်း၊ မြေသားရေလှောင်ကန် တူးဖော်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ထောင်စု ၂၅၀ မှ လူဦးရေ ၁၄၀၀ ခန့်အတွက် သုံးရေနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။ ကုန်းကြီးကျေးရွာ မြေသားရေလှောင်ကန် တူးဖော်ပြီးပါက ရွာသန်းကျေးရွာ၌လည်း အလျား ပေ ၂၅၀၊ အနံ ပေ ၂၅၀၊ အနက် ၄ ပေ ရှိ မြေသားရေလှောင်ကန်ကို ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်ထံမှ သိရသည်။ **ခင်ဦးစိုးဝေ**

# လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း၌ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် နတ်ပေး-ဝက်တိုး(မ)-ထန်းကုန်းလမ်းကို ကျောက်ချောခင်းခြင်း၊ ချင်မြစ်ကျင်းကျေးရွာအဝင် သိန်ရင်ချောင်းတံတားနှင့် ညောင်ပင်ဆိပ်ကျေးရွာနှင့် ကျီကုန်းကျေးရွာကြားတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နတ်ပေးကျေးရွာနှင့် ဝက်တိုး(မ)ကျေးရွာလမ်း အရှည်ငါးမိုင်တွင် ကျောက်ချောခင်းခြင်းနှင့် ချင်မြစ်ကျင်းကျေးရွာအဝင် သိန်ရင်ချောင်းတံတား အရှည် ပေ ၁၂၀၊ အကျယ် ၁၂ ပေ ဆောက်လုပ်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အရှည် ရှစ်မိုင်ရှိ ညောင်ပင်ဆိပ်ကျေးရွာနှင့် ကျီကုန်းကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းကို နတလဦးစီးဌာနက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့များက နိုဝင်ဘာ ၂၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်များတွင် အန္တရာယ်ကင်းရှင်းရေးနှင့် ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်အချိုးအစားအတိုင်းဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော ဘိလပ်မြေများအသုံးပြုရန်၊ စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# စလင်းမြို့၌ ခုတင် ၁၀၀ ဆေးရုံတည်ဆောက်

**စလင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ လက်ရှိဆေးရုံမှာ ခုတင် ၅၀ ဖြစ်ပြီး ဆက်လက်၍ ခုတင် ၁၀၀ အဆင့်ဆေးရုံသို့ တိုးမြှင့်ပေးမည်ဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်ကစတင်၍ ဆောက်လုပ်နေပြီဖြစ်သည်။ ဆေးရုံမှာနှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား ၁၇၃ ပေ၊ အနံ ၁၅၄ ပေ၊ အမြင့် ၃၇ ပေဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုငွေကျပ် သိန်း ၈၉၀၀ ဖြစ်သည်။ ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းကို K&E ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

ထိုသို့ ဆောက်လုပ်ရာတွင် အဆောက်အအုံ အရည်အသွေးပြည့်မီရန် ဆေးရုံဆောက်လုပ်ရေးကော်မတီအဖြစ် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ အတွင်းရေးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေနှင့် အဖွဲ့ဝင်များအဖြစ် စည်ပင်အင်ဂျင်နီယာ ဆောက်လုပ်ရေးလုပ်ငန်းဌာန အင်ဂျင်နီယာ၊ ဆည်မြောင်းဌာန အင်ဂျင်နီယာတို့ပါဝင်ပြီး ဆေးရုံအဆောက်အအုံကို အရည်အသွေးပြည့်မီစေရန် စစ်ဆေးကြီးကြပ်သွားမည်ဖြစ်သည်။ အဆိုပါဆေးရုံကြီးကို ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**မတ္တရာ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို တောင်ပြုံးကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီက သင်တန်းသားများအား လမ်းညွှန်အမှာစကားပြောကြားကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မတ္တရာမြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ပွဲကျပ်တွေအဖြစ် ဖြတ်ကျော်ရမယ့် မန်စီးတီး၊ မန်ယူတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၁၄)

*ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ နိုဝင်ဘာ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကို ယှဉ်ပြိုင်ကစားဦးမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ကြားရက်တွေမှာလည်း ချန်ပီယံလိဂ်ပွဲကောင်းတွေနဲ့ စည်ဝေနေခဲ့တာမို့ ယူရိုပါလိဂ်ပွဲတွေအပြင် ဥရောပပြည်တွင်းလိဂ်ပွဲတွေကလည်း ဆက်တိုက်စောင့်ကြိုနေတာမို့ ပရိသတ်တွေအတွက် ပျော်ရွှင်ရင်ခုန်စရာနေ့ရက်တွေကို ဆက်တိုက်ဖြတ်သန်းကြရဦးမှာဖြစ်ပါတယ်။*

မိုးမြင့်လင်းလက်



**မန်စီးတီးနှင့် ဆောက်သမ်တန်**

တန်းစီဇယားထိပ်ဆုံးနေရာက ဖယ်ပေးလိုက်ရတဲ့ မန်စီးတီးတို့ဦးဆောင်မှုနေရာပြန်ယူရေးဟာ အခုပွဲမှာပြိုင်ဘက်က ဆောက်သမ်တန်ဖြစ်နေတာမို့ စိုးရိမ်စရာတော့ ကောင်းနေပြန်ပါတယ်။ ဆောက်သမ်တန်တို့ကတော့ ဒီနှစ် ပရီမီယာလိဂ်မှာ အဝေးကွင်းရှုံးပွဲမရှိသေးဘဲ အနိမ့်ဆုံးတစ်မှတ်ရအောင်တော့ ကစားနိုင်ခဲ့ပါတယ်။ မန်စီးတီးတို့က ဆောက်သမ်တန်နဲ့ အိမ်ကွင်းမှာ တွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲစလုံးနိုင်ထားပါတယ်။ အနိုင်ရလိုစိတ်ဆူဝေနေတဲ့ မန်စီးတီးတို့ အနိုင်နဲ့သရေကလွဲပြီး အခြားရလဒ်မထွက်ပေါ်နိုင်ပါဘူး။

**လက်စတာနှင့် မန်ယူ**

တန်းစီဇယား ဒုတိယနေရာကို ရောက်ရှိလာတဲ့ မန်ယူတို့က ရပ်တည်မှုကို ခိုင်မြဲဖို့အတွက် လက်စတာကို ဖိအားပေးကစားဖို့ ကြိုးစားပါလိမ့်မယ်။ တန်းစီဇယားထိပ်ဆုံးနေရာကို တက်လှမ်းလာတဲ့ လက်စတာဟာ အိမ်ကွင်းမှာ မန်ယူကို အပြင်းအထန်ခုခံကာကွယ်ပါလိမ့်မယ်။ လက်စတာတို့က ဒီနှစ် ပရီမီယာလိဂ်မှာ အိမ်ကွင်းတစ်ပွဲသာရှုံးထားတာမို့ မန်ယူကို သေသေချာချာပြင်ဆင်ကစားမှာပါ။ မန်ယူနဲ့ လက်စတာတို့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုရလဒ်ကို ပြန်ကြည့်ရင်တော့ မန်ယူတို့က နိုင်ပွဲတွေချည်းရရှိခဲ့တာမို့ မန်ယူအတွက် နိုင်ပွဲရသွားနိုင်တဲ့ပွဲဖြစ်ပါတယ်။

**ဘုန်းမောက်နှင့် အဲဗာတန်**

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဘုန်းမောက်တို့လည်း ရှုံးပွဲတွေဆက်နေတာမို့ အမြန်ဆုံးရပ်တန့်ဖို့ကြိုးစားရတော့မှာဖြစ်ပါတယ်။ အဲဗာတန်တို့ကလည်း ရလဒ်တွေ ကမောက်ကမဖြစ်နေတာကို ပြန်ထိန်းပြီး အခုပွဲမှာ ရလဒ်ကောင်းကို ပြန်ရှာဖွေတော့မှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် အဲဗာတန်တို့ပဲ နိုင်ပွဲတွေဆက်တိုက်ရရှိထားပါတယ်။ ဘုန်းမောက်တို့ရဲ့ တန်းဆင်းဇုန် ရုန်းထွက်မှုအားက မြင့်မားလာနိုင်တာမို့ အဲဗာတန်တို့ သတိကြီးကြီးနဲ့ကစားရပါလိမ့်မယ်။ အဲဗာတန်အတွက် အဝေးကွင်းလည်းဖြစ်တာမို့ ဒီပွဲမှာ သရေရလဒ်လည်းထွက်ပေါ်သွားနိုင်ပါတယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် နယူးကာဆယ်**

တန်းဆင်းဇုန်နားမှာရစ်ဝဲနေတဲ့ နယူးကာဆယ်တို့လည်း ခရစ္စတယ်ပဲလေ့စ်နဲ့ဆုံရတာ မျှော်လင့်ချက်ပြည့်ပြည့်ဝဝထားလို့မရတဲ့ပွဲဖြစ်နေပါတယ်။ ခရစ္စတယ်ပဲလေ့စ်နဲ့ဆုံတိုင်း နယူးကာဆယ်တို့ အသာစီးရတာရှိပေမယ့် အဝေးကွင်းဆိုရင် နယူးကာဆယ်တို့ ရှုံးကန်ရလေ့ရှိပါတယ်။ နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိတာမို့ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဆန်းဒါးလန်းနှင့် စတုတ်**

အဝေးကွင်းမှာ အားထုတ်မှုကောင်းတဲ့ စတုတ်ကို ဆန်းဒါးလန်းတို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ စတုတ်ရဲ့ တိုက်စစ်၊ ခံစစ်အားက မျှတနေတာမို့ အိမ်ကွင်းမှာတောင် ရလဒ်တွေဆိုးရွားနေတဲ့ ဆန်းဒါးလန်းတို့ ခက်ခဲပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဆန်းဒါးလန်းတို့အတွက် ဒီပွဲဟာ တစ်မှတ်ရရင် ရလဒ်ကောင်းလို့သတ်မှတ်ရမယ့်ပွဲပါပဲ။

**ဗီလာနှင့် ဝက်ဖို့ဒ်**

ဝက်ဖို့ဒ်နဲ့ဆုံတိုင်း ဗီလာတို့ အသာစီးရတာများပေမယ့် လက်ရှိခြေစွမ်းအရ ဗီလာတို့က တန်းဆင်းဇုန်ထဲရောက်ရှိနေပါတယ်။ ဝက်ဖို့ဒ်တို့ကတော့ အိမ်ကွင်း၊ အဝေးကွင်း ပုံမှန်ခြေစွမ်းရရှိနေပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း ကောင်းမွန်နေပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းနိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ ဗီလာတို့အတွက် အခုပွဲမှာ အနိုင်ဈေးဦးပေါက်ဖို့တော့ မလွယ်ပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာကစားရင် ဝက်ဖို့ဒ်ကို အနိုင်ရအောင်ကြိုးစားနိုင်တဲ့ ဗီလာရဲ့ခြေစွမ်းကို ယုံကြည်မှုနဲ့အားပေးရမှာဖြစ်ပါတယ်။ ။



## ကမ္ဘာ့အကောင်းဆုံးအဖြစ်ပြန်လာတဲ့ တိုက်စစ်မှူး မက်ဆီ

တိုက်စစ်မှူးမက်ဆီဟာ ချန်ပီယံလိဂ်အုပ်စုပွဲဖြစ်တဲ့ ရိုးမားနဲ့ပွဲမှာ အကောင်းဆုံး ကစားသမားအဖြစ်ပြန်လာပြီဖြစ်တယ်လို့ ကစားဖော်ဆွာရက်ဇ်က ချီးကျူးပြောဆိုလိုက်ပါတယ်။ ဆွာရက်ဇ်နဲ့ မက်ဆီတို့ဟာ ဘာစီလိုနာအသင်းမှာအတွဲညီတဲ့ တိုက်စစ်အတွဲဖြစ်ပါတယ်။ အလွန်လျင်မြန်တဲ့ တိုက်စစ်အတွဲဖြစ်တဲ့အတွက် ပြိုင်ဘက်အသင်းတွေအနေနဲ့ ထိန်းချုပ်ရခက်ခဲတဲ့အတွဲဖြစ်ပါတယ်။ ဒီပွဲမှာ နှစ်လကြာအနားယူနေပြီး ပြန်လည်ကစားနိုင်တဲ့ တိုက်စစ်မှူး မက်ဆီကို နှစ်ဂိုးသွင်းနိုင်အောင် ဆွာရက်ဇ်ကပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာက ရိုးမားကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ လက်ရှိအခြေအနေမှာ ဆွာရက်ဇ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ ခြေစွမ်းပြနေပြီး ၁၇ ပွဲမှာ ၁၇ ဂိုးသွင်းယူပေးထားပါတယ်။ မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးခြေစွမ်းပြကစားနိုင်သေးတယ်လို့ ဆွာရက်ဇ်က ဆိုပါတယ်။ ဆွာရက်ဇ်အနေနဲ့ သူသွင်းယူခဲ့တဲ့ ဂိုးနှစ်ဂိုး တိုင်ထိမှန်ခဲ့ပေမယ့် မက်ဆီကို ဂိုးသွင်းနိုင်အောင် အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။



## မန်ယူပစ်မှတ်ထားနေတဲ့ ဆာဒီယိုမန်း

မန်ယူနည်းပြ ဗန်းဟားလ်အနေနဲ့ ဂိုးသွင်းအဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးတစ်ဦး အလိုရှိနေတာပါ။ ဒီအတွက် လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီမှာ တိုက်စစ်မှူးကောင်းတွေခေါ်ယူဖို့ ပြင်နေတဲ့အထဲမှာ ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမန်းလည်းအပါအဝင်ဖြစ်ပါတယ်။ သူဟာ ဆောက်သမ်တန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ အာဖရိကရဲ့ အကောင်းဆုံး ဘောလုံးသမားဆုဆွတ်ခူးဖို့ ဆန်ခါတင်စာရင်းမှာ ထည့်သွင်းခံရတဲ့ ကစားသမားငါးဦးအနက် တစ်ဦးလည်းဖြစ်ပါတယ်။ မန်ယူအနေနဲ့ ပြီးခဲ့တဲ့ နွေရာသီကတည်းက ဆာဒီယိုမန်းကို စာချုပ်ဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် ပရီမီယာလိဂ်မှာ ခြေစွမ်းပြနေတဲ့ ဆောက်သမ်တန်ကတော့ တောင်ပံတိုက်စစ်မှူး ဆာဒီယိုမန်းကို ဆက်လက်ထိန်းထားမယ့်အနေအထားရှိတယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်ကတော့ နွေရာသီက စာမချုပ်ခဲ့တဲ့ တောင်ပံတိုက်စစ်မှူး ဆာဒီယိုမန်းကို အရခေါ်ယူသွားဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ ဂိုးပေါက်အဆုံးသတ်မှုသေချာတဲ့ တောင်ပံတိုက်စစ်မှူးတစ်ဦးကို မန်ယူက ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။



## အန်ဖီးလ်ကို ပြန်လာဖွယ်ရှိတဲ့ ဂျရတ်

လီဗာပူးသမိုင်းတစ်လျှောက် ကွင်းလယ်ကစားသမားကြီးအဖြစ် ထင်ရှားခဲ့တဲ့ စတီဗင်ဂျရတ်ဟာ အန်ဖီးလ်ကို ပြန်လာဖို့ရှိနေပါတယ်။ လာမယ့်အပတ်မှာ လီဗာပူးသို့ပြန်လာပြီး ပြန်လည်လေ့ကျင့်မှုတွေပြုလုပ်သွားမယ်လို့ လီဗာပူးအသင်းခေါင်းဆောင်ဟောင်း ဂျရတ်က အတည်ပြုပြောကြားလိုက်ပြီဖြစ်ပါတယ်။ ဂျရတ်ဟာ လီဗာပူးအသင်းမှာ ၁၇နှစ်ကြာအောင် ကစားခဲ့ပြီး ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်တဲ့အထိ စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ရာသီကုန်ဆုံးချိန်မှာတော့ အမေရိကန် မေဂျာလိဂ်ကလပ်တစ်ခုဖြစ်တဲ့ အယ်လ်အေဂလက်ဆီအသင်းကို ပြောင်းသွားခဲ့ပါတယ်။ သို့ပေမယ့် အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီကတော့ ဂျရတ်ကို လီဗာပူးသို့ အငှားချထားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ အသက် ၃၅နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျရတ်ဟာ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံး ကစားနိုင်သေးတဲ့ကစားသမားတစ်ဦးဖြစ်ဆဲပါ။

ကောင်းမြတ်သူ - စုစည်းသည်။


# ကမ္ဘာ့အကြီးဆုံးနဂါးကိုးကောင် နဂါးရုံစကြဝဠာလောကချမ်းသာ ရုပ်တော်မူဘုရားကြီး၏ ဘုရားဒါယကာ၊ ဒါယိကာမများ ဖိတ်ကြားခြင်း

ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့ ရန်ကုန်-နေပြည်တော် အမြန်လမ်း၊ ဖြူးမြို့နယ် (၁၁၅)မိုင် ကားရပ်နားဝင်းအနီးရှိ ဣန္ဒိပါလတောင်တွင် ဆရာတော်အရှင်ဣန္ဒိပါလမှ ဦးစီးပြီး တည်ထားကိုးကွယ်မည့် အလျားပေ ၆၀၊ အမြင့်ပေ ၂၈၀ ရှိ နဂါးကိုးကောင်နဂါးရုံဘုရား စကြဝဠာလောကချမ်းသာ ဘုရားကြီး၏ တည်ဆောက်မည့်အင်္ဂါအစိတ်အပိုင်းများကို ကုန်ကျစရိတ်တန်ဖိုး သတ်မှတ်ချက်များနှင့်အတူ တင်ပြလျက် ဘုရားအလှူရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် မိမိနှစ်သက်ရာ မိမိလှူဒါန်းလိုသည့်- တန်ဖိုးသတ်မှတ်ချက်များနှင့် အင်္ဂါအစိတ်အပိုင်းများကို ကိုယ်တိုင်ကိုယ်ကျ ကမ္ပည်းထိုး၍ လာရောက်လှူဒါန်းနိုင်ပါသည်။

စကြဝဠာလောကချမ်းသာဘုရားကြီး တည်ဆောက်မည့် ကျောက်အမျိုးအစားမှာ မြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်အနီးရှိ နီညိုရောင်ကျောက်တောင်မှ ကျောက်အမျိုးအစားများဖြင့် တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။ သက်ရှိထင်ရှားမြတ်စွာဘုရား အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွလာတော်မူပြီး ရုပ်တော်မူသည့်ဟန်ပန်ကို တည်ထားကိုးကွယ်မည်ဖြစ်ပါသည်။


သို့ပါသောကြောင့် စေတနာသဒ္ဓါတရားထက်သန်သော ဘုရားဒါယကာ၊ ဒါယိကာမ (၇)ရက် သား/သမီးများ (ဣန္ဒိပါလတောင်ဆရာတော်နှင့် ပဋ္ဌာန်းဆက်ရှိသူများ)အားလုံးအား နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်မန္တကပြုအပ်သည် သူတော်ကောင်းအပေါင်းတို့ . . .

(ဣန္ဒိပါလတောင်ဆရာတော်)
ဆက်သွယ်လှူဒါန်းရန်- ဦးသန်းထွန်း (၁၁၅)မိုင်၊
ဖုန်း-၀၉-၄၂၀၇၁၁၀၆၇၊ ၀၉-၂၅၉၀၄၂၇၆၂ နှင့်
တိုးကြွယ်စာပေ- အမှတ်(၂၂၆/၂၃၂)၊ ၃၆လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၂၃၀၅၂၂၊ ၀၉-၇၃၀၄၈၀၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




FRONT ELEVATION

## စကြဝဠာလောကချမ်းသာဘုရား




အုတ်မြစ်ချခြင်းလုပ်ငန်း - ၂၀၆၀.၄ သိန်း

စုစုပေါင်းတန်ဖိုး - ၂၄၆၄၀ သိန်း

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက်
အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လုငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့သြဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများ
**ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

ASEAN BUSINESS AWARDS

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက်
အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လုငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို

မြန်မာ့သြဘာလုပ်ငန်းစု၏ ကြီးထွားမှုနှုန်း (Growth)၊ ဝန်ထမ်းအရည်အသွေးနှင့်အင်အား (Employment)၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု (Innovation)၊ လူမှုရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု (Corporate Social Responsibility) များအပေါ်တွင် အခြေခံ၍ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်း အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
မြန်မာကောင်းသုခကုမ္ပဏီလီမိတက်

ASEAN BUSINESS AWARDS



အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ
၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၉ ရက်ထိ
အပတ်စဉ် စနေနေ့တိုင်း
အပတ်စဉ်တိုယိုတာကားအသစ်တစ်စီးအပါအဝင် အခြားဆုမဲပေါင်းများစွာ ကံထူးနိုင်မည့်
ကံစမ်းခွင့်လက်မှတ်များရယူရန် နည်းလမ်းများ
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် (၃၀)စောင်
၅၀၀၀ကျပ် (၅၀)စောင်
၁၀၀၀၀ကျပ် (၁၀၀)စောင်
၂၀၀၀၀ကျပ် (၂၀၀)စောင်
၃၀၀၀၀ကျပ် (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် (၃၀)စောင်
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည်
ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
ကံစမ်းခွင့်လက်မှတ်အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
lucky
စည်းကမ်းချက်များ
• ယခုအစီအစဉ်သည် MPT မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး (GSM/WCDMA and CDMA)အတွက် အကျုံးဝင်ပါသည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲများတွင် သက်ဆိုင်ရာရက်သတ္တပတ်အတွင်း ပါဝင်ကံစမ်းထားသော ကံစမ်းခွင့်လက်မှတ်များမှ ရွေးချယ်သွားပါမည်။
• နောက်ဆုံးပတ် ကံထူးရှင်ရွေးချယ်ပွဲတွင် ကံစမ်းမဲကာလအစအဆုံး၏ ကံစမ်းခွင့်လက်မှတ်များအားလုံးထဲမှ ရွေးချယ်သွားပါမည်။
• အထူးဆုကံထူးရှင်များကို ဖုန်းခေါ်ဆိုခြင်း နှင့် MRTV 4 ရုပ်သံလိုင်းမှထုတ်လွှင့်ခြင်းတို့ဖြင့် ကြေညာပေးပါမည်။
• ငွေဖြည့်ကတ်ဆုရရှိသူများကို SMS ပေးပို့ခြင်းဖြင့် ကြေညာပေးပါမည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ဖုန်းလက်ခံနိုင်ခြင်းမရှိသော အထူးဆုကံထူးရှင်များကို (၃)ရက်ဆက်တိုက် အကြောင်းကြားပေးသွားပါမည်။ (၃)ရက်အတွင်း ဖုန်းလက်ခံနိုင်ခြင်းမရှိသော ဆုများကို နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ထည့်သွင်းကံစမ်းပေးသွားမည် ဖြစ်ပါသည်။
• ဘဏ်မှတစ်ဆင့် ငွေ(ဘီလ်)ဖြည့်ခြင်း၊ CUG (Closed User Group) သုံးစွဲခြင်းများသည် ကံစမ်းခွင့်အစီအစဉ်တွင် အကျုံးမဝင်ပါ။
• MPTမှ ဝန်ထမ်းများ (သို့) နှစ်သစ်ကူးကံစမ်းခွင့် အစီအစဉ်နှင့် တိုက်ရိုက်ဆက်နွယ်နေသော အဖွဲ့အစည်းများမှ MPT သုံးစွဲသူများသည် ဤအစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။
For more information
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

BRITISH COUNCIL

abe
Your road to success

## အရည်အသွေးလည်းပြည့်...အာမခံချက်လည်းရှိ...နိုင်ငံတကာအသိအမှတ်ပြုဖြစ်သော

# British Professional Business and Management Diploma

## များကိုကိုင်ဆောင်ထားမှုစိတ်ချရမည်

သင့်ဘ၀ တိုးတက်အောင်မြင်ဖို့ အလုပ်အကိုင် အခွင့်အလမ်းသေချာသော/ မဟာဘွဲ့၊ ဘွဲ့များကို ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများတွင်တိုက်ရိုက် တက်ရောက်နိုင်ရန်အတွက် **ABE (UK)** ၏ **Business and Management Diploma** တက်ရောက်ပါ

**ABE (UK)** မှတိုက်ရိုက်ပေးအပ်သော **Business and Management Diploma** များကို ဘာကြောင့်ရွေးချယ်တက်ရောက်သင့်ပါသလဲ ?

- **England Office of Qualification & Examination Regulation (Ofqual)** မှအသိအမှတ်ပြု **Professional Business Diploma** ဖြစ်ခြင်း
- **ABE Diploma** များသည် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ပညာဆက်လက် သင်ယူနိုင်ရန် **Credit Transfer** ရရှိနိုင်ခြင်းအပြင် အောင်မြင်ပြီးသော ဘာသာရပ်အလိုက် အခြား **Professional** အဖွဲ့အစည်းများဖြစ်သည့် **CIM, CIMA, ACCA, AIA, CTH** တို့မှ ဘာသာရပ် ကင်းလွတ်ခွင့်အပြည့်အ၀ရရှိနိုင်ခြင်း
- ပြောင်းလဲတိုးတက်နေသော ပတ်ဝန်းကျင်နှင့်အညီ အသိပညာပြည့်စုံကြွယ်ဝစေရန်၊ မိမိရွေးချယ်သော လုပ်ငန်းများတွင် အောင်မြင်မှု ရရှိစေရန်အတွက် ပြီးပြည့်စုံသော ကျွမ်းကျင်မှုပေးနိုင်သည့် **Diploma** များဖြစ်ခြင်း
- စီးပွားရေး စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လက်တွေ့အသုံးချနိုင်အောင် သင်ကြားပေးနိုင်သည့် **Diploma** များဖြစ်ခြင်း
- ဘာသာရပ်အလိုက် အထူးပြု **Diploma** များကို ရွေးချယ်တက်ရောက်နိုင်ခြင်း
- ကုန်ကျစရိတ် သက်သာသော စီးပွားရေးနှင့် စီမံခန့်ခွဲမှု **Diploma** များဖြစ်ခြင်း

## UK Qualifications and Credit Framework

Level 7 = UK Master Degree

Level 6 = UK Degree Final Year

Level 5 = UK Degree Second Year

Level 4 = UK Degree First Year

Level 3 = A Level / Single Subject Diploma

| EVER UP Human Resources Institute | MHR Management Institute | PS Business School | WISE College | YCTC Business Institute |
|---|---|---|---|---|
| 097-317-5137 | 097-321-7110 | 092-5295-9559 | 09-42115-4862 | 094-2011-8100 |

**ABE – A Business Education ... A Better Educaiton**




## မန္တလေးမြို့၊ နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေး
## (၃)ထပ်ခွဲ Shop House လူနေဆိုင်ခန်းများ စတင်ရောင်းချခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူးကျေးရွာအုပ်စုအတွင်း တည်ဆောက်နေသောနိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေးဆိုင်ခန်းများ ရောင်းချရေးအတွက် (၁) အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီ (၂) ရတနာမြိုင် ဆောက်လုပ်ရေးကုမ္ပဏီ (၃) တော်ဝင်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီ (၄) ယူနိုက်တက်ရှိုင်ရယ်အာရှ ဆောက်လုပ်ရေးကုမ္ပဏီ (၅) တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့၏ Marketing Department သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယခင်ဆိုင်ခန်းများ နေရာချထားရေး ကြီးကြပ်မှုကော်မတီက (၂၅.၁.၂၀၁၄) မှ (၃၁.၃.၂၀၁၄) ရက်နေ့အထိ Shop House လူနေဆိုင်ခန်းများ ဝယ်ယူရန်အဆိုပြုစာရင်းသွင်း Slip ပုံစံများ ထုတ်ပေးပြီး ဖြစ်ပါသည်။

၃။ ဆိုင်ခန်းစာရင်းသွင်းပုံစံ (Slip) ရရှိထားသည့်ပိုင်ရှင်များသည် ဆိုင်ခန်းများရောင်းချရေး (Marketing Department) သို့ (၂၂.၁၁.၂၀၁၅) မှ (၄.၁၂.၂၀၁၅) ရက်နေ့ထိ နံနက် (၉)နာရီ မှ ညနေ (၆)နာရီအတွင်း လာရောက်ဆက်သွယ်ရပါမည်။ Marketing Department မှ ရောင်းချရေးဌာနတွင် သတ်မှတ်ထားသော စည်းကမ်းချက်များအားဖတ်ရှုပြီး သဘောတူပါက စည်းကမ်းချက်တွင် လက်မှတ်ရေးထိုးရပါမည်။ စည်းကမ်းချက်များကို သဘောတူပြီး လက်မှတ် ရေးထိုးသူများကို "ဘဏ်ငွေသွင်းခွင့်ချလံ" ထုတ်ပေးပါမည်။

၄။ Shop House လူနေဆိုင်ခန်း အကျယ်အဝန်း (20'x 30') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၅၀၀) နှင့် (30'x 35') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၈၀၀) ကို (၂၂.၁၁.၂၀၁၅) မှ (၄.၁၂.၂၀၁၅) ရက်အထိ နောက်ဆုံးထား ပေးသွင်းရပါမည်။

**12' x 12' Slip ပြားရရှိထားသူများအတွက် ဈေးဆိုင်ခန်းများရောင်းချမည့်ရက်ကို ဆက်လက်ကြော်ငြာပေးပါမည်။**

၅။ (၆.၁၂.၂၀၁၅)ရက်နေ့၊ နံနက် (၉)နာရီမှစတင်၍ ငွေပေးသွင်းပြီးသူများထဲမှ အမှန်တကယ် ကျောက်မျက်ရောင်းချသူများကို စိစစ်၍ ဦးစားပေးမဲစနစ်ဖြင့် ရောင်းချပြီးမှ ကျန်သူများကို မဲစနစ်ဖြင့် ရောင်းချမည့် အစီအစဉ်များ ထားရှိပါသည်။ အကယ်၍ ဆိုင်ခန်းလျှောက်ထားသူများပြားပြီး မဲမပေါက်သူများ၏ ကြိုတင်ငွေများကို (၈.၁၂.၂၀၁၅) ရက်နေ့မှစ၍ ပြန်လည် ထုတ်ပေးပါမည်။ Shop House လူနေဆိုင်ခန်း စလစ်ပြား ရယူထားသူများအနေဖြင့် (၄.၁၂.၂၀၁၅) ရက်နေ့ထိ နောက်ဆုံးထား၍ ကြိုတင်ငွေပေးသွင်းမှုမရှိပါက Shop House လူနေဆိုင်ခန်း ဝယ်ယူရန် အဆိုပြုထားသော စလစ်ပြား ပိုင်ရှင်များအား ဆိုင်ခန်းဝယ်ယူခွင့် ပယ်ဖျက်ပြီး ဖြစ်ပါသည်။

၆။ စလစ်ပြားရယူထားသူများအနေဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ မတိုင်မီက ရရှိထားသော "လုပ်ငန်းလိုင်စင်မူရင်း" ၊သန်းခေါင်စာရင်း (မူရင်း+မိတ္တူ) နှင့် နိုင်ငံသားမှတ်ပုံတင် (မူရင်း+မိတ္တူ) များ ယူဆောင်လာရပါမည်။

အထူးသဖြင့်တော့ ကော်တင်ညိုဟာ ဒီနှစ်ရာသီမှာတော့ မန်နေဂျာသစ် ဂျာဂျင်ကလော့ရဲ့ လက်အောက်မှာ သုံးပွဲမှာငါးဂိုးအထိသွင်းယူပေးထားပြီး ဂိုးရရှိအောင် သုံးကြိမ် ကူညီမှုကို ကြည့်တာနဲ့ သူ့ရဲ့တိုးတက်မှုတွေကို အထင်းသား မြင်ရမှာဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ လီဗာပူး အသင်းမှာ ၁၂ပွဲကစားပြီး ငါးဂိုးသွင်းယူပေးထားသလို ဂိုးရရှိ ဖို့ကိုလည်း သုံးကြိမ်တိုင်ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အခုလို ၁၂ ပွဲမှာ ငါးဂိုးသွင်းယူထားနိုင်တဲ့ စံချိန်ဟာ ကော်တင်ညိုရဲ့ ပြီးခဲ့တဲ့တစ်ရာသီလုံးရဲ့ စံချိန်နဲ့တောင် ညီတယ်လို့ ပြောရမှာပါ။ လက်ရှိ သူ့ရဲ့ခြေစွမ်းတွေကို ကြည့်မယ်ဆိုရင်လည်း အကောင်းဆုံးရှိနေတာကြောင့် လာမယ့်အပတ်တွေအတွင်းမှာ အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်မှာသေချာပါတယ်။ **စာမျက်နှာ ၇**

**လီဗာပူးအသင်းမှာ ၁၂ ပွဲကစားပြီး ငါးဂိုးသွင်းယူပေးထားသလို ဂိုးရရှိဖို့ကိုလည်း သုံးကြိမ်တိုင်ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အခုလို ၁၂ ပွဲမှာ ငါးဂိုးသွင်း ယူထားနိုင်တဲ့ စံချိန်ဟာ ကော်တင်ညိုရဲ့ ပြီးခဲ့တဲ့တစ်ရာသီလုံးရဲ့ စံချိန်နဲ့တောင် ညီတယ်လို့ ပြောရမှာပါ။**

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

# ဂုဏ်ရည်ဆေးတိုက်

ရှ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၅၇၀၀၅၀၀၅၀

ပြီးခဲ့တဲ့ El Clasico ပွဲစဉ်မှာ ရီးရဲက ဘာစီလိုနာကို လေးဂိုးပြတ်နဲ့ အရေးနိမ့်တယ်။ အဲ့ဒီပွဲစဉ်မှာ ရီးရဲတိုက်စစ်မှူး ရော်နယ်ဒိုဟာ အသင်းအတွက်ထိရောက်တဲ့ ဦးဆောင်မှုတွေ မပြုလုပ်နိုင်ခဲ့ဘူး။ ဒါ့အပြင် ဒီပွဲမတိုင်ခင်မှာ ဒီ El Clasico ပွဲစဉ်ဟာ ရော်နယ်ဒိုအတွက် နောက်ဆုံး El Clasico ပွဲစဉ်ဖြစ်နိုင်တယ်လို့ ကောက်ချက်ဆွဲသုံးသပ်မှုတွေလည်းရှိခဲ့တယ်။ ဒီတော့ အဲ့ဒီနှစ်ချက် ပေါင်းကြည့်တဲ့အခါ အဆိုပါ El Clasico ပွဲစဉ်ဟာ ရော်နယ်ဒိုအတွက် တကယ်ပဲ နောက်ဆုံး El Clasico ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်မလားဆိုတာ စဉ်းစားစရာကောင်းနေပါတယ်။

# စောင့်ကြည့်ရတော့မည့် ရော်နယ်ဒိုရဲ့လားရာ



ပြောရရင် ဒီရာသီမှာ ရော်နယ်ဒိုဟာ သိသိသာသာ ကျရိပ်ပြနေတယ်။ ရော်နယ်ဒိုအနေနဲ့ လက်ရှိအချိန်မှာ လာလီဂါသွင်းဂိုး ရှစ်ဂိုးရထားပြီး လာလီဂါမှာ ထိပ်တန်း ဂိုးသွင်းရှင်စာရင်းထဲ ပါဝင်နေသေးတယ်ဆိုသော်ငြား သူ့ရဲ့ ဂိုးသွင်းယူနိုင်မှု အရည်အသွေးကအစ သံသယဖြစ်စရာ အခြေအနေတွေရှိလာတယ်။ ပြောရရင် ရော်နယ်ဒိုအနေနဲ့ ဆိုခဲ့ပြီးတဲ့အတိုင်း လာလီဂါမှာ ရှစ်ဂိုးတိတိသွင်းယူပေးနိုင်ခဲ့တယ်ဆိုသော်ငြား။ အဲဒီ ရှစ်ဂိုးအနက် ငါးဂိုးကို အက်စ်ပန်ညိုနဲ့ပွဲမှာ သွင်းခဲ့တာ။ ကျန် သုံးဂိုးကို လက်စ်ပဲမက်စ်၊ ဆယ်လ်တာဗီဂို၊ လီဗန်တေးတို့နဲ့ပွဲတွေမှာ တစ်ဂိုးစီသွင်းယူပေးခဲ့တာဆိုတော့ ဒီရာသီမှာ ရော်နယ်ဒိုရဲ့ ဂိုးသွင်းယူနိုင်မှုပွဲအရေအတွက်ဟာ အတော်လေးနည်းပါးလာတယ်လို့ ကောက်ချက်ဆွဲသုံးသပ်ကြတယ်။

ပြောမယ်ဆိုရင် အဆိုပါ ရော်နယ်ဒို ဂိုးသွင်းယူနိုင်ခဲ့တဲ့အသင်းတွေကို ပြန်ကြည့်ရင် ငါးဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ အက်စ်ပန်ညိုဟာ လက်ရှိအချိန်မှာ လာလီဂါပြိုင်ပွဲအတွင်း ၂၃ ဂိုးအထိ ပေးထားရကာ ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့အသင်း။ ပြီးတော့ ရော်နယ်ဒို တစ်ဂိုးစီသွင်းယူနိုင်ခဲ့တဲ့ အသင်းတွေထဲမှာလည်း လီဗန်တေးက အက်စ်ပန်ညိုနဲ့အတူ ပေးဂိုး ၂၃ ဂိုးအထိရှိပြီး ပေးဂိုးအများဆုံးအသင်းအဖြစ် ပူးတွဲရပ်တည်နေတဲ့အသင်းဖြစ်ကာ ဆယ်လ်တာဗီဂိုကလည်း ၁၈ ဂိုးပေးထားရသလို လက်စ်ပဲမက်စ်ကလည်း တန်းတက်အသင်းတစ်သင်းသာဖြစ်တယ်ဆိုတော့။ အဲ့ဒီအချက် El Clasico ပွဲမှာ ဂိုးသွင်းယူနိုင်မှုမရှိခြင်း၊ ဆီဗီလာ၊ အက်သလက်တီကိုတို့လို အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရချိန်မှာလည်း ဂိုးသွင်းယူနိုင်မှုမရှိခြင်းနဲ့ မာလာဂါလို ခံစစ်ကစားပုံကောင်းမွန်တဲ့အသင်းနဲ့ပွဲမှာလည်း ရော်နယ်ဒိုအနေနဲ့ ဂိုးပေါက်ပျောက်ဆုံးခဲ့ရခြင်းတွေနဲ့ပါ နှိုင်းယှဉ်ကြည့်တဲ့အခါ ရော်နယ်ဒိုရဲ့ အဆုံးသတ်အားဟာ အတော်လေးကျဆင်းလာပြီဆိုတာ သံသယဖြစ်စရာသိပ်ကောင်းလာတယ်။

ပြောရရင်ရော်နယ်ဒိုရဲ့ အရည်အသွေးဟာ မနှစ်ကနဲ့ ဒီနှစ်တောင်မတူဘူး။ မနှစ်က ရာသီမှာတုန်းကဆိုရင် ရော်နယ်ဒိုဟာ လက်ရှိအချိန်လို လာလီဂါပွဲ ၁၂ ပွဲကစားပြီးချိန်မှာဂိုး ၂၀ တိတိ သွင်းယူပြီးပြီ။ အဆိုပါ ၁၂ ပွဲမှာ ဟက်ထရစ် သုံးကြိမ်ရခဲ့သလို မာလာဂါနဲ့ ပွဲတစ်ပွဲတည်းသာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ကျန် ၁၁ ပွဲလုံး ဂိုးသွင်းနိုင်ခဲ့သလို အက်သလက်တီကို၊ ဘီလ်ဘာအို၊ ဗီလာရီးရဲ၊ ဘာစီလိုနာ စတဲ့အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာပါ ရော်နယ်ဒိုက ဂိုးသွင်းယူပြနိုင်ခဲ့တယ်ဆိုတော့ အဆိုပါအချက်နဲ့ ဒီနှစ်အရည်အသွေး ပေါင်းကြည့်တဲ့အခါမှာလည်း ရော်နယ်ဒိုရဲ့ အရည်အသွေးဟာ ကျရိပ်ပြလာပြီဆိုတာ ထင်ရှားသလိုဖြစ်လာတယ်။

အထူးသဖြင့် ရော်နယ်ဒိုက လက်ရှိအချိန်မှာ အသက်အပိုင်းအခြားအရလည်း အကျဘက်တဖြည်းဖြည်း ရောက်လာတယ်။ သူ့ရဲ့ အသက်က လက်ရှိမှာ ၃၀။ ဒီတော့ ဒီလိုအခြေအနေမျိုးနဲ့ ရီးရဲဟာ ရော်နယ်ဒိုကို အသင်းမှာ ဆက်လက်ထားရှိမှာလားဆိုတာကလည်း မေးခွန်းတစ်ခုလို ဖြစ်သထက်ဖြစ်လာတယ်။ ပြောရမယ်ဆိုရင်ပေါ့။ လက်ရှိအချိန်မှာ ရော်နယ်ဒိုကို လိုလိုလားလား ရှိတဲ့အသင်းတွေ ရှိသေးတယ်။ အဲ့ဒီအထဲမှာ ငွေသုံးနိုင်တဲ့ မန်ယူ၊ ပီအက်စ်ဂျီတို့လို အသင်းတွေပါတယ်။ ဒီတော့ ဈေးခေါ်လို့ ကောင်းနေဆဲဖြစ်တဲ့ လက်ရှိအချိန်မှာ ရော်နယ်ဒိုကို ရီးရဲမရောင်းချနိုင်ဘူးလို့ ယတိပြတ်ဘယ်လိုမှ မပြောနိုင်ဘူးလို့လည်း ကောက်ချက်ဆွဲထောက်ပြကြတယ်။

အထူးသဖြင့်ပေါ့။ လက်ရှိမှာ ရီးရဲရဲ့ အစုအဖွဲ့အတွင်း ရော်နယ်ဒိုရဲ့နေရာ အစားဝင်နိုင်သူတွေရှိတယ်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဘေးလ်တို့ဟာ ရော်နယ်ဒိုရဲ့နေရာတွေမှာ ကောင်းစွာအစားဝင်နိုင်သူတွေ။ ပြောမယ်ဆိုရင် ဘေးလ်ဟာ လက်ရှိအချိန်မှာ ရီးရဲအစုအဖွဲ့အတွင်း ထင်သလောက် ခြေစွမ်းပြသနိုင်ခြင်းမရှိတာ မှန်တယ်။ ပြီးတော့ ဘေးလ်ကိုလည်း မန်ယူအပါအဝင် အသင်းအတော်များများက ခေါ်ယူဖို့ စိတ်ဝင်စားမှုရှိတယ်။ ဘေးလ်ကလည်း ရောင်းချရင် ဈေးကောင်းရနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်တယ်ဆိုသော်ငြား။ ဘေးလ်ရဲ့အသက်က ၂၆ နှစ်သာ ရှိသေးတယ်။ ရေရှည်ဆက်သုံးလို့ ရနိုင်သေးတဲ့အခါ ရီးရဲအနေနဲ့ ဘေးလ်ထက် ရော်နယ်ဒိုကို ရောင်းချပြီး ငွေပြန်ရှာခြင်းက ပိုမိုထိရောက်မှုရှိမယ်လို့လည်း ယူဆကြတယ်။

တချို့ကတော့ လက်ရှိ ရီးရဲရဲ့အခြေအနေကို ထောက်ပြသုံးသပ်ကြတယ်။ အထူးသဖြင့် ဆိုခဲ့ပြီးတဲ့အတိုင်း ရော်နယ်ဒိုဟာ လာလီဂါမှာ ရှစ်ဂိုးသာသွင်းယူထားနိုင်သလို အဲဒီ ရှစ်ဂိုးကိုလည်း ပွဲစဉ် လေးပွဲမှာသာ သွင်းယူထားတာဆိုပေမယ့် လက်ရှိအချိန်ထိ ရော်နယ်ဒိုဟာ ရီးရဲမှာ ဂိုးသွင်းအများဆုံးသူအဖြစ် ရပ်တည်နေဆဲဖြစ်တယ်။

အရှင်းဆုံးပြောရရင် ရီးရဲဟာ ဒီရာသီပြိုင်ပွဲအရပ်ရပ်မှာ ၃၃ ဂိုးသွင်းယူနိုင်တယ်။ အဲဒီအထဲမှာ ရော်နယ်ဒိုက လာလီဂါသွင်းဂိုး ရှစ်ဂိုးနဲ့ ချန်ပီယံလိဂ်သွင်းဂိုး ငါးဂိုး သွင်းယူပြီး စုစုပေါင်း ၁၃ ဂိုးသွင်းတယ်။ အသင်းအတွင်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတယ်။ ဒုတိယနေရာက ဘင်ဇီမာတောင် ခုနစ်ဂိုးသာသွင်းယူထားနိုင်ခဲ့သလို ရော်နယ်ဒိုနေရာ အစားဝင်နိုင်ပါတယ်ဆိုတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ ဘေးလ်တို့ဆိုရင်လည်း နှစ်ဦးပေါင်းမှ ပြိုင်ပွဲအရပ်ရပ် ငါးဂိုးသာ သွင်းယူထားနိုင်တယ်ဆိုတော့ ရီးရဲမှာ ရော်နယ်ဒိုရဲ့ အခန်းကဏ္ဍဟာ မေးမှိန်မှုမရှိသေးဘူးလို့လည်း ကောက်ချက်ဆွဲနိုင်သလို အဲ့ဒီလိုအသင်းမှာ အဓိကကျနေဆဲ ကစားသမားတစ်ဦးကို ရီးရဲအနေနဲ့ လက်လွှတ်စပယ် ရောင်းချနိုင်ပါ့မလားလို့ တုံ့ပြန်သုံးသပ်သူတွေလည်း ရှိလာတယ်။

ဒါပေမယ့် ဆိုခဲ့ပြီးတဲ့အတိုင်း ရော်နယ်ဒိုဟာ လက်ရှိအချိန်မှာတင် အသက် ၃၀ ကျော်ပြီ။ လာမယ့် ဖေဖော်ဝါရီဆိုရင်ပဲ ၃၁ နှစ်ဖြစ်တော့မယ်။ ပြီးတော့ သူကိုယ်တိုင်ရဲ့ စွမ်းဆောင်နိုင်ရည်ဟာလည်း ဆိုခဲ့ပြီးတဲ့အတိုင်း ကျရိပ်ပြလာတယ်။ အရှင်းဆုံးပြောရရင် လက်ရှိအချိန်မှာသာ ရော်နယ်ဒိုကို မရောင်းချခဲ့ရင် လာမယ့်ရာသီတွေမှာ လက်ရှိအချိန်လောက် ဈေးကောင်းရဖို့ မလွယ်နိုင်ဘူး။

ပြောမယ်ဆိုရင် ရီးရဲဟာ ခနအင်အားပိုင်းအရ ကစားသမားရောင်းချပြီး ငွေကြေးရှာဖွေတဲ့ အသင်းမျိုး မဟုတ်သလို ရော်နယ်ဒိုရဲ့ပုံရိပ်ကြောင့် ရီးရဲအတွက် လက်ရှိအချိန်မှာလည်း ငွေကြေးအကျိုးအမြတ် များစွာ ရရှိနေမယ်ဆိုတာ မှန်ပေမယ့်လည်း ရီးရဲအနေနဲ့ အရည်အသွေးပိုင်းရော အသက်အရပါ ကျဆင်းလာပြီဖြစ်တဲ့ ကစားသမားတစ်ဦးကို အသင်းမှာ ဆက်လက်ထားရှိပါ့မလား။ ရာအူးလ်၊ ရော်နယ်ဒို(ဘရာဇီး)တို့လို ကစားသမားတွေကိုတောင် ရီးရဲဟာ ကျရိပ်ပြလာချိန်မှာရောင်းချပြီး ငွေကြေးရှာဖွေသလို လက်ရှိမှာလည်း ရော်နယ်ဒိုကို ပေးထားရတဲ့လစာဟာ မြင့်မားလွန်းတဲ့အခါ. . .

အချုပ်ပြောရရင် လက်ရှိပကတိအနေအထားအရ ရော်နယ်ဒိုရဲ့အနာဂတ်ဟာ ရီးရဲမှာ မသေချာနိုင်တော့ဘူးလို့ သာဆိုရမယ်။

**လင်းဆက်**



**“ရော်နယ်ဒိုအနေနဲ့ကလည်း ရီးရဲကထွက်ရင် မန်ယူမှာ တစ်ကျော့ပြန်ကစားချင်တယ်လို့ ဆိုထားသလို မေဂျာလိဂ်မှာလည်း ကစားချင်တယ်လို့ ဆိုခဲ့ပြီးပြီ။ ဒီတော့ တကယ်ပဲ ရော်နယ်ဒိုရီးရဲက ထွက်ခွာတော့မှာလား။”**

**“ရော်နယ်ဒိုဟာ လာလီဂါမှာ ရှစ်ဂိုးသာသွင်းယူထားနိုင်သလို အဲ့ဒီ ရှစ်ဂိုးကိုလည်း ပွဲစဉ်လေးပွဲမှာသာ သွင်းယူထားတာဆိုပေမယ့် လက်ရှိအချိန်ထိ ရော်နယ်ဒိုဟာ ရီးရဲမှာ ဂိုးသွင်းအများဆုံးသူအဖြစ် ရပ်တည်နေဆဲဖြစ်။”**

ရခိုင်ပြည်နယ်

# စွဲမက်စရာ အရောင်အသွေးမျိုးစုံနှင့် ဆွဲဆောင်နေသော ကျောင်းဈေးတန်းများမှစားသောက်စရာများကို သတိထားစေဖို့

**စာသင်ကျောင်းများ၏ ကျောင်းဈေးတန်းများမှ စားသောက်စရာများသည် အနာဂတ်ဖန်တီးရှင် နိုင်ငံ့ရင်သွေးရတနာ ကျောင်းသား ကျောင်းသူအများစုအတွက် နေ့စဉ်နှင့်အမျှစားသောက်နေကြသော အစားအစာများဖြစ်ကြသည်။ ဤစားသောက်စရာများနှင့် ကျောင်းသား ကျောင်းသူများသည်နိစ္စဓူဝဆုံတွေ့နေကြရသည်။ သို့ဖြစ်၍လည်းကျောင်းရှိ အစားအသောက်များသည် အန္တရာယ်ကင်း ဘေးရှင်းရန်လိုသည်။ ‘‘မစားလို တစ်လုပ်’’ဟု ဆိုရိုးစကားရှိရာ အစားအစာများသည် အန္တရာယ်မကင်းပါက တစ်လုပ်စားသောက်ရုံမျှနှင့် ဘေးရှိတတ်ကြောင်း ညွှန်းဆိုထားခြင်းဖြစ်သည်။**



လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ - ဓညဝ

**ယခင်ထက်များလာ**

မိုးဦးကာလကျောင်းဖွင့်စအချိန်များတွင် အမိုးအကာအောက်၌ မိုးလေလုံရန် ကျပ်ကျပ်တည်းတည်းရောင်းနေရသော ကျောင်းဈေးတန်းများမှ စားသောက်စရာများမှာ ပွင့်လင်းရာသီရောက်လာပြီမို့ ကျယ်ကျယ်ပြန့်ပြန့် ရောင်းလာကြကြောင်းတွေ့ရသည်။ စွဲမက်စရာ အရောင်အသွေးမျိုးစုံနှင့် ဆွဲဆောင်ကာ ဈေးကွက်ထိုးဖောက်နေသော ထိုအစားအစာများမှ ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် အာဟာရ ပြည့်ဝရေးထက် မိမိတို့အတွက် အမြတ်များများ ရရှိရေးကိုသာ ဦးစားပေး ထုတ်လုပ်ထားကြခြင်းဖြစ်သည်။ ကျောင်းဈေးတန်းများတွင် လက်ဖက်ရည်၊ ကော်ဖီ၊ အသုပ်စုံ၊ အကြော်စုံ စသော စားသောက်စရာများထက် အချိုရည်၊ ဂျယ်လီ၊ သကြားလုံး၊ ဝေဖာ၊ သစ်သီးမျိုးစုံ၊ ပဲမျိုးစုံ စသည့်အသင့်လုပ် အစားအစာများက များစွာနေရာယူထားကြောင်း တွေ့ရသည်။

**အားလုံးကလိုလား**

မီဒီယာအမျိုးမျိုးမှ ပြည်သူအများ အစားအသောက်၌ ဘေးအန္တရာယ်ကင်းစေဖို့ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ဘေးအန္တရာယ်ရှိသော အစားအသောက် ဖမ်းဆီးမှုများ၊ အန္တရာယ်ရှိသော အစားအသောက်များ၏ တံဆိပ်အမျိုးမျိုးများ၊ ပညာပေးဟောပြောမှုများကြောင့် ပြည်သူအများ ယခင်ကထက် ဗဟုသုတရှိနေကြပြီဖြစ်သည်။

သို့သော်လည်း စီးပွားရေးသမားများ၏ အတ္တလွန်ကဲမှုများကား ယခင်ကထက်များလာသည်။ အစားအစာသုံး အရောင်တင်မှုန့်များအစား ဘေးဥပဒ်ဖြစ်စေသော ဓာတုဆိုးဆေးများ သုံးစွဲလာကြသည်။ ဤသည်မှာ အစားအသောက်များအတွက် အလွန်ရင်လေးစရာဖြစ်လာရသည်။ ကျောင်းဈေးတန်းများတွင် တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသော တစ်ဖက်နိုင်ငံများမှ ထုတ်လုပ်သည့် ဆွဲဆောင်စရာ အစားအစာများက နေရာယူလာကြသည်။

ကျောင်းသား ကျောင်းသူများမှာ ဘေးဥပဒ်ဖြစ်မည်ကို မသိရှိကြဘဲ အာဟာရပြည့်ဝဖို့ထက် အရောင်အသွေးစုံ၊ ဒီဇိုင်းစုံတို့ဖြင့် ဆွဲအားကောင်းနေသော စားစရာများကို အများအားဖြင့် စားသုံးနေကြကြောင်း လေ့လာသိရသည်။ သို့ဖြစ်၍လည်း ကျောင်းဈေးတန်းများတွင် ဘေးအန္တရာယ်ကင်းစေသော အစားအသောက်များ ရောင်းချမှုကို ကျောင်းသားမိဘများသာမက ပြည်သူများကပါ အားလုံးက လိုလားလာကြကြောင်း သိရသည်။

စစ်တွေမြို့ ကုန်တန်းရပ်ကွက်မှ ဦးသန်းဌေးက “ကျွန်တော်တို့အိမ်နဲ့ မနီးမဝေးမှာ ကျောင်းမုန့်ဈေးတန်းရှိပါတယ်။ ကျောင်းဈေးတန်းတွေမှာ ရောင်းနေတာကတော့ အများအားဖြင့် လှပတဲ့ ဒီဇိုင်းတွေနဲ့ ပြုလုပ်ထားတဲ့ ရောင်စုံပါတဲ့ စားစရာတွေက များပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြောလိုတာကတော့ ဘယ်အစားအစာပဲဖြစ်ဖြစ် ကျောင်းသား ကျောင်းသူတွေအတွက် အန္တရာယ်ကင်းစေဖို့ပါပဲ”ဟု ဆိုသည်။

**စီမံချက်ချ ဆောင်ရွက်**

ကျန်းမာရေးဝန်ကြီးဌာနသည် စာသင်ကျောင်းမုန့်ဈေးတန်းအစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးကို စီမံချက်ချကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခု၌ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်မှ စတင်ကာ ဆောင်ရွက်နေကြောင်း၊ ကျောင်းမုန့်ဈေးတန်းအစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းဖြစ်၍ ဆရာ ဆရာမများ၊ ကျောင်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ သိရသည်။

“ဒီစီမံချက်က ရခိုင်ပြည်နယ်မှာ ဒီနှစ်မှစပြီး အကောင်အထည်ဖော်တာပါ။ ကျွန်တော်တို့အနေနဲ့ အဓိက ဆောင်ရွက်တာကတော့ အစားအသောက်တွေမှာ ပါတဲ့ ဆိုးဆေးတွေရဲ့ အန္တရာယ်တွေကို ကျောင်းသား ကျောင်းသူတွေ သိရှိအောင် ပညာပေးပါတယ်။ ဒါ့မှလည်း ကလေးတွေအနေနဲ့ ဘယ်လိုအရောင်ဆိုရင် ဘယ်လိုအန္တရာယ်တွေဖြစ်နိုင်တယ်ဆိုတာ သိနိုင်မှာပါ။ နောက်ပြီး ကျောင်းမုန့်ဈေးတန်းက စားစရာတွေဝယ်ယူတဲ့အခါမှာလည်း ဆရာ ဆရာမတွေ ကျောင်းကော်မတီဝင်တွေကို ကျွန်တော်တို့ကိုယ်တိုင် သွားပြီးတော့ ကူညီပံ့ပိုးပေးပါတယ်”ဟု ရခိုင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုကြီးကြပ်ရေးမှူး (အစားအသောက်) ဦးကျော်သိန်းမောင်က ပြောပြသည်။

ကော်မတီများက ဝယ်ယူလာသော မုန့်စသည့် စားစရာများကို နံပါတ်နှင့် ဆိုင်းလိပ်စာများတပ်ပြီး စနစ်တကျထုပ်ပိုးကာ နေပြည်တော် သို့မဟုတ် ရန်ကုန်မှာရှိသော အစားအသောက်စစ်ဆေးရေးဓာတ်ခွဲခန်းများကို ပို့ပြီးစစ်ဆေးကြောင်း၊ ဓာတ်ခွဲခန်းစစ်ဆေးချက်အရ ဘေးအန္တရာယ်ဖြစ်သော ဓာတုပစ္စည်းများတွေ့ရှိပါက အကြောင်းပြန်ကြားကြောင်း၊ ဌာနအနေနှင့် အန္တရာယ်ဖြစ်သည်ဟု အကြောင်းပြန်ကြားလာသော စားစရာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး တားဆီးပိတ်ပင်သွားမည် ဖြစ်ကြောင်း၊ ပြည်သူများက ပူးပေါင်းပါဝင်ပါက လုပ်ငန်းပို၍ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း စသည်ဖြင့် ၎င်းကဆက်လက်ပြောပြသည်။

စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆရာ ဆရာမများအပိုင်းကလည်း ပူးပေါင်းပါဝင်လျက်ရှိကြောင်းသိရသည်။ အထက (၄) စစ်တွေမှ အလယ်တန်းပြဆရာမ ဒေါ်နီနီအောင်က စစ်ဆေးခြင်းလုပ်ငန်းသည် အလွန်ကောင်းကြောင်း၊ စစ်ဆေးခြင်းမရှိပါက အန္တရာယ်ရှိ/မရှိ မသိနိုင်ကြောင်း၊ ဓာတုပစ္စည်း ပါ/မပါသိရပါက ကျောင်းသား ကျောင်းသူများအနေဖြင့် ဆင်ခြင်နိုင်မည်ဖြစ်ကြောင်း၊ သူတို့ကျောင်းမုန့်ဈေးတန်းတွင် ယခင်က ဤသို့စစ်ဆေးမှုများမရှိခဲ့ကြောင်း၊ ကျန်းမာရေးဦးစီးဌာနကို အလွန်ကျေးဇူးတင်ကြောင်း စသည်ဖြင့် ပြောပြသည်။

စစ်တွေမြို့ ပြည်တော်သာရပ်ကွက်မှ ကျောင်းသူတစ်ဦး၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဦးက “ကျွန်မသမီးကို နံနက်စာထမင်းပို့လာချိန်ဟာ နေ့လယ်ကျောင်းလွှတ်ချိန် (မုန့်စားလွှတ်ချိန်)ဖြစ်ပါတယ်။ ကျောင်းစည်းကမ်းအရ ကျောင်းသား ကျောင်းသူတွေဟာ အပြင်ကိုမထွက်ရပါဘူး။ ကျောင်းမုန့်ဈေးတန်းကပဲ ဝယ်စားရပါတယ်။ ဝယ်စားတဲ့မုန့်တွေဟာ အန္တရာယ်ရှိ/မရှိ မသိနိုင်ဘူး။ သန့်ရှင်းတယ်လို့ဆိုပေမယ့် အန္တရာယ်ကိုမမြင်နိုင်ပါဘူး။ ခုလိုလာရောက်ပြီး မုန့်တွေကို ဝယ်ယူပြီးတော့ စစ်ဆေးပေးမယ်ဆိုလို့ ကျေးဇူးတင်ပါတယ်” ဟု သူ၏အမြင်ကို ရှင်းပြသွားသည်။

**သတိထားစေလို**

အစားအသောက်များတွင် ဘေးဥပဒ်ဖြစ်စေသော ဓာတုပစ္စည်းများသာမက မှိုများ၊ ဗက်တီးရီးယားပိုးမွှားများ၊ သန်ကောင်ဖြစ်စေသောသန်ဥများ စသည်ဖြင့် အန္တရာယ်ဖြစ်စေတတ်သည့် အချက်များပါဝင်တတ်ကြောင်း သိရသည်။

ကလေးငယ်များအနေဖြင့် အရောင်အမြင်ကောင်းတိုင်း စိတ်ကို အလိုလိုက်ပြီး အလျင်စလို မစားသင့်ကြောင်း မိဘများက အသိပညာပေးဖို့လိုပါတယ်။ ယခုအခါ အရောင်အသွေးစုံသော စားစရာများ နေရာအနှံ့ဝင်ရောက်နေရာ အမြဲသတိထားရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

---

# မန္တလေးမြို့တော်အား ဘေးဒဏ်ခံနိုင်ရည်ရှိသော မြို့အဖြစ် ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး

"100 Resilient Cities" အဖွဲ့၏ ရွေးချယ်ခြင်းခံရသော အဖွဲ့ဝင် မန္တလေးမြို့တော်၏ “ဘေးအန္တရာယ်အကဲဖြတ်မှုနှင့် မန္တလေးမြို့အား ဘေးဒဏ်ခံနိုင်ရည်ရှိသောမြို့အဖြစ် ဆောင်ရွက်ရေး” အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန်က စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ နိစ္စဓူဝလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရသော မွန်မြတ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများက လုပ်ငန်းစဉ်များအပေါ် နားလည်ခြင်းသည် အဓိကကျကြောင်း၊ စည်ပင်သာယာရေး လုပ်ငန်းများကောင်းမွန်ပြီး ရေရှည်တည်တံ့နိုင်ရေးတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အပြည့်အဝရရန် နိုင်ငံတကာမှ ပညာရှင်များက အတွေ့အကြုံများဆွေးနွေးဝေမျှပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နယ်ပယ်အသီးသီးမှ အဖွဲ့ဝင်ကိုယ်စားလှယ်များက အဖွဲ့များခွဲ၍ ရုတ်တရက်ထိတ်လန့်မှုနှင့်ရေရှည်စိတ်ဖိစီးမှုများမှ ပြန်ကောင်းလာအောင် ကူညီပေးသည့်အရာများ၊ မြို့တော်ပုံမှန်လည်ပတ်အောင် လုပ်ဆောင်ရမည့်အရာများစသည်တို့ကို အဖွဲ့လိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

## မန္တလေးတိုင်းဒေသကြီး

# ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာတွင် လျှပ်စစ်မီးရရှိ

အက်ကလေး - ရမည်းသင်း



ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိခြင်းသည် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စု ကျူတောဝကျေးရွာသူ ကျေးရွာသားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လျှပ်စစ်မီးရရှိခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျူတောဝရွာ ထရန်စဖော်မာခတ်အားခွဲရုံရှေ့၌ ကျင်းပသည်။

တိုင်းဒေသကြီး တိုင်းလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ဦးရွှေမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကျူတောဝကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ပြည်သူများထည့်ဝင်ငွေကျပ် ၂၆ ဒသမ ၀၀ သန်း၊ ဌာနမှထောက်ပံ့ငွေကျပ် ၃၃ ဒသမ ၄၉ သန်း စုစုပေါင်းကျပ်သန်း ၅၄ ဒသမ ၄၉ ဖြင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီကဆောင်ရွက်ခဲ့ပြီးကျူတောဝကျေးရွာအိမ်ခြေ ၁၆၆ အိမ် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။ ကျန်သောအိမ်များလည်း လျှပ်စစ်မီးရရှိရေးအတွက် ဆက်လက်တပ်ဆင်သွားမည်ဖြစ်သည်။ ထို့အပြင် ကျူတောဝအုပ်စုအတွင်းရှိ ကျေးရွာများတွင်လည်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ယခုအခါ ကျေးရွာပေါင်း ၂၄၀၀ ကျော် လျှပ်စစ်မီးရရှိပြီဟု သိရသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ သီပေါမြို့၌ကျင်းပ

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လုပ်ရှားဆောင်ရွက်ရေးအသင်းမှ ဦးစီးပြီး နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖတ်မှုပပျောက်ရေးနေ့အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့ဟောင်းကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းခန်းမ၌ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

စိုင်း(သီပေါ)




## ရန်ကုန်တိုင်းဒေသကြီး

# ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများ စာရင်းကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူများ အမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့က နိုဝင်ဘာ ၂၃ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

### ဆုရရှိသူများ

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)က "မောင်တို့ကြက်ဖနိုင်နိုင် ရွှေဖလားနဲ့ ကြက်ကွဲ့ားကိုင်" စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဒေါ်ခင်အေးမူ (ခင်လပြည့်ဝန်း)က "ရွှေကြယ်ပဲ" စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးစိန်ဝင်း (အိမ်မဲဦးစိန်ဝင်း)က "ငွေတိုးမ ထာဝရ မိခင်ဖြစ်ပါစေ" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ဒေါ်ခင်မာကြည် (မလေးခင်- ဟသ်ာရွှေမြေ)က "ကောက်ကြီးနဲ့ ပုလဲသွယ်ရွှေဖူးစာနွယ်စေဖို့" စာမူဖြင့်လည်းကောင်း၊ နော်လယ်မူဖော(ရို့စ်)က "ဆေးဖက်ဝင်ရွာ" စာမူဖြင့်လည်းကောင်း၊ ဒေါ်ဝင်းကြည် (မကျေးဥ)က "တို့အမျိုး တို့အနွယ် တို့ဇာတိနယ်" စာမူဖြင့်လည်းကောင်း၊ ဒေါ်မြင့်မြင့်သန်း(မကျော်-ပြန်/ဆက်)က "အဖျက်ပိုး" စာမူဖြင့်လည်းကောင်း၊ ဒေါ်ဟေမာကြည်စိုး (ချစ်ဆုပန်)က "ပျောက်ကွယ်သွားသော ကြက်ခြေခတ်များ" စာမူဖြင့်လည်းကောင်း အသီးသီး ဆုရရှိခဲ့ကြသည်။

### ဆုချီးမြှင့်မည်

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများအား နေပြည်တော်တွင် ကျင်းပမည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

**ကရင်ပြည်နယ်**

# ကရင်ပြည်နယ်အတွင်းဖြန့်ဝေမည့် မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ်အသစ်များရောက်ရှိ

ပူပြင်းခြောက်သွေ့သည့်ရာသီသို့ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် မီးလောင်မှုဖြစ်ပွားပါကမီးငြိမ်းသတ်ရန် မရှိမဖြစ်လိုအပ်သည့် မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၂၈ သန်းဖြင့် အကုန်အကျခံဝယ်ယူထားရာ CNJ အမျိုးအစား မီးငြိမ်းသတ်ယာဉ်အစီး ၂၀၊ မီးသတ်ရေသယ်ယာဉ် ၁၇ စီး စုစုပေါင်း ၃၇ စီးအနက် ပထမအသုတ်အနေဖြင့် မီးငြိမ်းသတ်ယာဉ် ၁၀ စီးနှင့် မီးသတ်ရေသယ်ယာဉ် ၁၀ စီးတို့သည် နိုဝင်ဘာ ၁၉ ရက်က ဘားအံမြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ ကနဦးရောက်ရှိလာကာ နိုဝင်ဘာ ၂၅ ရက်နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်းတွင် ပြည်နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ရေပက်ဖြန်းသရုပ်ပြခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ကြရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးကြပြီး **(အောက်ပုံ)** ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က စက်ပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်များအနက် ကျန်ရှိသည့် ၁၇ စီးသည် ဒီဇင်ဘာလဆန်းပိုင်းတွင် ထပ်မံရောက်ရှိမည်ဖြစ်ပြီး အဆိုပါယာဉ် ၃၇ စီးအား ပြည်နယ်အတွင်းရှိ နယ်မြေမီးသတ်စခန်းအသစ်များဆီသို့ ဖြန့်ခွဲ ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရသည်။

**မောင်စော(ပြန်/ဆက်)**





**စစ်ကိုင်းတိုင်းဒေသကြီး**

# အလင်းသုခဝေငှရန် ပြည်တွင်းပြည်ပ မျက်စိဆရာဝန်ကြီးများ ကလေးမြို့သို့ရောက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သီတဂူအာရောဂျဒါနဆေးရုံတော်၌ သီတဂူဆရာတော်ကြီး၏ စီစဉ်မှုဖြင့် သီတဂူသာသနာပြုအဖွဲ့က ကြီးမှူးကာ သီတဂူသာသနာပြုအဖွဲ့မှ Dr.Patrick Tonnard နှင့် Dr. F. D. Wilde တို့သည် နိုဝင်ဘာ ၂၁ ရက်တွင် ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်သို့ ရောက်ရှိကြပြီဖြစ်သည်။

ယခုအချိန်တွင် သီတဂူအာရောဂျဒါနဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့က မျက်စိဝေဒနာရှင်များအား ဖိတ်ခေါ်လက်ခံကာ နိုဝင်ဘာ ၂၄ ရက်အထိ မျက်စိဝေဒနာရှင် ၁၉၂၇၉ ဦးကို စမ်းသပ်ပြီးစီးပြီး ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၄၂၄ ဦးထဲမှ ၂၃၉ ဦးတို့အား မျက်စိခွဲစိတ်ကုသပေးလျက်ရှိရာ အလင်းသုခရရှိကြပြီဖြစ်သည့်အပြင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင်လည်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာဝေဒနာရှင်ဦးရေ ၇၀ တို့အား အောင်မြင်စွာ ခွဲစိတ်ကုသပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လူနာများအား သီတဂူဝန်ဆောင်ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး အရှင်ကောဝိဒဆရာတော်က ခွဲစိတ်ပြီးသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူငယ်များကို အဝတ်အထည်များ၊ မျက်စိ ခွဲစိတ်ခဲ့သော အဘိုးအဘွားများကို အနွေးထည်များပေးအပ်လှူဒါန်းခဲ့သည်။

ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ သီတဂူအာရောဂျဆေးရုံတော်သည် ရဟန်းရှင်လူ ပြည်သူအများကောင်းမှုဖြင့် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်၊ စကားလှမ္မောရုံဆရာတော်၊ နေသာပညာဒါန ဆရာတော်၊ မဟာသန္တာရုံဆရာတော်တို့၏ ဩဝါဒခံယူပြီး ၂၀၀၉ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာ မျက်စိဝေဒနာရှင်များကို အခမဲ့အကြိမ်ကြိမ်ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းကြောင့် မျက်စိဝေဒနာရှင် အလင်းသုခရရှိသူများ၊ အလှူရှင်များ၊ အကျိုးဆောင်ပုဂ္ဂိုလ်များ အလွန်ဝမ်းမြောက်ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။



ဂျူနိုင်း

**ကချင်ပြည်နယ်**

# ၂၅ ခုတင်ဆံ့ လူနာဆောင်ဆောက်လုပ်

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးလုပ်ကိုင်နိုင်ခြင်း၊ ရွှေမှော်-ပယင်းမှော်များရှိခြင်း၊ ဈေးရောင်းဈေးဝယ်ကောင်းမွန်ခြင်း၊ နယ်မြေအေးချမ်းသာယာခြင်းတို့ကြောင့် အနယ်အနယ်အရပ်ရပ်မှ ပြည်သူများလာရောက်၍ စီးပွားရှာဖွေရာ တနိုင်းမြို့၌ ကျန်းမာရေးစောင့်ရှောက်ကုသနိုင်ရန်အတွက် ပုန်ခုန်းရပ်ကွက် ပြည်သူ့ဆေးရုံကြီးတွင် ၂၅ ခုတင်ဆံ့ လူနာတင်ဆောင်နှင့် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ပေးလျက်ရှိသည်ဟု သိရသည်။

အဆိုပါ ၂၅ ခုတင်လူနာဆောင်နှင့်ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ကချင်ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေအလုံးအရင်းရန်ပုံငွေကျပ် သန်း ၈၀၀ဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

**သီမီးခုံ(နန်းရီ)**

**ရန်ကုန်တိုင်းဒေသကြီး**

# ရွှေလေ့ချောင်းကျေးရွာ လျှပ်စစ်မီးလင်းပြီ

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရွှေလေ့ချောင်းကျေးရွာတွင်နိုဝင်ဘာ ၂၄ ရက်က ၃၁၅ ကေဗွီထရန်စဖော်မာတပ်ဆင်ပြီးဖြစ်၍လျှပ်စစ်မီးရရှိပြီဖြစ်သောကြောင့် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းလှိုင်၊ ဦးဌေးရှိန်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်ကျော်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးကျော်မြင့်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးသန်းနှင့် ရပ်မိရပ်ဖတို့က ဖွင့်လှစ်ခဲ့ပြီး လျှပ်စစ်မီးရရှိသည့်အတွက်ကျေးရွာနေပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကာ စည်ကားသိုက်မြိုက်စွာဖြင့် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထရန်စဖော်မာ ၃၁၅ ကေဗွီနှင့် ဆက်စပ်ပစ္စည်းအားလုံးကို ကျေးရွာမှကိုယ့်အားကိုယ်ကိုးဖြင့် တပ်ဆင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(၁၆၄)**

မကွေးတိုင်းဒေသကြီး

# စိုက်ခင်းများ၌ ပေါင်းလိုက်အလုပ်ဖြင့် မိသားစုစားဝတ်နေမှုအထောက်အကူပြု

ရေစကြိုမြို့နယ်အတွင်း ကျွန်းပိုင်းဒေသ ကျေးရွာပေါင်း ၄၀ ခန့်သည် ချင်းတွင်းမြစ်ရေ ကျဆင်းသွားပြီး မြေနုကျွန်းများတွင် ဆောင်းသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ပြောင်း၊ ငရုတ်၊ စီပီပြောင်း၊ ပဲအမျိုးမျိုးနှင့် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်တော့ မြစ်ရေကနှစ်ကြိမ်ဝင်ပြီး နွံ့နွံ့တွေက တင်ကျန်ခဲ့လို့ အသီးအပင်တွေ အောင်မြင်ပါ့မလားလို့ စိုးရိမ်စိတ်နဲ့စိုက်ခဲ့ကြရတာ။ အခုတော့ စိုက်ပျိုးသမျှသီးနှံအားလုံး အောင်မြင်ဖြစ်ထွန်းသလို ဒေသခံအမျိုးသား ၊ အမျိုးသမီးတွေလည်းအလုပ်အကိုင်ကိုယ်စီနဲ့ အဆင်ပြေနေပါတယ်"ဟု သာဂေါင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ပြောပြသည်။

"ကျွန်မတို့က အလုပ်မရွေးတော့ အလုပ်ကပေါပါတယ်။ စိုက်ချိန်၊ ပျိုးချိန်ဆိုလည်းလိုက်လုပ်တာပဲ။ ရိတ်ချိန်၊ နုတ်ချိန်ဆိုလည်းလိုက်လုပ်တာပဲ။ အခုလည်း ပေါင်းလိုက်နေတာဖြစ်ပါတယ်။ တစ်မနက်လုပ်ရင် ငွေကျပ် ၁၀၀၀၊ တစ်နေကုန်လုပ်ရင် ငွေကျပ် ၂၀၀၀ ရတယ်။ နေ့စဉ်အလုပ်ရှိတော့ နေ့စဉ်ဝင်ငွေရှိတယ်။ မိသားစု စားဝတ်နေရေးလည်း အဆင်ပြေတယ်"ဟု ပေါင်းလိုက်နေသောအမျိုးသမီးတစ်ဦးက ပြောပြသည်။

ကျေးလက်ဒေသတွင် နေထိုင်ကြသူများအနေဖြင့် စိုက်ပျိုးသီးနှံ ပေါင်းလိုက်ချိန်၊ ရိတ်သိမ်းချိန်များတွင် အလုပ်အကိုင်များ ပေါများပြီး အလုပ်မရွေးလုပ်ကိုင်သူများမှာ စားဝတ်နေရေးပိုမိုအဆင်ပြေကြကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)



စစ်ကိုင်းတိုင်းဒေသကြီး



# မြေယာဆုံးရှုံးခဲ့သော တောင်သူများအား လျော်ကြေးငွေပေးအပ်

ရွှေဘိုတက္ကသိုလ်တည်ဆောက်ရာ၌ ပါဝင်သွားသော တောင်သူများ၏ မြေယာများအတွက် လျော်ကြေးငွေပေးအပ်မှုအဖြစ် နိုဝင်ဘာ ၂၅ ရက်က ရွှေဘိုတက္ကသိုလ် အစည်းအဝေးခန်းမ၌ နောက်ဆုံးကျန်သည့် တောင်သူသုံးဦးတို့အား မြေယာလျော်ကြေးပေးအပ်ပွဲကိုကျင်းပရာ ရွှေဘိုမြို့နယ် မင်းကျောင်းအုပ်စုမှ စာရင်းပေါက်တောင်သူများဖြစ်ကြသည့် ဦးမိုး၊ ဦးနိုင်လေး၊ ဦးမျိုးသန့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြေယာပိုင်ဆိုင်မှု ၆ ဒသမ ၃၆ ဧကရှိသော ဦးမိုးအား ငွေကျပ် ၄၄၅၂၀၀၀၊ ၇ ဒသမ ၄၃ ဧကရှိသော ဦးနိုင်လေးအား ငွေကျပ် ၅၂၀၁၀၀၀ နှင့် ၀ ဒသမ ၁၃ ဧကရှိသော ဦးမျိုးသန့်အား ငွေကျပ် ၉၁၀၀၀ တို့ကို ရွှေဘိုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်က ပေးအပ်ရာ အသီးသီးလက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ရွှေဘိုတက္ကသိုလ်၏အကျယ်အဝန်းမှာ ၂၁၀ ဒသမ ၆၈ ဧကဖြစ်ပြီး တောင်သူပိုင်မြေမှာ ၂၀၅ ဒသမ ၉၂ ဧကဖြစ်သဖြင့် အဆိုပါတောင်သူပိုင်မြေများ၏ တစ်ဧကတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ကို အရစ်သုံးရစ်ခွဲပြီး လျော်ကြေးငွေပေးအပ်ခဲ့ ရာ ယခုအချိန်သည် နောက်ဆုံးအကြိမ်ဖြစ်ပြီး မြေတန်ဖိုးပေးလျော်ရန် တောင်သူကုန်သွားပြီဖြစ်ကြောင်း သိရသည်။

ယနေ့ထိ တောင်သူများသို့ မြေယာလျော်ကြေးငွေပေးအပ်ပြီးမှု စုစုပေါင်းမှာ ငွေကျပ် ၁၄၄၁၄၄၀၀၀ ဖြစ်ကြောင်း သိရသည်။ (၀၅၀)

စစ်ကိုင်းတိုင်းဒေသကြီး

# ဆောမြို့နယ်၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုများရှိလာ

ဂန့်ဂေါခရိုင် ဆောမြို့၌ တစ်ပိုင်တစ်နိုင် ဥစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မှုရှိလာသဖြင့် မိသားစုဝင်ငွေရရှိကာ စားဝတ်နေမှုပြေလည်လျက်ရှိသည့်အပြင် ယခုအခါတွင် ဒေသတွင်းကြက်ခြံများမှ ကြက်ဥများရရှိသဖြင့် ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူနိုင်ခြင်း၊ အကျိုးရရှိလာကြောင်း သိရသည်။

"ကျွန်တော်ကြက်မွေးတာ ၂၀၁၃ ခုနှစ်ကစပါတယ်။ မန္တလေးမြို့ လူငယ်မွေးမြူရေးခြံက ကြက်အကောင်ရေ ၅၀၀ ဝယ်ယူပြီး စတင်မွေးတာပါ။ ငါးလအကြာမှာ စတင်ဥပါတယ်။ အခုဆိုရင် တစ်ရက်ကို ကြက်ဥအလုံးရေ ၃၅၀ လောက်ရပါတယ်။ အစာဖိုး၊ ဆေးဖိုးနုတ်ပြီးတော့ တစ်လမှာ နှစ်သိန်းလောက်ဝင်ငွေရှိပါတယ်"ဟု ဥစားကြက်မွေးမြူသူ တစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်သည် ချင်းပြည်နယ် နယ်စပ်ရှိ မြို့တစ်မြို့ဖြစ်၍ လမ်းပန်းဆက်သွယ်မှုခက်ခဲခဲ့သော်လည်း ယခုအခါတွင် နိုင်ငံတော်မှ နယ်စပ်ဒေသ ကျေးရွာများပါမကျန် ကျေးရွာချင်းဆက် မြို့တက်လမ်းများဖောက်လုပ်လျက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေး ဆောင်ရွက်ပေးထားသဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် အိမ်တွင်းမှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေး၊ မြစိမ်းရောင်စီမံကိန်း ကျေးရွာများ၊ သမဝါယမချေးငွေများ စသည်ဖြင့် အားပေးကူညီလျက်ရှိသဖြင့်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပေါ်ပေါက်လာသဖြင့်လည်းကောင်း ဒေသနေပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိနေကြကြောင်း သိရသည်။ (၁၀၁)



# ဇီဒန်းသည် ရီးရဲမက်ဒရစ်အသင်း နည်းပြအဖြစ် တာဝန်ယူရန် အဆင်သင့်ရှိနေကြောင်း အန်ဆယ်လော့တီပြောဆို




စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း အရန်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူ ဇီဒန်းသည် ရီးရဲမက်ဒရစ် ပထမအသင်းကြီး၏ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အဆင်သင့်အနေအထားတွင် ရှိနေပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်းနည်းပြဟောင်း ကားလို့စ်အန်ဆယ်လော့တီက ထောက်ခံပြောဆိုလိုက်သည်။

နည်းပြ အန်ဆယ်လော့တီသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်း၏ နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ပြင်သစ်ကစားသမားဟောင်း ဇီဒန်းသည် ၂၀၁၃-၁၄ ခုနှစ် ဘောလုံးရာသီ၌ အန်ဆယ်လော့တီ၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် နောက်ဆုံးကစားခဲ့သော စပိန်လီဂ်ပွဲနှစ်ပွဲဖြစ်သည့် ဆီဗီလာ၊ ဘာစီလိုနာတို့နှင့်ပွဲများတွင် ရှုံးပွဲများ ဆက်တိုက်ကြုံတွေ့ခဲ့ရပြီးနောက် ရီးရဲအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အပေါ် ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်ကမူ ဘာစီလိုနာအသင်းကို အိမ်ကွင်း၌ ၄-၀ ဖြင့် အရေးနိမ့်ခဲ့သော စပိန်လီဂ်ပွဲအပြီးတွင် သူ့အနေဖြင့် နည်းပြ ဘင်နီတက်ဇ်အပေါ် ထောက်ခံမှုရှိကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

အီတလီလူမျိုး နည်းပြ အန်ဆယ်လော့တီက "ဇီဒန်းဟာ ကစားသမားဘဝမှာ အံ့အားသင့်လောက်စရာ မှတ်တမ်းကောင်းမျိုး ပိုင်ဆိုင်နိုင်ခဲ့သူဖြစ်ပါတယ်။ ဒီအချက်က နည်းပြကောင်းတစ်ဦးဖြစ်လာဖို့ ကြိုတင်ပြင်ဆင်မှုတစ်ခုလို့ ပြောရမှာပါ။ ဇီဒန်းဆီမှာ နည်းပြကောင်းတစ်ဦးဖြစ်လာနိုင်တဲ့ အရည်အချင်းတွေရှိနေပါတယ်။ မကြာမီကာလအတွင်းမှာ သူဟာ ရီးရဲမက်ဒရစ်၊ ဒါမှမဟုတ် အခြားအသင်းတစ်သင်းရဲ့ နည်းပြဖြစ်လာပါလိမ့်မယ်။

လက်ရှိအချိန်က ရီးရဲမက်ဒရစ်အသင်းနည်းပြအဖြစ် ဇီဒန်းတာဝန်ယူဖို့ သင့်တော်တဲ့အချိန်ဖြစ်နေပြီလားလို့ မေးလာမယ်ဆိုရင်တော့ ကျွန်တော်က ဒီလိုပဲထင်တယ်လို့ ဖြေဆိုမှာပါ။ ရီးရဲအသင်းကို ကျွန်တော်ရောက်ရှိလာချိန်မှာ ဇီဒန်းဟာ ကျွန်တော့်ကို အကူအညီအများကြီးပေးခဲ့ပါတယ်။ ဇီဒန်းဟာ ဘင်ဇီမာ၊ ဗာရာနီတို့နဲ့လည်း ဆက်ဆံရေးကောင်းရှိသူပါ။ ဇီဒန်းရဲ့ ပြောဆိုမှုတွေကိုလည်း ကစားသမားတွေက နားထောင်ကြပါတယ်။ နည်းပြတစ်ဦးအတွက် အရေးအကြီးဆုံးအချက်တစ်ခုက နည်းပြရဲ့စကားကို ကစားသမားတွေ နားထောင်ကြဖို့ပါ။ နည်းပြက ကစားမယ့် နည်းစနစ်တွေအကြောင်း ပြောပြနေချိန်မှာ ကစားသမားတွေက နားမထောင်ကြဘူးဆိုရင် ဘယ်လိုမှ အလုပ်မဖြစ်နိုင်ပါဘူး"ဟု ပြောသွားသည်။

ဇီဒန်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရီးရဲတွင် ပါဝင်ကစားခဲ့ပြီး ရီးရဲနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား တစ်ကြိမ်၊ စပိန်လီဂါဆုဖလားတစ်ကြိမ် အပါအဝင် ဆုဖလားပေါင်း ခြောက်လုံးရရှိခဲ့သူဖြစ်သည်။

**အောင်က**

## ရော်နယ်ဒိုအားရောင်းချမည်ဆိုသည့် သတင်းများကို ရီးရဲအသင်းဥက္ကဋ္ဌ ပီရက်ဇ်ငြင်းဆို

ရီးရဲမက်ဒရစ်အသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်း၏အဓိကတိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ရောင်းချသွားရန် စီစဉ်နေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို

ရီးရဲအသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်က ငြင်းဆိုလိုက်သည်။ အသက် ၃၀ နှစ်အရွယ်ရှိ ပေါ်တူဂီကစားသမား ရော်နယ်ဒိုအား ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသကဲ့သို့ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း မန်ယူအသင်းနည်းပြ

လူးဝစ်ဗန်ဟားလ်က မန်ယူကစားသမားဟောင်း ရော်နယ်ဒိုအား မန်ယူသို့ ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားမှုရှိကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်းဘာနေဗျူး၌ အဓိကပြိုင်ဘက် ဘာစီလိုနာ အသင်းအား ဂိုးပြတ်အရေးနိမ့်ခဲ့ရသော ပွဲအပြီးတွင် အကောင်းဆုံး ခြေစွမ်းပုံစံ ပြသနိုင်ခဲ့ခြင်းမရှိသူ ရော်နယ်ဒိုအား ပွဲအပြီးတွင် ရီးရဲမက်ဒရစ်အသင်းပရိသတ်များက အော်ဟစ်လှောင်ပြောင်မှုများ ပြုလုပ်ခဲ့သည်။ ရော်နယ်ဒိုနှင့် ရီးရဲမက်ဒရစ်အသင်းတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၈ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

ဥက္ကဋ္ဌ ပီရက်ဇ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် "ကျွန်တော်ဟာ ရော်နယ်ဒိုကို ရောင်းချသွားဖို့ ဆန္ဒရှိနေတယ်လို့ ဘယ်သူကများ ပြောပါသလဲ။ ရီးရဲမက်ဒရစ်အသင်းရဲ့ အစည်းအဝေးတွေမှာ ကျွန်တော်က ရော်နယ်ဒိုကို ရောင်းချသွားဖို့နဲ့ ပတ်သက်ပြီး ဂရုစိုက် လုပ်ဆောင်နေတယ်လို့ မီဒီယာသမားတွေရဲ့ ပြောဆိုမှုတွေက

ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ ရော်နယ်ဒိုကို ရောင်းချရေးနဲ့ပတ်သက်ပြီး ကျွန်တော်ဟာ ဘယ်တုန်းကမှ ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ ဒါမှမဟုတ် ရော်နယ်ဒိုရဲ့ အေးဂျင့်တို့နဲ့အတူ ညစာစားရင်းဆွေးနွေးတာမျိုးလည်း မရှိခဲ့ပါဘူး"ဟု ပြောသွားသည်။

ရော်နယ်ဒိုသည် ရီးရဲအသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်နေသည်ဆိုသည့် သတင်းများနှင့်ပတ်သက်၍လည်း ဥက္ကဋ္ဌ ပီရက်ဇ်က "ရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်း နည်းပြတွေ အပါအဝင် ဘယ်သူနဲ့မှ ဆန့်ကျင်ဘက်ပြောဆိုတာမျိုး မရှိပါဘူး။ ကျွန်တော်ဟာ ရော်နယ်ဒိုနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းအမှား တွေကို နေ့တိုင်းရှင်းနေရပါတယ်"ဟု ပြောသွားသည်။

ရော်နယ်ဒိုသည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ၁၆ ပွဲ ပါဝင်ကစားထားပြီး ၁၃ ဂိုး သွင်းယူပေးထားသူဖြစ်သည်။







>> ရှေ့ဖုံးမှ

ကော်တင်ညိုရဲ့ ခြေစွမ်းတွေဟာ ပြီးခဲ့တဲ့ရာသီတွေကတည်းက တိုးတက်မှုရှိနေခဲ့တာကြောင့် ဥရောပအသင်းတွေကလည်း စောင့်ကြည့်နေခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လတွေကတောင် ဘာစီလိုနာအသင်းကနေ ခေါ်ယူဖို့အတွက် ကင်းထောက်တွေလွှတ်ထားတာကြောင့် လာမယ့်အပြောင်းအရွှေ့ရာသီတွေမှာ အပြင်းအထန်ခေါ်ယူခြင်း ခံရဖွယ်ရှိနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ကော်တင်ညိုရဲ့ လက်ရှိအသက်ဟာ ၂၃ နှစ်သာရှိနေသေးတာကြောင့် ကစားသမားတစ်ဦးဘဝမှာတော့ အကောင်းဆုံးအသက်အရွယ်လို ပြောနိုင်ပြီး တိုးတက်မှုတွေလည်း ရရှိနိုင်သေးတဲ့အရွယ်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးအသင်းဟာ နည်းပြဂျာဂျင်ကလော့ရဲ့ လက်အောက်မှာ တိုးတက်မှုတွေရှိနေတဲ့ အသင်းလည်းဖြစ်ပါတယ်။ အခုလို တိုးတက်မှုတွေရှိနေရတဲ့ အဓိကအကြောင်းကတော့ ကော်တင်ညိုကို ဗဟိုကွင်းလယ်တိုက်စစ်နေရာမှာ အဓိကကစားစေခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် အသင်းရဲ့တိုက်စစ်ပိုင်းမှာ ဖာမီနိုနဲ့အတူ အကောင်းဆုံးတွဲဖက်ကစားစေခဲ့ပါတယ်။ ဒါကြောင့်လည်း ကော်တင်ညိုဟာ မန်စီးတီးအသင်းနဲ့ပွဲမှာ ဖာမီနိုကိုဂိုးရရှိအောင် ပံ့ပိုးပေးနိုင်ခဲ့ပြီး ကော်တင်ညို ဂိုးရရှိအောင်လည်း ဖာမီနိုက ပံ့ပိုးပေးနိုင်တာဖြစ်ပါတယ်။ အမြန်ကစား၊ အမြန်ဖျက်ကစားကွက်ဟာ မန်စီးတီးအသင်းနဲ့ပွဲမှာတော့ လီဗာပူးအသင်းအလုပ်ဖြစ်ခဲ့တယ်လို့ ပြောရမှာပါ။

ဒါကြောင့် လက်ရှိအချိန် ပရီမီယာလိဂ်ကို ကြည့်မယ်ဆိုရင်တော့ ကော်တင်ညိုဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအနေနေနဲ့ ပေါ်ထွက်လာတာလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဂိုးတွေ ၁၀ ပွဲဆက်တိုက်သွင်းယူနေတဲ့ လက်စတာတိုက်စစ်မှူး ဗာဒီဟာ ပရီမီယာလိဂ် ထိပ်တန်းနေရာမှာ ထားရမယ်ဆိုရင်တော့ နည်းစနစ်ပိုင်းအရကြည့်ပြီး ပြောရမယ်ဆိုရင်တော့ ကော်တင်ညိုကလည်း ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ သူဟာ လက်ရှိအချိန်မှာတော့ အကောင်းဆုံး ဘောလုံးပေးပို့နိုင်သူ၊ အခွင့်အရေးဖန်တီးပေးနိုင်သူ၊ နည်းစနစ်ပိုင်း ကောင်းမွန်သူလို့ပြောရမှာပါ။ သူဟာ လျင်မြန်စွာနဲ့ကစားနိုင်သလို အခွင့်အရေးတွေနဲ့ ဂိုးတွေရအောင်လည်း သွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိပရီမီယာလိဂ်မှာတော့ ကော်တင်ညိုဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကွင်းလယ်တိုက်စစ်မှူးအဖြစ်တောင် သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအခြေအနေတွေအရ ပြောရမယ်ဆိုရင်တော့ ကော်တင်ညိုဟာ ပရီမီယာလိဂ်ကနေ ကျောခိုင်းရဖို့တောင်ရှိနေပါတယ်။ အဲ့ဒါကတော့ လက်ရှိလီဗာပူးရဲ့ အခြေအနေနဲ့ယှဉ်ရင် အများကြီးကွာခြားနိုင်တဲ့ ထိပ်တန်းအသင်းကြီးတွေက စိတ်ဝင်စားနေလို့ဖြစ်ပါတယ်။ အဓိကကတော့ ကမ္ဘာ့ထိပ်တန်းအသင်းကြီးဖြစ်တဲ့ ဘာစီလိုနာလိုအသင်းကြီးက စိတ်ဝင်စားနေတာကြောင့်လည်းဖြစ်ပါတယ်။ ဘာစီလိုနာဟာ ကော်တင်ညိုရဲ့ အရည်အသွေးနဲ့ နည်းစနစ်ပိုင်းတွေကို နှစ်သက်တာကြောင့် ခေါ်ယူဖို့ ပြင်ဆင်နေခြင်းလည်းဖြစ်ပါတယ်။ ဘောလုံးလောကမှာ အနာဂတ်ဆိုတာဟာ ကြိုတင်မသိနိုင်တာကြောင့် ဘာမဆိုဖြစ်နိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ကော်တင်ညိုဟာ အသင်းနဲ့လည်း စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ကိုလည်း ဆွေးနွေးညှိနှိုင်းမှုတွေရှိတာကြောင့် အသင်းမှာပဲ ဆက်လက်ရှိနေနိုင်ပါတယ်။

ဒ့ါအပြင် လီဗာပူးအနေနဲ့ ဒီနှစ်ရာသီကုန်မှသာ ပရီမီယာလိဂ်ထိပ်တန်းလေးသင်းဝင်ရောက်ခဲ့မယ်၊ ဒါမှမဟုတ် အဲဒီထက်ကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိခဲ့မယ်ဆိုရင်တော့ ကော်တင်ညိုရဲ့ကြိုးစားမှုတွေကြောင့်လို့လည်း ဆိုရမှာပါ။ ဒါတင်မကပါဘူး။ ကော်တင်ညိုအနေနဲ့ လက်ရှိခြေစွမ်းအတိုင်းသာ ဆက်လက်ကစားသွားမယ်ဆိုရင်တော့ ဂိုးတွေဆက်လက်သွင်းယူနိုင်ပြီး ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခံရဖို့တောင် ရှိနေနိုင်ပါတယ်။

အခုလို ကော်တင်ညိုရဲ့ ခြေစွမ်းကောင်းမွန်လာမှုတွေဟာ နည်းပြသစ်ဂျာဂျင်ကလော့ရဲ့ အားပေးမှုတွေနဲ့အတူ ပိုမိုကစားခွင့်ရရှိနိုင်ဖို့အတွက် အခွင့်အရေးတွေပေးခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းတွေကိုကြည့်မယ်ဆိုရင်တော့ ကော်တင်ညိုဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ကွင်းလယ်တိုက်စစ်မှူးတစ်ဦးဖြစ်တယ်ဆိုတာကိုတော့ ဘယ်သူကမှ ငြင်းနိုင်မှာမဟုတ်ပါဘူး။

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၁၄)ကို လာမယ့် နိုဝင်ဘာ ၂၈၊ ၂၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ ပွဲစဉ်(၁၃)အပြီး အမှတ်ပေးဇယားမှာ ထိပ်ဆုံးရောက်ရှိလာတဲ့ လက်စတာဟာ ဒုတိယနေရာကမန်ယူနဲ့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့တစ်မျိုးတစ်ဖုံကောင်းမွန်နေပါတယ်။



## လက်စတာ VS မန်ယူ

DATE - 29 NOVEMBER | KICK-OFF - 00:00 | GAME WEEK - 14

ဒီပွဲက ပရီမီယာလိဂ် ပွဲစဉ်(၁၄)မှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေအနက် စိတ်ဝင်စားဖို့ အကောင်းဆုံးပွဲစဉ်တစ်ပွဲလို ဖြစ်နေပါတယ်။ ဒီပွဲဟာ အသင်းကြီးနှစ်သင်းထိပ်တိုက်ဆုံတွေ့တဲ့ ပွဲစဉ်တစ်မျိုးမဟုတ်ပေမယ့်လည်း အမှတ်ပေးဇယားထိပ်ဆုံးကို ရောက်ရှိလာတဲ့ လက်စတာအတွက် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် အရေးပါတဲ့ ပွဲစဉ်တစ်ခုလည်း ဖြစ်နေပါတယ်။ အထူးသဖြင့် လက်စတာတိုက်စစ်မှူး ဂျိမ်းစ်ဗာဒီဟာ ပြီးခဲ့တဲ့ နယူးကာဆယ်နဲ့ပွဲမှာ ဂိုးသွင်းယူနိုင်မှုနဲ့အတူ ပရီမီယာလိဂ်မှာ နစ္စတဲလ်ရွိုင်းတင်ထားတဲ့ ၁၀ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်မှုစံချိန်နဲ့ တူညီသွားခဲ့သလို တကယ်လို့ ဒီမန်ယူနဲ့ပွဲမှာပါ ဂိုးထပ်မံသွင်းယူနိုင်ရင် ဗာဒီဟာ နစ္စတဲလ်ရွိုင်းရဲ့စံချိန်ကို ကျော်လွန်နိုင်မှာဖြစ်သလို ပရီမီယာလိဂ်မှာ မရှိသေးတဲ့စံချိန်သစ်ကိုပါ ရရှိသွားမှာဖြစ်ပါတယ်။ တကယ်တော့ နစ္စတဲလ်ရွိုင်းဟာ မန်ယူတိုက်စစ်မှူးဟောင်းဖြစ်ပြီး အဆိုပါစံချိန်ကိုလည်း မန်ယူမှာကစားခဲ့တုန်းက ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဗာဒီအနေနဲ့ မန်ယူဘက်ကိုဂိုးသွင်းပြီး မန်ယူတိုက်စစ်မှူးဟောင်းတင်ထားတဲ့ စံချိန်တစ်ခုကို ကျော်လွှားနိုင်ကာ လက်စတာကိုလည်း ပရီမီယာလိဂ်ထိပ်ဆုံးမှာ ဆက်လက်တည်မြဲဖို့ ကူညီနိုင်မှာလားဆိုတာ အရာအားလုံးထက်စိတ်ဝင်စားဖို့ ပိုမိုကောင်းမွန်နေပါတယ်။ လက်ရှိအချိန်မှာတော့ လက်စတာဟာ ခြေစွမ်းပိုင်းတည်ငြိမ်နေပါတယ်။ အထူးသဖြင့် မန်ယူရဲ့ ကွင်းလယ်ကစားပုံက တည်ငြိမ်မှုအပြည့်ရှိတာကြောင့် လက်စတာတို့ မန်ယူကို အသာရဖို့ဆိုတာတော့ ခက်ပါတယ်။ လက်စတာတို့အိမ်ကွင်းမှာနိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာ ဖြစ်ပေမယ့်လည်း မန်ယူရဲ့တုံ့ပြန်မှုကို ခံရနိုင်ပါတယ်။ လက်စတာအမြင့်ဆုံးသရေပဲရမယ်။

## ဝက်စ်ဟမ်း VS ဝက်စ်ဘရွန်း

စပါးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့အတွက်ကြောင့် ဝက်စ်ဟမ်းနိုင်ပွဲပြန်ရှာမှာသေချာတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ကစားပုံက ကျဆင်းမှုရှိနေသလို ဝက်စ်ဘရွန်းရဲ့ တုံ့ပြန်ကစားပုံကလည်း ကောင်းမွန်မှုရှိတယ်။ ဝက်စ်ဟမ်းတို့ ဒီပွဲစဉ်မှာလည်း ခက်ခဲမှုတွေနဲ့ ကြုံတွေ့ရနိုင်ပြီး အနိုင်ရမယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့မလွယ်ဘူး။

## နော့ဝှစ်ချ် VS အာဆင်နယ်

နော့ဝှစ်ချ်က ရလဒ်မငြိမ်ပေမယ့် မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ကို ကပ်ရှုံးရှုံးသာ ရှုံးခဲ့ပြီး ဆွမ်ဆီးကို နိုင်ခဲ့တာကြည့်ရင် ကစားပုံ မဆိုးဘူးလို့ ပြောနိုင်တယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း နှစ်ပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် ဒီပွဲမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။ ဒါကြောင့် ဒီပွဲစဉ်တော့ အာဆင်နယ်ပဲကပ်ပြီး အနိုင်ရသွားမှာပါ။

## လီဗာပူး VS ဆွမ်ဆီး

မန်စီးတီးကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲမှာ လီဗာပူးရဲ့ အသင်းလိုက် ကစားပုံရော တိုက်စစ်ပိုင်းကပါ အားကောင်းမှုရှိတယ်။ အိမ်ကွင်းလည်းဖြစ်လို့ နိုင်ပွဲဆက်အောင် အားစိုက်လာမှာ ဖြစ်သလို ဆွမ်ဆီးခြေကလည်း အကျဘက်ရောက်နေတယ်။ လီဗာပူးပဲနိုင်ပွဲဆက်မယ်။

## ဆန်းဒါးလန်း VS စတုတ်

ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းမတည်ငြိမ်ဘူး။ အထူးသဖြင့် ခံစစ်ပိုင်းကအားနည်းမှုတွေများတယ်။ စတုတ်က တိုက်စစ်ပိုင်းအနည်းငယ် အားနည်းပေမယ့် အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိတယ်။ အထူးသဖြင့် ခံစစ်က နောက်ဆုံးသုံးပွဲဆက် ဂိုးမပေးရတဲ့အထိ ကျစ်လျစ်မှုရှိလို့ ဆန်းဒါးလန်းအိမ်ကွင်းအားကို ထိန်းချုပ်နိုင်မှာပါ။ စတုတ်ပဲကပ်နိုင်မယ်။

## အက်စ်တွန်ဗီလာ VS ဝက်ဖို့ဒ်

ဝက်ဖို့ဒ်က ရလဒ်ပိုင်းတည်ငြိမ်မှုမရှိဘူး ဆိုပေမယ့် အသင်းလိုက်တုံ့ပြန်ကစားပုံ ကောင်းမွန်မှုရှိသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိတယ်။ အက်စ်တွန်ဗီလာကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိပါဘူး။ ဒါပေမယ့် အက်စ်တွန်ဗီလာက အိမ်ကွင်းမှာ အမှတ်ရဖို့ အားစိုက်လာမှာကိုတော့ သတိပြုရမယ်။ သရေကျဖို့များပါတယ်။

## ဘုန်းမောက် VS အဲဗာတန်

ဒီရာသီမှာ အဲဗာတန်ရဲ့ ခြေစွမ်းပိုင်းက အထူးကောင်းမွန်နေပါတယ်။ အသင်းလိုက်ကစားပုံ မျှတမှုရှိသလို လူကာကူခြေစွမ်းပြနေလို့ တိုက်စစ်ကလည်း ထက်မြက်တယ်။ ဘုန်းမောက်ကတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းသာမန်သာရှိသလို ခံစစ်ကလည်း တည်ငြိမ်မှုမရှိတဲ့အတွက် အဲဗာတန်ကို ထိန်းဖို့ခက်မယ်။ အဲဗာတန်ပဲ အနိုင်ရမယ်။

## ခရစ္စတဲလ်ပဲလေ့စ် VS နယူးကာဆယ်

ခရစ္စတဲလ်ပဲလေ့စ်ရဲ့ ခြေစွမ်းကသာမန်သာ ရှိတာမှန်တယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာတော့ နိုင်ပွဲရရှိရေးအတွက် အမှားအယွင်းအဖြစ်ခံမှာ မဟုတ်သလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားမှာပါ။ အထူးသဖြင့် ကာဆယ်ရဲ့ ခြေစွမ်းကအားနည်းမှုတွေများသလို အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းအားနည်းတတ်တယ်။ ပဲလေ့စ်ပဲနိုင်ပွဲရမယ်။

## မန်စီးတီး VS ဆောက်သမ်တန်

မန်စီးတီးက ပွဲဆက်တွေများနေသလို အခုနောက်ပိုင်းမှာလည်း အဓိကကစားသမားအချို့ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမယ့် မန်စီးတီးက နှစ်ပွဲတိတိ အနိုင်ပျောက်ဆုံးခဲ့တာကြောင့် အားစိုက်ကစားလာမှာ သေချာတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာလည်း ဆောက်သမ်တန်ခြေက အကျဘက်ရောက်နေတယ်။ မန်စီးတီးပဲနိုင်ပွဲရသွားမှာပါ။

## စပါး VS ချယ်လ်ဆီး

နော့ဝှစ်ချ်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့် အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးဟာ ထင်သလောက် ခြေစွမ်းပြသနိုင်မှု မရှိဘူး။ တိုက်စစ်ကလည်း ဂိုးသွင်းခြေပုံမှန်မရှိတာတွေ့ရတယ်။ စပါးကတော့ ဝက်စ်ဟမ်းနဲ့ပွဲစဉ်မှာ ကစားပုံကောင်းမွန်ခဲ့သလို ကွင်းလယ်နဲ့ထိုးဖောက်ကစားပုံအားကောင်းမှုရှိတယ်။ ချယ်လ်ဆီးဒီပွဲစဉ်မှာ သရေထက်ပိုမရနိုင်ဘူး။



## လင်ဂတ်အား အင်နီယေစတာနှင့်နှိုင်းယှဉ်၍ မန်ယူလက်ထောက်နည်းပြဟောင်း မီယူလန်စတင်း ချီးကျူး

မန်ယူအသင်း လက်ထောက် နည်းပြဟောင်း ရီနီမီယူလန်စတင်းက မန်ယူအသင်း လူငယ်ကွင်းလယ် ကစားသမား ဂျီဆီလင်ဂတ်အား စပိန်နှင့် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အင်နီယေစတာနှင့် နှိုင်းယှဉ်ကာ ချီးကျူးပြောဆိုလိုက်သည်။



မန်ယူလူငယ်ကစားသမားဟောင်း လင်ဂတ်သည် ၂၀၁၂ ခုနှစ်တွင် မန်ယူပထမအသင်းကြီး၌ စတင်ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင် မန်ယူအသင်းအတွက် စုစုပေါင်း ကိုးပွဲ ပါဝင်ကစားထားကာ ပြီးခဲ့သည့် နိုဝင်ဘာ ၇ ရက်တွင် မန်ယူအသင်းက အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ဝက်စ်ဘရွန်းအသင်းကို ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအတွက် ပထမဆုံး သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လင်ဂတ်သည် ယခုနှစ် ဘောလုံးရာသီ တွင် မန်ယူအတွက် ရှစ်ပွဲပါဝင်ကစားထားပြီး ပွဲထွက်ကစားသမားအဖြစ် ငါးပွဲပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ဟော်လန်လူမျိုးနည်းပြ မီယူလန်စတင်းက "ကျွန်တော့်အမြင်မှာတော့ လင်ဂတ်ဟာ အင်္ဂလန်ရဲ့ အင်နီယေစတာပါပဲ။ လင်ဂတ်အနေနဲ့ အခုထက်တိုးတက်လာဖို့ အများကြီးကြိုးစားရဦးမှာ ဖြစ်ပေမယ့် သူ့ကို အင်နီယေစတာလို ကစားသမားမျိုးအဖြစ် ကျွန်တော်ယူဆထားပါတယ်"ဟု ပြောသွားသည်။ အသက် ၅၁ နှစ်အရွယ်ရှိ မီယူလန်စတင်းသည် မန်ယူအသင်း၏ လူငယ်အသင်းနည်းပြ၊ အရန်အသင်းနည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးကာ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မန်ယူအသင်း၏ လက်ထောက် နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ မန်ယူအသင်းတာဝန်ရှိသူများသည် လာမည့်ခရစ္စမတ်ကာလအတွင်းတွင် လူငယ်ကစားသမား လင်ဂတ်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရေး ဆွေးနွေးသွားရန် လင်ဂတ်နှင့်သူ၏ ကိုယ်စားလှယ်များကို လာမည့်သီတင်းပတ်အတွင်း ဖိတ်ခေါ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။